www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
တြိစဏ္ဍ
ရွှေစေတီ ငွေစေတီ/တြိစဏ္ဍ။ –ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၆။
၂၅၀ – စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) တြိစဏ္ဍ

ဖြန့်ချိရေး/ အောင်မြင်စာပေ၊ ပထမအကြိမ် ၂၀၁၆ ခုနှစ် ဇွန်လ၊ အုပ်ရေ(၅၀၀)။



# တြိစဏ္ဍ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ဒုက္ခဟုသော မှတ်ကျောက်များသည်
  လူတစ်ယောက်၏ အရည်အချင်းကို စမ်းသပ်ပေးသလို
  အပေါင်းအသင်းများကိုလည်း
  စိစစ်ရွေးချယ်ပေးနိုင်ပါတယ်။

- ပျားသည် ပန်းပွင့်အလှထက်
  ဝတ်ရည်ကိုသာ အလိုရှိသည်။
  လူက ဝတ်ရည်ထက်
  ပန်းပွင့်အလှကိုသာ ပို၍နှစ်သက်သည်။
  အချိန်တန်၍ ပန်းပွင့်ညှိုးသောအခါ
  ဝတ်ရည်က ပျားရည်အဖြစ်နှင့် ကျန်ခဲ့ပေ၏။

- အစားအသောက် မဝလျှင်
  စိတ်အလိုမကျဖြစ်တတ်သည်။
  မေတ္တာမပြည့်ဝလျှင်တော့ ဘဝတစ်လျှောက်လုံး
  စိတ်တိုင်းမကျမှုများဖြင့်သာ ကြုံတွေ့ရတတ်သည်။

# ဒဿနလက်ဆောင်

- သင်ကိုယ်တိုင် ရိုးသားဖြူစင်စွာနေပါ၊
  တစ်ကမ္ဘာလုံးအတွက် မကောင်းနိုင်သော်လည်း
  သင့်အတွက်တော့
  သေချာသော ကောင်းမှုတစ်ခု ရနေပါလိမ့်မည်။

- ချစ်ခြင်းမေတ္တာကိုတော့
  အတော်များများ သိကြပါတယ်၊
  အတုအစစ် လှည့်ဖျားခြင်းများနဲ့
  တန်ဖိုးထားရကောင်းမှန်း မသိတာတော့ များပါတယ်။

- အချစ်ရဲ့ လောင်ကျွမ်းခြင်းဟာ
  ဖယောင်းတိုင်မီးလို
  အကန့်အသတ်နဲ့ တောက်လောင်တာမျိုး မဟုတ်ပါဘူး၊
  အချိန်အကန့်အသတ်မရှိ
  တမြေ့မြေ့နဲ့ လောင်ကျွမ်းတတ်တာမျိုးပါ။

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ လူတစ်ယောက်နဲ့တစ်ယောက်
အချစ်နဲ့ပတ်သက်ရင် အယူအဆချင်း မတူနိုင်ဘူး၊
တူညီတာတစ်ခုတော့ ရှိပါတယ်။
အချစ်ကြောင့် စိုးရိမ်သောက ရောက်ခြင်းပါပဲ။

❖ အချစ်ဆိုတာ ခံစားဖို့သက်သက် မဟုတ်ပါဘူး၊
ဘဝအတွက် အထောက်အပံ့ရစေတဲ့
ခွန်အားတစ်ခုအနေနဲ့သော်လည်းကောင်း
ဘဝလက်တွဲဖော်အနေနဲ့သော်လည်းကောင်း
အသုံးပြုသင့်ပါတယ်။

❖ အစားသောက် စားသည့်အခါ
သံသယစိတ်ဖြင့်ကြည့်ပြီး စားသောက်ပါ၊
ကုသိုလ်ကောင်းမှုပြုသောအခါ
သံသယတင်းစွာနှင့် အကန့်အသတ်မရှိ
ပြုလုပ်ဆောင်ရွက်သင့်ပါတယ်။

# ဒဿနလက်ဆောင်

❖ မည်သည့်အရာမဆို
အသုံးမပြုပဲ ပျက်စီးရခြင်းထက်
အသုံးပြုလွန်းသဖြင့် ပျက်စီးရခြင်းက
ပိုကောင်းပါတယ်။

❖ မိတ်ဆွေသည် လက်တွဲထားသောအချိန်၌
အကူအညီရနိုင်ပေသည်။
အဆင်မပြေသဖြင့် လက်တွဲဖြုတ်သောအခါ
ရန်သူထက်ပိုပြီး အန္တရာယ်ပေးနိုင်ကြသည်။

❖ အောင်မြင်သော လုပ်ငန်းတစ်ခု၏
အခက်ခဲဆုံးအပိုင်းမှာ
အစပျိုးခြင်းပင် ဖြစ်ပါတယ်၊
တစ်ကမစနိုင်ပါက
တစ်ဆယ်ရနိုင်မည် မဟုတ်ပါချေ။


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းတွင်ပါဝင်သောအခန်းများ


အခန်း(၁) ကိုးနဝင်းကြေသည့်နေရာများ
အခန်း(၂) ရှင်ပါလသိုက်ကုန်းနေရာ
အခန်း(၃) သိုက်ကုန်းနေရာမှဆန်းကြယ်မှုများ
အခန်း(၄) နီမောင်နှင့်ကပ္ပိယကြီးဦးဖန်ကောင်း
အခန်း(၅) အယူတော်မင်္ဂလာနှင့်အတိတ်နိမိတ်ကောက်ယူပုံများ
အခန်း(၆) ပရလောကသားတို့မာယာ
အခန်း(၇) ဂျပန်အမျိုးသမီးတစ်ဦးနှင့်ထူးခြားဆန်းကြယ်မှုများ
အခန်း(၈) မြနှင်းဖြူနှင့်ဘဝဆက်ရှိသူများ
အခန်း(၉) သိုက်ကုန်းနေရာအားဝယ်ယူကြခြင်း
အခန်း(၁၀) လောကီပညာ(၆၄)ရပ်
အခန်း(၁၁) ရွှေစေတီငွေစေတီတို့နှင့်ဆက်စပ်မှုများ
အခန်း(၁၂) လောဘသားတို့ကံကြမ္မာ
အခန်း(၁၃) မျက်ဝန်းမှာအပြုံးနှလုံးသားမှာအဖြေ
အခန်း(၁၄) ပုဂံသို့ခရီးထွက်ကြရခြင်း
အခန်း(၁၅) အ.သု.ခအဖြေနှင့်ရွှေစေတီ
အခန်း(၁၆) ဝိဇ္ဇာကပ္ပလွေနှင့်ရန်သတ္တရုတေးသံ
အခန်း(၁၇) ရွှေစေတီငွေစေတီ




## ကိုးနဝင်းကြေသည့်နေရာများ

စစ်ကိုင်းမြို့တည်ရှိရာ စစ်ကိုင်းတိုင်းဒေသသည် ရှေးမြန်မာမင်းများ၏ နေပြည်တော်ဖြစ်သော စစ်ကိုင်း၊ ပင်းယ၊ အင်းဝ စသည့်မြို့တော်ဟောင်းများရှိသောကြောင့် လူသိများထင်ရှားသောနေရာဒေသတစ်ခုဖြစ်သည်။

ထိုမြို့ဟောင်းနေရာများနှင့် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးများတွင် ရှေးမင်းအဆက်ဆက်တို့ တည်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော တန်ခိုးကြီးဘုရားစေတီများလည်း ပေါများလှသည်။

စစ်ကိုင်းတောင်ရိုးမြောက်ဖက်၊ မန္တလေးမြို့အထက် တစ်ဖက်ကမ်းရှိ မင်းကွန်းစေတီတော်ကြီးမှာ ကမ္ဘာ့ပေါ်ရှိ အုတ်ဖြင့်ဆောက်လုပ်ထားသော အကြီးဆုံးအဆောက်အအုံများတွင် အပါအဝင်ဖြစ်သည်။

ဘုရားကြီး၏မြောက်ဖက်၌ရှိသော မင်းကွန်းခေါင်းလောင်းကြီးမှာလည်း ကမ္ဘာပေါ်ရှိချိတ်ဆွဲထားသော ခေါင်းလောင်းများတွင် အကြီးဆုံးစာရင်းဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စေတီပုထိုးပေါများသော နေရာအတော်များများရှိရာ စစ်ကိုင်းတောင်ရိုးမှာ ထင်ရှားသောနေရာတွင် ပါဝင်လေသည်။

ပုဂံမြို့နှင့်ပတ်ဝန်းကျင်တဝိုက် စေတီပုထိုးများစွာ ရှိသော်လည်း ရဟန်းများ၊ သူတော်စင်များ၊ သီလရှင်တို့ သီတင်းသုံးနေထိုင်ရာနေရာမှာ စစ်ကိုင်းတောင်ရိုးလောက် မများပေ။

"သာယာဝိုင်း စစ်ကိုင်းတည်" ဟူသောစာအတိုင်း မြန်မာသက္ကရာဇ် (၆၈၄)ခုနှစ်တွင် အသင်္ခယာစောယွန်းသည် စစ်ကိုင်းမြို့နေရာတွင် ဇေယျာပူရ(အောင်မြို့)အမည်ဖြင့် စတင်တည်ထောင်ခဲ့လေသည်။

စစ်ကိုင်းတောင်ရိုးမှာ သစ်တော၊ ဝါးတောများတို့က နေရာမလပ်ရှိနေသောကြောင့် မှိုင်းညို့နေသဖြင့် သူတော်စင်တို့ခိုအောင်းရာ နေရာကောင်းတစ်ခု ဖြစ်ခဲ့လေသည်။





စစ်ကိုင်းတောင်ရိုးပေါ်မှာ သာမန်လူတို့နေထိုင်မှု နည်းပါးပြီး ရဟန်းများ သူတော်စင်များ တရားကျင့်သုံးရာ ဂူ၊ ကျောင်း၊ ချောင်များ၊ သီလရှင်တို့ သီတင်းသုံးနေထိုင်ရာ ချောင်များ ပေါများလှသည်။ တောရိပ်တောင်ရိပ်တို့တွင် နေရာမလပ်ရှိကြသည်။

ထို့ပြင် တောင်ထွတ်များ၊ တောင်တန်းများပေါ်၌လည်း ထီးဖွေးဖွေး၊ ရွှေရောင်တဝင်းဝင်းနှင့် စေတီပုထိုးများ တည်ထားကိုးကွယ်ထားရာ အဝေးမှကြည့်သောအခါ များစွာကြည်နူးဖွယ်ရာ ကောင်းလှသည်။

ရှေးအခါက စစ်ကိုင်းမြို့အောက်ပိုင်းဒေသများမှာ မကြာခဏဆိုသလို ဧရာဝတီမြစ်ရေ လွှမ်းမိုးခြင်းခံခဲ့ကြရသည်။ (၁၈၈၉)ခုနောက်ပိုင်းရောက်မှ ရေကာတာကြီးများ တည်ဆောက်ပေးခဲ့သဖြင့် ရေလွှမ်းမိုးခြင်းဒဏ်မှ သက်သာရာရခဲ့ကြသည်။

(၁၈၉၁)ခုနှစ်ရောက်သောအခါ ဗြိတိသျှအစိုးရသည် စစ်ကိုင်းမှ ရွှေဘိုရောက်သည်အထိ တောက်လျှောက်သွားနိုင်သော မီးရထားလမ်းကို စတင်ဖောက်လုပ်ခဲ့သည်။

နောက်ပိုင်းရောက်တော့ အထက်ပိုင်းဒေသများအထိ မီးရထားလမ်းများတိုးချဲ့ဖောက်လုပ်သွားရာ ကသာနှင့် မြစ်ကြီးနားသို့သော်လည်းကောင်း၊ အနောက်ဘက်မုံရွာနှင့် ရေဦးမြို့သို့သော်လည်းကောင်း မီးရထားလမ်းများ ပေါက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(နောက်ပိုင်းကာလရောက်တော့ စစ်ကိုင်းမှရွှေဘိုရောက်သည်အထိ မီးရထားလမ်းအပြင် မော်တော်ကားလမ်းပါ ဖောက်လုပ်အသုံးပြုခဲ့လေသည်။)

ရှေးအခါက ရန်ကုန်-မြစ်ကြီးနား မီးရထားလမ်းမှာ အမရပူရနှင့်စစ်ကိုင်းတွင် သင်္ဘောဖြင့် ကူးပြောင်းပြီးစီးကြရသည်။

နောက်ပိုင်း (၁၉၃၄)ခုနှစ်တွင် ဧရာဝတီမြစ်ကိုဖြတ်ကာ. . အင်းဝတံတားကြီး တည်ဆောက်အသုံးပြုခဲ့သဖြင့် တောက်လျှောက်သွားလာနိုင်သော အခြေအနေမျိုး ရောက်ခဲ့လေသည်။

သို့သော် ဒုတိယကမ္ဘာစစ်ကာလရောက်သောအခါ အင်းဝတံတားကြီးမှာ ဖျက်ဆီးခံခဲ့ရသောကြောင့် သွားလာ၍မရတော့ပေ။ "၁၉၅၃"ခုနှစ်ရောက်တော့ မီးရထားဌာနမှ ပြန်လည်ပြုပြင်ခဲ့ရာ "၁၉၅၄"ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့သည်။

စစ်ကိုင်းနယ်မှထွက်သော ကုန်ပစ္စည်းများအနက်၊ စစ်ကိုင်းပိုးထည်နှင့် စစ်ကိုင်းရေအိုးများမှာ အထူးကျော်ကြားလှပြီး လူကြိုက်များလှသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်အတွင်း ဆားတောင်နှင့်အနီး ပတ်ဝန်းကျင်ရွာများ၌ ဆားချက်သောလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

စစ်ကိုင်းမြို့အနီး ရွာထောင်ကြီးရွာမှ ပြုလုပ်ရောင်းချ





သောငွေထည်များမှာ ထင်ရှားသည်။

စစ်ကိုင်းမြို့တွင်, ရှေးမင်းအဆက်ဆက်တည်ထားခဲ့သော ဘုရားပုထိုးများရှိပေရာ သာလွန်မင်းတရားကြီးတည်ခဲ့သော ကောင်းမှုတော်ဘုရား၊ ဘိုးတော်မင်းတရားတည်ခဲ့သော မင်းကွန်းဘုရား၊ ငါးထပ်ကြီးဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ပုညရှင်၊ ဥမင်သုံးဆယ်၊ ပတ္တမြားစေတီ၊ ရှင်ပင်နံ့ကိုင်းစေတီ တို့မှာ အထူးပင်ထင်ရှားကြပြီး ပွဲတော်များနှစ်စဉ်ကျင်းပကြသည်။

စစ်ကိုင်းတောင်ရိုးမှ ဝါတွင်းဘုရားစဉ်များနှင့်ပတ်သက်၍. . ရှေးသူဟောင်းတို့ထားခဲ့သော ပေါရာဏလင်္ကာ မင်္ဂလာ မှတ်တမ်းများလည်းရှိပေသည်။

"ပုံ၊ တောင်၊ ဇေ ချမ်း၊ ဥ၊ နန်း၊ နံ့၊ လေး၊ ပ၊ ထူ၊ ရှင်၊ အောင်၊ အမြှောင်ငါးထပ်ကြီး၊ အပြီးကောင်းမှုတော်" ဟူ၍ ဖြစ်ပေသည်။

ယင်းပေါရာဏလင်္ကာအတိုင်း နှစ်စဉ်ဝါဆိုလပြည့်နေ့မှစ၍ ပုံ=ပုံညရှင်ဘုရား၊ တောင်=တောင်ဖီလာဘုရား၊ ဇေ=ဇေတ ဝန်ဘုရား၊ ချမ်း=ချမ်းသာကြီးဘုရား၊ ဥ=ဥမင်သုံးဆယ်ဘုရား၊ နန်း=ရှင်ပင်နန်းဦး(လမ်းဦး)ဘုရား၊ နံ့=ရှင်ပင်နံ့ကိုင်းဘုရား၊ လေး=လေးကျွန်းမာရ်အောင်ဘုရား၊ ပ=ပတ္တမြားမှုစေတီဘုရား၊ ထူ=ထူပါရုံဘုရား၊ ရှင်=ရှင်ဖြူရှင်လှဘုရား၊ အောင်=အောင်မြေလောကကျောက်စေတီဘုရား

အမြှောင်ငါးထပ်ကြီးဟူသော လက်သံရ သီတင်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်များမှအလွတ် သတင်းကျွတ်လဆန်း(၅)ရက်နေ့တွင် မြှောင်၍ကျင်းပပြုလုပ်ရသော ငါးထပ်ကြီးဘုရားနှင့် 'အပြီးကောင်းမှုတော်' ဟူသောလင်္ကာအရ ဝါတွင်းဘုရားပွဲတော်များ အပြီးသတ် နောက်ဆုံးနေ့ဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင်ပြုလုပ်သည့် 'ကောင်းမှုတော်ဘုရား'ဟူ၍ ဘုရားပွဲတော်ပေါင်း (၁၄)ပွဲအမည်ကို အလင်္ကာများဖြင့် ရေးသားမှတ်သားကာ ကျင်းပပြုလုပ်ကြလေသည်။

ပွဲတော်ရက်များတွင် ဝါဆိုလပြည့်နေ့တွင် ပုညရှင်စေတီတော်ကို ဆွမ်းဦးကပ်လှူပြီးနောက်၊ ဝါဆိုလပြည့်ကျော် (၈)ရက်နေ့တွင် တောင်ဖီလာဘုရားပွဲတော်၊ ဝါဆိုလကွယ်နေ့တွင် ဇေတဝန်ဘုရားပွဲတော်၊ ဝါခေါင်လဆန်း(၈)ရက်နေ့တွင် ချမ်းသာကြီး ချမ်းသာရှဘုရားပွဲတော်၊ ဝါခေါင်လပြည့်နေ့တွင် ဥမင်သုံး ဆယ်ဘုရားပွဲတော်၊

ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့တွင် ရှင်ပင်နန်းဦးဘုရားပွဲတော်၊ ဝါခေါင်လကွယ်နေ့တွင် ရှင်ပင်နန်းကိုင်းဘုရားပွဲတော်၊ တော်သလင်းလဆန်း(၈)ရက်နေ့တွင် လေးကျွန်းမာရ်အောင်ဘုရားပွဲတော်၊ တော်သလင်းလပြည့်နေ့တွင် ဗုဒ္ဓမြားစေတီဘုရားပွဲတော်၊

တော်သလင်းလပြည့်ကျော် (၈)ရက်နေ့တွင် ထူပါရုံဘုရားပွဲတော်၊ တော်သလင်းလကွယ်နေ့တွင် ရှင်ဖြူရှင်လှဘုရားပွဲတော်၊

သီတင်းကျွတ်လဆန်း (၃ရက်၊ ၄ရက်၊ ၅ရက်) နေ့





များတွင် ငါးထပ်ကြီးဘုရားပွဲတော်၊

သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင် အောင်မြေလောက ကျောက်စေတီဘုရားပွဲတော်နှင့် သီတင်းကျွတ်လပြည့်နေ့တွင် ကောင်းမှုတော်ဘုရားပွဲတော်များကို အစီအစဉ်အလိုက် အသီးသီးကျင်းပကြလေသည်။

ဝါစဉ်ဘုရားပွဲတော်ကျင်းပသည့် ဘုရား(၁၄)ဆူအနက် ထူပါရုံ၊ ငါးထပ်ကြီး၊ အောင်မြေလောကနှင့် ကောင်းမှုတော်ဘုရား(၄)ဆူမှတစ်ပါး၊ ကျန်ဘုရား(၁၀)ဆူတို့မှာ တောင်ရိုးပေါ်တွင် တည်ရှိနေကြသည့် ဘုရားစေတီများဖြစ်ကြသည်။

ယင်းဝါတွင်းဘုရားစဉ် (၁၄)ဆူကို ပွဲစဉ်အလိုက် 'ပုံ၊ တောင်၊ ဇေ၊ ချမ်း၊ ဥ၊ နန်း၊ နံ၊ လေး၊ ပ၊ ထူ၊ ရှင်၊ ငါး၊ အောင်၊ ကောင်း' ဟူ၍လည်း တစ်နည်းမှတ်သားရေတွက်ကြသည်လည်း ရှိကြသည်။

ထိုဘုရားပွဲတော်များကျင်းပရာတွင် ဆွမ်းဦးပုညရှင်စေတီတော်ကြီးအား ပထမဦးစွာ ဘုရားပွဲတော်ကျင်းပရပေသည်။ ထိုအကြောင်းကို ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ အံ့ဖွယ်တော် (၄၇)ပါးတွင် ထည့်သွင်းဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရလေသည်။

➤၁။ ဘုရားပွဲတော်ကျင်းပတိုင်း ပရိသတ်မည်မျှပင် အလာရောက်ကြသူ များပြားသော်လည်း စေတီတော်ရင်ပြင်သည် အမြဲဝင်ဆန့် ကျယ်ဝန်းနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



➤၂။ စစ်ကိုင်းတောင်ရိုး ဝါတွင်းဘုရားစဉ်(၁၄)ပွဲတွင် ဝါဆို လပြည့်နေ့၌ ဆွမ်းဦးပုညရှင်စေတီတော်ပွဲကို ထိပ်ဆုံးမှ ဆွမ်းဦးကပ် စတင်ဆင်ယင်ပြုလုပ်ကြ၏။ ထိုသို့ ရှေ့ဆုံးမှမစဘဲ နောက်ဆုံးထား၍ ကျင်းပမိလျှင်. . ဥပသကာဥပါသကီများ ဘေးထွက်သံယိုဖြစ်ခြင်း၊ ဝမ်းသွား၊ ဝမ်းပျက်၊ ဖျားနာပျက်စီး ဒုက္ခရောက်တတ်ခြင်း။

➤၃။ စစ်ကိုင်းတောင်ရိုးတစ်ဝိုက်၌ မိုးရာသီအစတွင်ဖြစ်စေ၊ အခါမဲ့ မိုးရွာသွန်းဖြိုးခါနီးတွင်ဖြစ်စေ၊ ပုညရှင်စေတီတော် အောက်အတွင်းမှ ကျောက်ငဖားအော်သံကို လှိုဏ်ထ၍ အမြဲကြားရခြင်း။

➤၄။ ဆွမ်းဦးပုညရှင်စေတီ၊ ဘုရား၊ ကျောင်း၊ ကန်၊ တန်ဆောင်းဇရပ်အတွက်ရည်စူး၍ လှူဒါန်းရန်အမိဋ္ဌာန်ပြုငွေစုသောအခါ မမျှော်လင့်သောနေရာမှ ငွေကြေးဝင်လာခြင်း။ လှူဒါန်းပြီးစီးသွားသော် ထိုကုန်ငွေများတစ်ဖန်ပြန်၍ ဝင်လာတတ်ခြင်း။

➤၅။ မြေငလျင်လှုပ်ခါနီးတွင်ဖြစ်စေ၊ ဘုရားပြိုပျက်ပျက်စီးကာနီးတွင်ဖြစ်စေ၊ ကျောင်းကန်တန်ဆောင်းဇရပ်များ မီးသင့်ခါနီးတွင်ဖြစ်စေ (၃)ညတိုင်တိုင် ကျီးပြိုခြင်း၊ ကျီးပြိုပြီးနောက် နေ့နံနက်၌ ကျီးများထူးကဲစွာ စေတီတော်ဆူလုံးပြည့် လာရောက်နားခိုသဖြင့် မည်းနက်သွားအောင် စေတီတော်ကို ဖုံးလွှမ်းထားခြင်း။

➤၆။ လပြည့်ပြီး အရုဏ်တက်သည်နှင့် လူတို့ထက်ဦးစွာ





နတ်များ ဆွမ်းဦးကပ်လှူပြီးဖြစ်နေလေ့ရှိခြင်း။ ဆွမ်းဦးကပ်ပြီးသည်နှင့် သိုက်မောင်းထုသံ (၉)ချက်တိတိကြားရခြင်း။

➤၇။ မင်းပြစ်မင်းဒဏ်သင့်သူများ. . . နဝင်္ဂသီလ တည်ဆောက်၍ ပုညရှင်စေတီတွင် အမိဋ္ဌာန်(၉)ရက်ဝင်လျှင် မင်းပြစ်မင်းဒဏ်မသင့်ခြင်း။

➤၈။ သင်္ဘောသားများ ပင်လယ်ရပ်ခြားရေကြောင်းအမှုထမ်းမသွားမီ သွားရောက်ဖူးမျှော်ရှိခိုးပူဇော်သော် ဥပဒ္ဒွေဒတ်ကံမှ ကင်းလွတ်ခြင်း။

➤၉။ မင်းမှုထမ်းများ လပြည့်ကျော်(၃)ရက် အရုဏ်တက်ချိန်တွင် ဆွမ်း၊ ပန်း၊ ရေချမ်းဆီမီးတို့ဖြင့် မွေးနေ့မွေးနံမှ ဆက်တပ်လှူဒါန်းပါလျှင် မင်းချီးမြှင့်မြှောက်စားခံရခြင်း။ ဌာနန္တရ တိုးတက်မြင့်မားလာခြင်း၊ အမျက်မာန်ပြင်းထန်သောမင်းပင်ဖြစ်လင့်ကစား မင်းမာန်ပြေ၍ ပြန်လည်မြှောက်စားကောက်ယူခြင်း။

➤၁၀။ ဘုရားရှင်ကိုယ်တော်မြတ်၏ မျက်ကွင်းတော်ခါတ်တန်ခိုး တေဇော်အာနုဘော်တော်အားကြောင့် ရက်ရှည်ဥပုသ် ဝင်လာလျှင် မနောအမြင်၊ မနောအသိရခြင်း၊ စက္ခုအမြင် စက္ခုအသိ ထူးကဲလာခြင်း။

➤၁၁။ တိုင်းပြည်မြို့ရွာပျက်ခြင်း၊ လူမျိုးဘာသာ၊ သာသနာ ဘေးဒုက္ခအန္တရာယ်ကြုံခြင်း၊ မင်းပြောင်းမင်းလွှဲဖြစ်ခြင်း၊ ခေတ်ပြောင်းခေတ်လွှဲဖြစ်ခြင်းစသော ကိစ္စများပေါ်ပေါက်သော် ကြိုတင်၍ ဆွမ်းဦးပုညရှင်စေတီတော်မှ နီရဲပြုမောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ရောင်ခြည်တော်ကွန့်မြူး ပြာဋိဟာထူး၍ပြသခြင်း။ (သာစကအားဖြင့် ပင်းယနှင့်စစ်ကိုင်း ပျက်ခါနီးတွင်တစ်ကြိမ်၊ ရှမ်းသိုဟန်ဘွား သာသနာဖျက်ဆီးခါနီးတွင်တစ်ကြိမ် ဤကဲ့သို့တန်ခိုးပြာဋိဟာ ပြဖူးလေသည်။)

➤၁၂။ မင်းသက်ကုန်ခါနီး၌ဖြစ်စေ၊ မင်းဆက်ပြတ်ခါနီး၌ဖြစ်စေ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်လိုသောသူသည် ဆွမ်းဦးပုညရှင် စေတီတော်ကြီးရှိ တနင်္ဂနွေဂြိုဟ်တိုင်မှစ၍ ဂြိုဟ်ကြီး (၈)ခွင် အစဉ်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်းတင်၍ အဓိဋ္ဌာန်ဝင်ကာ တနင်္ဂနွေဂြိုဟ်တိုင်တွင် မွန်းမတည့်မီ ပြန်ဝင်ရခြင်းဖြင့် ပြန်လည်၍ အောင်လံထူ ရွှေထီးကိုင်နိုင်ခြင်း။

➤၁၃။ ထူးခြားသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်၊ သံဃာထူးသံဃာမြတ်များ စခန်းဝင်ပြီးမြောက်ခါနီး၌ ကျောက်ဖောင်း(၉)ချက် အော်သံကြား၍ သိုက်မောင်းထုသံ(၉)ချက် ကြားရပြီးနောက် အခါမဲ့မိုးကြီးရွာခြင်း။

➤၁၄။ စစ်ကိုင်းတောင်ရိုး ဖောင်းတောင်မှ ပညာရှင်သိဒ္ဓိရှင် သာသနာပြုပုဂ္ဂိုလ်များ၊ သာမထစခန်းအောင်မြင်ထွက်ရာလမ်းစဉ် ပြီးမြောက်၍ ခရီးပေါက်သောအခါ၌လည်းကောင်း ဝိပဿနာပြီးမြောက် မဂ်ခေမာလမ်း ကြွလှမ်းသွားရောက်သောအခါ၌လည်းကောင်း၊ ဖြူဖွေးတောက်ပသည့် ရောင်ခြည်တော်ကွန့်မြူး တန်ခိုးတော်ထူးခြားစွာ ထီးတော်မှပြသခြင်း စသည်တို့ဖြစ်ကြသည်။

အထက်၌ ရေးသားဖော်ပြချက်များမှာ စစ်ကိုင်း





တောင်ရိုးပေါ်၌ရှိသည့် ဆွမ်းဦးပုညရှင်စေတီတော်ကြီးနှင့် ပတ်သက်သော ထူးခြားချက်များပင်ဖြစ်သည်။

ထို့ပြင် စစ်ကိုင်းတောင်၊ စစ်ကိုင်းမြို့ပတ်ဝန်းကျင်၌လည်း ထူးခြားသောနေရာများ ရှိပေသေးသည်။

ထိုနေရာများမှာ ကိုးနဝင်းကြေနေရာများပင်ဖြစ်ကြပေသည်။ ထိုနေရာများမှာ. . .

"ကြီးကိုးကြီး" ဟုထင်ရှားသော နေရာကိုးနေရာ ရှိသည်။ (၁) တစ်ဝါကြီး၊ (၂) ချမ်းသာကြီး၊ (၃) မိပေါက်ကြီး၊ (၄) ခွေးရုပ်ကြီး(လေးမျက်နှာ)၊ (၅) ပြသဒ်ကြီး၊ (၆) လုံးတော်ကြီး၊ (၇) စည်းခုံကြီး၊ (၈) ကြေးဘုရားကြီး၊ (၉) ငါးထပ်ကြီးတို့ဖြစ်သည်။

"အင်းကိုးအင်း" ဟု ထင်ရှားသော နေရာကိုးနေရာရှိသည်။ (၁) ရွှေကြာအင်း၊ (၂) ပန်းတည်အင်း၊ (၃) ရေမျှတ်အင်း၊ (၄) ရေခါးအင်း၊ (၅) တုံအင်း၊ (၆) ဖြူကန်အင်း၊ (၇) ဒေါင်းမအင်း၊ (၈) သန္တင်းအင်း၊ (၉) ပုဏ္ဏာအင်း တို့ဖြစ်ကြသည်။

"ချောင်ကိုးချောင်" ဟုထင်ရှားသော နေရာကိုးနေရာရှိသည်။ (၁) ဗိတောက်ချောင်၊ (၂) ပရက္ကမချောင်၊ (၃) အနူရုဒ္ဓါချောင်၊ (၄) ကောဏ္ဍညချောင်၊ (၅) ပဘာချောင် (ချောင်း) (၆) မဟာဘောဓိချောင်၊ (၇) ဥပါဠိချောင်၊ (၈) ယ[illegible]ချောင်၊ (၉) ရွှေဝါချောင် တို့ဖြစ်ကြသည်။

"စေတီကိုးဆူ"လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ပတ္တမြားစေတီ၊ (၂) ဥမင်ကိုးဆယ်စေတီ၊ (၃) ပုညရှင်စေတီ၊ (၄) သရက္ခဲ့ဟံသာဝတီစေတီ၊ (၅) စေတာဝန်စေတီ၊ (၇) ရွှေမြင်မိစေတီ၊ (၈) ထူပါရုံစေတီ၊ (၉) ကောင်းမှုတော်စေတီ တို့ဖြစ်ကြသည်။

"မျှော်ကိုးမျှော်" ဟုထင်ရှားသောနေရာကိုးနေရာရှိသည်။ (၁) နတ်ရဲမျှော်၊ (၂) ရင်းရဲမျှော်၊ (၃)ရှင်လှမျှော်၊ (၄) လေးကျွန်းမျှော်၊ (၅) မိကျောင်းမျှော်၊ (၆) ပွဲတက်မျှော်၊ (၇)ရွှေတောင်ဦးမျှော်၊ (၈) စကုမျှော်၊ (၉) ကြက်ယက်မျှော် စသည်တို့ဖြစ်ကြသည်။

စစ်ကိုင်းသည် ကြီး(၉)ကြီး၊ အင်း(၉)အင်း၊ ချောင်(၉)ချောင်၊ စေတီ(၉)ဆူ၊ မျှော်(၉)မျှော်အစရှိသည့် ကိုးနစ်းကြေနေရာအတော်များများ ရှိကြပေသည်။

ထို့ပြင် ရှေးအခါကတည်းက လူသူနေထိုင်မှုမများသော နေရာဖြစ်သည့် စစ်ကိုင်းတောင်ရိုးနှင့် ပတ်ဝန်းကျင်တံဝိုက်တွင် သိုက်ကုန်းအတော်များများလည်း ရှိကြလေသည်။

ထိုနေရာများတွင် အဆောက်အဦးဆောက်လုပ်၍မရခြင်း၊ ဆောက်လုပ်ပြီးလျှင်လည်း နေထိုင်၍မရခြင်း၊ နေထိုင်ပါကလည်း သက်ဆိုင်သူတို့ ဘေးဥပါဒ်အန္တရာယ် ကျရောက်ခြင်း၊ အသက်သေဆုံးခြင်းများ ဖြစ်ကြပေသည်။

အကယ်၍ သိုက်ကုန်းရှိသောနေရာတို့တွင် လာရောက်နေထိုင်မိပါက သိုက်မောင်းထု၍အသိပေးခြင်း၊ သိုက်





စောင့်ပုဂ္ဂိုလ်တို့က တစ်နည်းတစ်ဖုံဖြင့် လာရောက်အသိပေးကြခြင်း။

ထိုသို့အသိပေးခြင်းဖြင့်မရသောအခါ မြွေ၊ နဂါး၊ ဘီလူး၊ သရဲသဘက် စသော ကြောက်လန့်ဖွယ်ရာများဖြင့် လာရောက်ခြောက်လှန့်တတ်ကြပေသည်။

ထို့ထက်ပိုလျှင်တော့ အသက်သေဆုံးသည်အထိ နှိပ်စက်တတ်ကြလေသည်။ သို့ကြောင့် စစ်ကိုင်းတောင်ရိုးပေါ်တွင် တက်ရောက်နေထိုင်ဝံ့သူ မရှိကြပေ။

တရားအားထုတ်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်နှင့် သီလရှင်တို့ကတော့ သင့်တော်သောနေရာတွင် နေထိုင်ပြီး တရားအားထုတ်ပါက ရကြသည်။


ယခုရေးသားသောအကြောင်းအရာတို့မှာ ရှေးအခါက သိုက်ကြမ်းသည်ဟုအမည်ရှိသော သိုက်ကုန်းနှင့်ပတ်သတ်သော အကြောင်းအရာအချို့ဖြစ်ပေသည်။ ထိုကုန်း၏အမည်မှာ "ရဋ္ဌပါလကုန်း" ပင်ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com








# ရွှေပါလသိုက်ကွန်းနေရာ

'ရွှေပါလကုန်း'ဟုခေါ်သော သိုက်ကုန်းရှိသောနေရာမှာ အနုရုဒ္ဓါချောင်နှင့် မဟာဗောဓိချောင်တို့နှင့်မဝေးသော နေရာ၌ရှိလေသည်။

ထိုနေရာသည် ရှေးအခါက လူသူမနေသောနေရာဖြစ်ပြီး သစ်တော၊ ဝါးတောကြီးများက ဖုံးအုပ်ထားလေသည်။ ထိုနေရာမှာ တစ်ဧကနီးပါးခန့်ကျယ်ဝန်းသော ခြံ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးဖြစ်ပြီး အလယ်နေရာ၌ ကုန်းမြေမြင့်တစ်ခုရှိသည်။ ထိုကုန်းထိပ်မှာတော့ ကြခတ်ပင်းတောများက ပိတ်ဆီး၍ ပေါက်ရောက်နေကြသည်။

ကုန်းထိပ်ပေါ်ရှိ ကြခတ်ပင်းတောကြီးအတွင်းမှာတော့ ရှေးခေတ်ကအသုံးပြုခဲ့ကြသည့် အုတ်ကျိုးအုတ်ပဲ့များ ရှိကြလေသည်။ အုတ်ချပ်ကြီးများပင်ဖြစ်သဖြင့် ရှေးအခါက ထိုကုန်းထိပ်ပေါ်တွင် စေတီဟောင်းတစ်ဆူရှိခဲ့သည်ဟု ခန့်မှန်းကြလေသည်။

ရှေးအခါကပင် ရဠပါလကုန်းရှိသော နေရာတဝိုက်နှင့် လူနေထိုင်ခြင်းမရှိသလို၊ အခြားတရားအားထုတ်သူတို့နေထိုင်ကြသည့် ယောဂီ၊ သီလရှင်၊ ဘုန်းတော်ကြီးကျောင်းများလည်း မရှိကြပေ။

ယခင်က ထိုမြေကွက်ကိုပိုင်ဆိုင်သောသူမှာ မြန်မာမွတ်စလင်တစ်ဦးဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်သောနေရာတွင် အိမ်ကြီးတစ်လုံးဆောက်လုပ်၍ နေထိုင်ရန်စိတ်ကူးပြီး ထိုမြေကွက်ကိုဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ၎င်းအကြံအစည်မှာ အထမြောက်ခဲ့ခြင်းမရှိပေ။

စစ်ကိုင်းမှာ လူမျိုးစုံစုဝေးနေထိုင်ရာ အရပ်ဒေသတစ်ခု ဖြစ်ခဲ့လေသည်။

မြန်မာ၊ မြန်မာမွတ်ဆလင်၊ ကသည်းလူမျိုး၊ ရှမ်းတရုတ်၊ ဟိန္ဒူမဒရာစီ၊ အူရီယာ စသောလူမျိုးပေါင်းစုံတို့နေထိုင်ရာ အရပ်ဒေသတစ်ခု ဖြစ်ခဲ့လေသည်။





တစ်ဧကကျော်ခန့်မျှကျယ်ဝန်းသော ကုန်းမြေကြီးကို ဝယ်ယူသောကုလားသူဌေးမှာ ကြီးကြီးမားမားအိမ်ကြီးတစ်ဆောင်ဆောက်ပြီးနေထိုင်ရန်ရည်ရွယ်ပြီး ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ၎င်းရည်ရွယ်ချက်မှာ မအောင်မြင်ခဲ့ပေ။

ထိုကုန်းကြီးအားဝယ်ပြီး ကုလားလူမျိုးအလုပ်သမားအချို့ကိုခေါ်ပြီး ချုံနွယ်ပိတ်ပေါင်းများ၊ ကြခတ်ပင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းစေသည်။

ထိုသို့ရှင်းလင်းစဉ်ကာလမှာပင် အလုပ်သမားနှစ်ယောက်မှာ မြွေထိပြီးသေဆုံးသွားကြလေသည်။ ၎င်းတို့ကိုထိသောမြွေမှာ သာမန်မဟုတ်ပေ။ တစ်ကိုယ်လုံးနီရဲနေပြီး နဝါးနှင့် ပုံသဏ္ဌာန်တူသော အဆိပ်ပြင်းလှသည့်မြွေများပင်ဖြစ်ကြသည်။

မြွေထိသည်နှင့် ဆေးကုရန်မမီဘဲ နေရာမှာတင်သေဆုံးကြလေသည်။ နောက်တော့ ဆက်မရှင်းဝံ့ကြတော့ပေ။ ဝစ်ထားပြန်တော့လည်း ခြံဝန်းထဲဝင်ရောက်ပြီး မျှစ်ချိုးသူ၊ ထင်းခွေသူများက ဝင်ရောက်ကြသဖြင့် စိတ်မချရပြန်ပေ။

ထို့ဖြင့် တဲတစ်လုံးထိုးပြီး ကုလားလူမျိုးအစောင့်များထားရပြန်လေသည်။ ထိုအစောင့်များလည်း ရက်ကြာကြာမနေဘဲ ထွက်ပြေးကြရပြန်သည်။

ကုန်းထိပ်နားတွင် အိမ်သာဆောက်ပြီး အပေါ့အလေးသွားကြစဉ်မှာ နောက်မှ လက်ဝါးဖြင့်ရိုက်သဖြင့် တစ်ယောက်သေကာ ကျန်လူများလည်း ထွက်ပြေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လူစုပြီးသွားကြည့်သောအခါ သေဆုံးနေသူ၏ကျောပြင်တွင် အညိုအမည်းစွဲနေသည့် လက်ဝါးရာကြီးကို တွေ့ရသဖြင့် နောက်ထပ်အစောင့်ထား၍မရပေ။

ကုလားသူဌေးလည်း စိတ်ပျက်လက်ပျက်ဖြစ်ကာ ဒီအတိုင်းပင်ပစ်ထားခဲ့ပေသည်။

စစ်ပြီးခေတ်ရောက်သောအခါ မူလပိုင်ရှင်လက်မှ နွားနှင့်ဆိတ်မွေးမြူသော ကုလားသူဌေးတစ်ယောက်က ဝယ်ယူကာ ဝင်းတစ်ခုလုံးကိုခြံခတ်ကာ မွေးမြူရေးခြံအဖြစ် အသုံးပြုခဲ့လေသည်။

၎င်းသူဌေးက လူနေရန်စိတ်မကူးဘဲ အစောင့်နှင့်အလုပ်သမားအချို့သာထားသည်။ ခြံထဲမှာတော့ နွားနှင့်ဆိတ်များ မွေးမြူထားလေသည်။

သို့သော် နွားများ၊ ဆိတ်များမှာ မကြာခဏ မြွေထိသဖြင့် သေဆုံးကြရပြန်လေသည်။ အနီရောင်မြွေများ တွင်းထဲမှထွက်လာပြီး နွားနှင့်ဆိတ်များကိုပေါက်သတ်သဖြင့် တစ်ညလျှင် တစ်ကောင်နှစ်ကောင် သေကြရသည်။

နောက်ဆုံး ခြံစောင့်များပါမနေနိုင်အောင် ခြောက်လှန့်သဖြင့် ထွက်ပြေးကြရပြန်သည်။

ထိုခြံကျယ်ကြီးအား နောက်ထပ်ဝယ်ယူသူမှာ ရှမ်းတရုတ်လူမျိုးတစ်ဦးဖြစ်သည်။

၎င်းဝယ်ယူသောရည်ရွယ်ချက်က အခြားမဟုတ်ပေ။ အရက်ချက်ရန်စက်ရုံများဆောက်ရန် ရည်ရွယ်ချက်ဖြင့်





ဝယ်ယူခဲ့ခြင်းဖြစ်ပေသည်။

ခြံဝန်းထဲမှာ အရက်ချက်ရုံဆောက်လုပ်နေစဉ်မှာ အလုပ်သမားအချို့ သေကြရပြန်သည်။

တစ်ညမှာတော့ အစောင့်များရှိရာသို့ အမျိုးသမီးနှစ်ယောက်ရောက်လာကြသည်။ သူတို့ရောက်မလာခင်မှာပင် ထူးထူးခြားခြား ဆောင်ခဲတော်ကူးပန်း(ညမွှေးပန်း)ရနံ့များ သင်းပျံ့နေလေသည်။

ထိုအခါ အရက်သောက်နေသော လူသုံးယောက်က ပြောသည်။

"ဒီနားတဝိုက်မှာ ဆောင်တော်ကူးပန်းချုံလည်းမရှိဘဲနဲ့ မွှေးလှချည်လား. ."

"ဒီမှာမရှိလည်း တခြားတစ်နေရာမှာ ပန်းချုံရှိလို့မွှေးနေတာဖြစ်မှာပေါ့. ."

"ဒါပေမယ့် ပန်းနံ့က အတော်မွှေးတယ်၊ လူတောင် အိပ်ချင်လာပြီ"

ထိုသို့ပြောဆိုနေကြစဉ်မှာ ဝါးတောအတွင်းမှ အမျိုးသမီးနှစ်ယောက် ထွက်လာသည်ကို လှမ်းမြင်ကြရသည်။

ညအချိန်ဆိုသော်လည်း လရောင်က သစ်ရိပ်ဝါးရိပ်များကြားမှ ထိုးကျနေသောကြောင့် ပုံသဏ္ဍာန်ကို သဲသဲကွဲကွဲမြင်နေကြရခြင်းဖြစ်သည်။

နှစ်ယောက်စလုံး အသက်(၂၀)ကျော်ခန့်အရွယ်ရှိပြီး ချောမောလှပကြသည်။ ဆံပင်ရှည်တို့ကို နောက်မှာဖြန့်ချ



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် လေတိုက်သည့်အခါ တလူလူလွင့်နေကြလေသည်။

ဝါးတောအတွင်းမှထွက်လာသော အမျိုးသမီးနှစ်ယောက်က တဲနှင့်မနီးမဝေးနေရာရောက်တော့ ရပ်လိုက်ကြသည်။

"နင်တို့ဘယ်သူတွေလဲ. ."

အရက်သောက်နေသူတစ်ယောက်က လှမ်းမေးလိုက်သည်။

"ငါတို့က ဒီကုန်းမြေကိုပိုင်ဆိုင်တဲ့သူတွေပဲ. ."

ထိုစကားကြားတော့ လူသုံးယောက်မှာ အံ့ဩသွားကြသည်။ ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မောလိုက်ကြသည်။

"နင်တို့ဘာတွေလာပြောနေတာလဲ. . ဒီမြေကွက်ကို ငါတို့သူဌေး ဝယ်ပြီးတာပဲ ရက်အတော်ကြာနေပြီပဲ. . ."

"အဲဒါတွေငါတို့မသိဘူး. . ဒီနေရာကတော့ ငါတို့နေတဲ့နေရာ၊ ငါတို့ပိုင်တဲ့နေရာပဲ. ."

"တယ်ခက်ကြပါလား. . ငါတို့က အဲ့ဒါတွေမသိဘူး. သူဌေးထားတဲ့နေရာမှာပဲ နေကြတာပဲ. . နင်တို့မကျေနပ်ရင် ငါတို့သူဌေးနဲ့သွားတွေ့ပြီးပြောကြ. . ."

ဟုပြောပြီး တစ်ယောက်က အရက်ဆက်သောက်နေသည်။

"ငါတို့က မသတ်ချင်သေးလို့ လာပြီးသတိပေးတာပါ။





ဒီကနေ့ကနေ သုံးရက်အချိန်ပေးမယ်. . သုံးရက်ပြည့်လို့မှ ဒီနေရာကထွက်မသွားရင်တော့ ငါတို့ကိုအဆိုးမဆိုကြနဲ့"

ဟု ပြောဆိုကာ ထိုနေရာမှထွက်သွားကြလေသည်။

"ဘယ်ကမိန်းကလေးတွေလဲကွ. ."

"ဘယ်သိမှာလဲ. . . ဒီနေရာတဝိုက်မှာနေကြတာဖြစ်မှာပေါ့. . ."

"ဒီအကြောင်းတွေကို ငါတို့သူဌေးကို ပြောပြသင့်တယ် ထင်တယ်. ."

"ပြောစရာမလိုပါဘူးကွာ. . သူက ဒါမျိုးတွေ အယုံအကြည်ရှိတာမှမဟုတ်တာ. . တော်ကြာ ငါတို့ကိုပါ အပြစ်တင်တာ ခံရလိမ့်မယ်. . ."

ဟုပြောဆိုတိုင်ပင်ကာ သူဌေးအားမပြောတော့ဘဲ လုပ်စရာရှိသောအလုပ်များကိုသာ ဆက်လုပ်ကြလေသည်။

ထိုသို့လာပြောသွားပြီး နှစ်ရက်မြောက်သောနေ့မှာတော့ အဆောက်အဦးဆောက်နေသည့် အလုပ်သမားတစ်ယောက် အမြင့်မှပြုတ်ကျကာ ခြေထောက်နှစ်ချောင်းစလုံး ကျိုးသွားလေတော့သည်။

"ဘယ်လိုဖြစ်တာလဲကွာ. . သတိထားမှပေါ့. ."

"ငါ သတိမထားလို့ ကျတာမဟုတ်ဘူး၊ အပေါ်ရောက်တော့ ထုပ်တန်းပေါ်မှာခွထိုင်နေတဲ့ သရဲက တွန်းချလိုက်တာ"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ အားလုံးလန့်ဖျတ်သွားကြသည်။ အချို့ အပေါ်သို့မော့ကြည့်သူက မော့ကြည့်သည်။ အပေါ်တန်းမှာတော့ ဘာမှမတွေ့ရပေ။

ထို့ကြောင့် ခြေထောက်ကျိုးသွားသူကို ပြန်ပို့လိုက်ပြီး အခြားအလုပ်သမားများ အစားထိုးကာ ဆက်လုပ်ကြလေသည်။ မိန်းကလေးနှစ်ယောက် လာပြောသွားပြီး သုံးရက်မြောက်နေ့ရောက်တော့ အဆောက်အဦးများ ဆောက်လုပ်နေသောနေရာသို့ ရှမ်းတရုတ်သူဌေးရောက်လာပြီး အပြစ်တင်စကား ဆိုသည်။

"မင်းတို့အလုပ်လုပ်တာ မကြိုးစားကြဘူး၊ လုပ်နေတာ ရက်အတော်ကြာနေပြီ၊ အခုထိ အဆောက်အဦးတွေက မပြီးသေးပါလား. ."

"ကျွန်တော်တို့မကြိုးစားကြတာ မဟုတ်ပါဘူး၊ အနှောင့်အယှက်တွေရှိနေလို့ပါ. ."

အလုပ်သမားခေါင်းဆောင်စကားကြားတော့ သူဌေးက ဆေးပြင်းလိပ်ကိုဖွာနေရာမှ တံတွေးထွေးချလိုက်သည်။

"ဘယ်လိုအနှောင့်အယှက်တွေလဲ. ."

အလုပ်သမားခေါင်းဆောင်က အမျိုးသမီးနှစ်ယောက် ရောက်လာပြီး ပြောသွားသောစကားများ၊ နောက်ပိုင်းတွေ့ကြုံရသောအန္တရာယ်များ၊ အဖြစ်အပျက်တို့ကို ပြန်ပြောပြလိုက်လေသည်။

ထိုစကားကြားတော့ သူဌေးမျက်နှာမှာ အတော်ပင်





ရှုံ့မဲ့သွားလေတော့သည်။

"အရူးတွေ. . မင်းတို့အရူးတွေပဲ၊ ဒီမြေကွက်ကို သူတို့ပိုင်တယ်ပြောရအောင် ဘယ်လိုအထောက်အထားတွေရှိလို့လဲ၊ ဝယ်ပြီးကတည်းက မြေပိုင်ရှင်ရဲ့အမည်နေရာမှာ ငါ့နာမည် ပြောင်းလဲထားပြီးသားလေ၊ နောက်တစ်ခါလာပြီး နှောက်ယှက်ရင် ရိုက်သာလွှတ်လိုက်၊ ကျန်တဲ့ကိစ္စ ငါကြည့်ရှင်းမယ်"

ဟု ပြောဆိုမှာကြားကာ ၎င်းစီးလာသောဂျစ်ကားနှင့်ပင် စစ်ကိုင်းသို့ပြန်ဆင်းသွားလေသည်။

ညနေပိုင်းရောက်တော့ အလုပ်သမားများရှိသောစခန်းသို့ သတင်းဆိုးတစ်ခု ရောက်လာလေသည်။

နေ့လည်ကပြန်သွားသောသူဌေးမှာ ဂျစ်ကားဘရိတ်ပေါက်သဖြင့် ချောက်ထဲကျသဖြင့် သေဆုံးသွားပြီဆိုသောသတင်းပင်ဖြစ်သည်။

ကားရောလူပါ မီးလောင်ကျွမ်းသွားသောကြောင့် အလောင်းပင်ရှာမတွေ့ကြတော့ပေ။

ထိုသတင်းကြားတော့ မြို့ကြီးအတွင်းမှာ အလုပ်လုပ်နေကြသည့် အလုပ်သမားများမှာ အတော်ပင်ထိတ်လန့်တုန်လှုပ်သွားကြကာ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြရတော့သည်။

"သူဌေးတော့သေပြီ. . ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ. ."

"သူဌေးမရှိမှတော့ ဘာမှလုပ်လို့ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါထက်အရေးကြီးတာက ဟိုမိန်းကလေးနှစ်ယောက်လာပြောသွားတာ ဒီကနေ့ သုံးရက်ရှိပြီလေ . . ငါတို့ ဒီနေရာမှာနေလို့ ဖြစ်ပါ့မလား . ."

"မနေချင်လို့မှမဖြစ်တာ . . နေရမှာပေါ့ . . ."

ဟုပြောပြီး ထိုနေရာမှာပင်ဆက်နေကြသည်။

ညအချိန်ရောက်တော့ မြဲဝန်းတွင်းမှာရှိသော သစ်ပင်များ၊ ဝါးရုံပင်များအောက်တွင် ဟိုမှဒီမှသွားလာနေသော လူတစ်ယောက်ကို တွေ့ကြရသည်။

အခြားသူတော့မဟုတ်ပေ။

မီးလောင်သေဆုံးသွားသော ၎င်းတို့အလုပ်ရှင်သူဌေးပင်ဖြစ်ပေသည်။

၎င်းပျောက်သွားတော့ အခြားအနှောက်အယှက်များ မလာကြဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ လူသုံးယောက်ကတော့ ဟိုတစ်နေ့ကကဲ့သို့ အမျိုးသမီးနှစ်ယောက်ရောက်လာလေမလားဟု စောင့်ကြည့်နေကြသည်။

ညဉ့်နက်ပိုင်းရောက်တော့ သေဆုံးသွားသူများကိုပြန်တွေ့ကြရသည်။ ၎င်းတို့က လာရောက်ခြောက်လှန့်နေကြခြင်းမဟုတ်ဘဲ မြဲကြီးအတွင်း၌ သူတို့ဘာသာ သွားလာနေကြခြင်းဖြစ်သည်။

ထိုသို့တွေ့ရသော်လည်း အရက်မူးစပြုနေပြီဖြစ်သော လူသုံးယောက်ကတော့ မကြောက်ရွံ့ကြပေ။

ဤသို့ဖြင့် သန်းခေါင်ယံအချိန်ရောက်သောအခါမှာ





တော့ လေနှင့်အတူပါလာသော ပန်းရနံ့တို့က ပျံ့မွှေးလာသည်။ စူးစူးဝါးဝါးပျံ့မွှေးလာခြင်းဖြစ်သည်။

ဆောင်တော်ကူးပန်းရနံ့ရတော့ သုံးယောက်သားတစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဆောင်တော်ကူးပန်းနံ့တွေ ရလာပြန်ပြီ . . ဟိုမိန်းကလေးနှစ်ယောက်များ လာကြပြန်ပြီလားမသိဘူး . ."

တစ်ယောက်က စိုးရိမ်မကင်းသောအသံမျိုးဖြင့်ပြောဆိုတ်သည်။ ဒီတစ်ခါတော့ ကျန်အဖော်နှစ်ယောက်ကပါ ထွေထွေထူးထူး ဘာမှမပြောဝံ့ကြတော့ပေ။

သုံးယောက်စလုံးကတော့ အမှောင်ရိပ်တွင်းမှာ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဍာန်တို့ကို လိုက်လံကြည့်နေကြလေသည်။

ထိုသဏ္ဍာန်များကတော့ သူတို့မျှော်လင့်ထားသလိုမိန်းကလေးနှစ်ယောက်၏ ပုံပန်းသဏ္ဍာန်များတော့ မဟုတ်ကြပေ။

ဤသို့ဖြင့် ညဉ့်နက်ပိုင်းရောက်တော့ တစ်နေရာမှတျောက်မောင်းထုသံလိုအသံမျိုး ကြားရပြီးနောက် ဆောင်တော်ကူးပန်းရနံ့များကလည်း ပိုမိုမွှေးကြိုင်လာသည်။

ထိုပန်းရနံ့များကြောင့် တဲပေါ်မှာရှိနေသော လူသုံးယောက်စလုံး ခေါင်းထဲမူးဝေလာသကဲ့သို့ဖြစ်လာကာ ခေါင်းမထောင်နိုင်အောင် ဖြစ်လာကြတော့သည်။

ထိုသို့ဖြစ်လာခြင်းမှာ အရက်မူးနေခြင်းကြောင့်မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှန်းတော့ သိနေကြသည်။

သူတို့သောက်ထားသော အရက်ပမာဏမှာ ခေါင်းမထူ နိုင်လောက်သည်အထိ မှုးသောပမာဏမျိုးတော့မဟုတ်ပေ။ စူးရှသော ဆောင်တော်ကူးပန်းရနံ့များက တဖြည်းဖြည်းပိုများလာပြီးနောက် လူသုံးယောက်တို့မှာ ဦးခေါင်းမထောင်နိုင်တော့ဘဲ နေရာ၌ပင် လဲကျသွားလေတော့သည်။


နောက်တစ်နေ့နံနက်လင်းသောအချိန်၌ ခြံဝန်းအတွင်းသို့ အခြားအလုပ်သမားများ ရောက်လာသောအခါမှာတော့ သုံးယောက်စလုံး သေဆုံးနေကြသည်ကိုတွေ့ကြရသည်။

ထူးဆန်းသောအချက်မှာ သုံးယောက်စလုံး မည်သည့်ဒဏ်ရာဒဏ်ချက်မှမပေါ်ဘဲ သေနေကြခြင်းဖြစ်ကြလေသည်။

ထိုကဲ့သို့ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များ ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်းမှာတော့ သိုက်ကုန်းသို့မဟုတ် ရွှေပါလကုန်းဟု အမည်တွင်သော ထိုခြံကျယ်ကြီးအတွင်းသို့ လာရောက်နေထိုင်ဝံ့သူ မရှိကြတော့ပါချေ။








# သိုက်ကျွန်းနေရာမှ ဆန်းကြယ်မှုများ

'ရွှေပါလကုန်း' ဟုအမည်တွင်သောနေရာကို လူအဆော်များများက သိုက်ရှိသောနေရာ၊ သိုက်ကြမ်းသောနေရာဟု သတ်မှတ်ကာ အသွားအလာမပြုကြပေ။

ရှမ်းတရုတ်သူဌေး သေဆုံးသွားပြီးနောက် ဆက်ခံသူမရှိကြတော့သဖြင့် ဒီအတိုင်းပင် ရပ်တံ့သွားကြသည်။

ဆောက်လက်စအဆောက်အဦးများကိုပင် ထိုအ

www.burmeseclassic.com



တိုင်းပင် ပစ်ထားခဲ့ကြသည်။ ကာလကြာတော့ သစ်သားဖြင့် ပြုလုပ်ထားသော အဆောက်အဦးတို့မှာ ခြစား၊ ဆွေးမြေ့ပြီး ပျက်စီးပြိုပျက်သွားခဲ့ကြသည်။

နောက်ဆုံးမှာတော့ ခြုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်များ၊ ကြခတ်ဝါးတောကြီးများ ပိတ်ဆီးကာ တောကြီးသဖွယ် ဖြစ်နေကြလေသည်။

နေဝင်ရီတရောအချိန်ရောက်ကာမှ ထိုနေရာအနီးမှ ဖြတ်သွားဖြတ်လာပြုသူတို့မှာ အခြောက်အလှန့်ခံကြရသည်။ ခြံအတွင်းမှ ကျောက်မောင်းထုသံကဲ့သို့ အသံများ ကြားကြရခြင်း၊ အော်သံဟစ်သံများကြားရခြင်း၊ တစ်ခါ တလေလည်း ထိုအတွင်းမှာ သွားလာနေသော လူရိပ်လူခြေ များကို တွေ့မြင်ကြရသည်။

တစ်ခါက ပုညရှင်စေတီဘက်မှ ပြန်ဆင်းလာသော လူရွယ်နှစ်ယောက်တို့မှာ နေဝင်ရီတရောအချိန်ရောက်မှ ရှပ ပါလခြံကြီးအနီးသို့ ရောက်လာကြသည်။

သူတို့ရောက်လာသောအချိန်တွင် ထိုနေရာရောက် တော့ ဆောင်တော်ကူးပန်းရနံ့များ ရကြသည်။

ရင်းတို့နှစ်ယောက်မှာ အခြားနေရာမှလာကြသူများ ဖြစ်ကြသဖြင့် ထိုခြံကြီးအကြောင်းကို ကောင်းစွာမသိကြရှာ ပေ။

ထိုကဲ့သို့ ဆောင်တော်ကူးရနံ့များ ရပြီးနောက်မှာ တော့ သစ်ပင်ကွယ်နောက်မှ အမျိုးသမီးနှစ်ယောက် ထွက်





လာသည်ကို တွေ့ရလေသည်။

လူရွယ်နှစ်ယောက်က ထူးဆန်းသည်ထင်သဖြင့် ကြည့်နေကြစဉ်မှာ ချက်ခြင်းဆိုသလို ဖျတ်ခနဲ ပြန်ပျောက် သွားတော့မှ သဘောပေါက်ကာ ခြေကုန်သုတ်ကာ ပြေးရှ လေသည်။

အထူးသဖြင့် လပြည့်လကွယ်ညများရောက်လျှင် ထိုခြံကြီးအတွင်းမှ မီးရောင်များမြင်တွေ့ရခြင်း၊ လူသံ၊ သူသံ၊ နွားလှည်းသံ၊ ခြူသံ၊ နွားမောင်းသောအသံများကို ကြားကြရ သည်။ တစ်ခါတရံလေလည်း ပုဂံညောင်ဦးဘက်သို့ ဦးတည် သွားသော လှည်းတန်းကြီးကို မီးရောင်တထိန်ထိန်ဖြင့် မြင် တွေ့သူများပင်ရှိ၏။

ဒေသခံများကတော့ ထိုနေရာတွင် သိုက်ကုန်းရှိ ကြောင်းကို လက်ခံကြသော်လည်း လူသေလောက်သည်အ ဒိ နှိပ်စက်သည်ကိုတော့ လက်မခံချင်ကြပေ။

"လူကြမ်းရင် နတ်ကြမ်းတောင်မခံနိုင်တာ ဒီသရဲ အစ္စေတွေက ဘာလုပ်နိုင်မှာမို့လဲ လာခြောက်ပြတော့လည်း ဘတ်ဝွဲကြည့်သလို ထိုင်ကြည့်နေရုံပေါ့. . "

ထန်းရေသမားတစ်ယောက်က ထန်းရေသောက် မင်းနှင့် ခပ်ကြွားကြွားလေသံမျိုးဖြင့်ပြောသည်။

"မင်းက တယ်လည်းအပြောကြွားသကိုးကွ. . မင်း တို့လိုလူတွေ သေတာလည်း မနည်းတော့ဘူး၊ သိုက်ထဲမှာ ရွာ ညည်လိုတောင် ရလောက်နေပြီ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မယုံပါဘူး. ."

"ဒါဖြင့် အဲ့ဒီရှုပါလခြံကြီးထဲမှာ မင်းတစ်ယောက်တည်း သွားအိပ်ဝံ့မလား. ."

"အိပ်ဝံ့တော့ ဘာရမှာလဲ. ."

"မနက်မိုးလင်းလို့ မသေမပျောက်ပြန်လာရင် မင်းကို ငါမွေးထားတဲ့ ဆိတ်မတစ်ကောင်ပေးမယ်. ."

"ဟန်ကျလိုက်ပေါ့ကွာ. . တစ်ညအိပ်ရုံနဲ့ ဆိတ်မတစ်ကောင်ရမှာဆိုတော့ မဆိုးဘူး၊ ကိုင်း. . ငါ ဘယ်တော့သွားအိပ်ရမလဲပြော. ."

"မင်းအိပ်ချင် ဒီညပဲသွားအိပ်ပေါ့ကွာ. . ငါ့ဘက်ကတော့အဆင်သင့်ပဲ. ."

"မင်းကတိသာတည်ပါစေ. . မိုးလင်းရင်သာ မင်းခြံထဲလာပြီး ငါကြိုက်တဲ့ဆိတ်မတစ်ကောင် လာဖမ်းယူမှာပဲ"

ဟု ပြောဆိုကြလေသည်။

တစ်ညသွားအိပ်မည့်သူ၏အမည်မှာ 'ထွန်းခင်' ဖြစ်သည်။ သူသည် ထန်းရည်မူးနေသည့်အချိန်ကများပြီး အလုပ်ကို မယ်မယ်ရရမလုပ်ချင်သူဖြစ်သည်။ ယခုလို သက်တောင့်သက်သာဖြင့် ဆိတ်မတစ်ယောက်ရမည်ဆိုသောအခါ စိတ်ပါလက်ပါနှင့်ပင် ရှုပါလခြံထဲသို့ တစ်ညသွားနေရန်ဖြစ်သည်။

နေဝင်ကာနီးရောက်တော့ အဖော်နှစ်ယောက်က ထွန်းခင်ကို ခြံဝန်းအစပ်ရောက်သည်အထိ လိုက်ပို့ပေးကာ





ပြန်သွားကြလေသည်။

ထွန်းခင်ကတော့ ပုဆိုးကြမ်းအပိုတစ်ထည်ကို စလွယ်သိုင်းပြီး လက်နှိပ်ဓါတ်မီးတစ်လက်၊ ဓါးတစ်ချောင်းယူကာ ခြံထဲသို့ဝင်သွားလေသည်။

ခြံဝန်းထဲတွင် ယခင်အလုပ်သမားများ ဆောက်လုပ်ထားခဲ့သော အဆောက်အဦးအပြိုအပျက်များ ရှိနေသေးသည်။

နွယ်ပင်များ၊ ချုံများဖုံးအုပ်နေသဖြင့် အချို့မမြင်ရတော့ပေ။ အချိန်က ညဦးပိုင်းအချိန်ရောက်သောအခါ ခြံဝန်းထဲမှာ အလင်းရောင်ပျောက်သွားတော့သည်။ သစ်ပင်ရိပ်များ အုပ်မိုးထားသောကြောင့် အမှောင်ထုကပိုများနေသည်။

ထွန်းခင်ကတော့ မပျက်သေးသော တဲဟောင်းတစ်လုံးသို့သွားကာ အိပ်ဖို့ပြင်နေသည်။ ထွေထွေထူးထူးတော့မထုတ်ပေ။ ဖုံများအမှိုက်များကိုဖယ်ရှားပြီး တုံးတစ်တုံးကိုခေါင်းအုံး၍ ပါလာသောပုဆိုးခြုံအိပ်ရန် ပြင်နေခြင်းဖြစ်သည်။

ထွန်းခင်မှာ ညနေကတည်းက ထန်းရေမူးအောင်သောက်ထားသောကြောင့် ထိုနေရာရောက်သည်နှင့် ထွေထွေထူးထူးမစဉ်းစားတော့ဘဲ ပုဆိုးခြုံကာအိပ်တော့သည်။

ထန်းရေမူးနေသည်ကတစ်ကြောင်း၊ ပင်ကိုယ်က မကြောက်တတ်သူဖြစ်သောကြောင့် ရောက်သည်နှင့်ပင် အိပ်ပျော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ခင် သူ့စိတ်ထဲမှာတွေးနေသည်ကတော့ မနက်မိုးလင်းသည်နှင့် အလောင်းအစားပြုလုပ်ထားသော မောင်ငွေခြံထဲသို့သွားရောက်ကာ ဆိတ်မတစ်ကောင်ဖမ်းယူရန်ပင်ဖြစ်သည်။

အတွေးကောင်းကောင်းနှင့် အိပ်ပျော်သွားရာ အချိန်မည်မျှကြာသွားသည်မသိပေ၊ တစ်စုံတစ်ယောက်က လာနှိုးတော့ လန့်ဖျတ်ပြီးပြန်နိုးလာသည်။

ထကြည့်လိုက်တော့ သူအိပ်နေသောနေရာနံဘေးနားတွင် အဘိုးကြီးတစ်ယောက် ရပ်နေသည်ကိုတွေ့ရသည်။

"ဘာလုပ်နေတာလဲ. ."

အဘိုးကြီးကမေးသည်။

"အိပ်နေတာလေ. . ဘာကြောင့်နှိုးတာလဲ. ."

"ဒီနေရာက အိပ်ရမယ့်နေရာမှမဟုတ်တာ. . သွားသွား. . ပြန်ပေတော့. ."

"မပြန်ပါဘူးဗျာ. . ပြန်ရင် ဆိတ်မတစ်ကောင် ဘယ်ရပါတော့မလဲ. ."

"မင်းသေမှာမို့ ငါကလာပြောနေတာ. . ဆိတ်မက ဘယ်လိုရမှာလဲ. . ."

"ဒီမှာတစ်ညအိပ်ရင် ဆိတ်မတစ်ကောင်ပေးမယ်လို့ လောင်းကြေးထပ်ထားတယ်ဗျ. . ဒါကြောင့် မိုးမလင်းခင်ပြန်လို့မဖြစ်ဘူး. ."

"မင်းက အတော့်ကိုမိုက်မဲပေတာပဲကိုး. . ဒါထက်





မေးပါရစေဦး. . လောင်းကြေးထပ်ထားတယ်ဆိုတော့ ဟိုဘက်က ဆိတ်မတစ်ကောင်ပေးရတယ်၊ မင်းဘက်က ဘာပေးရသလဲ"

"ဘာမှပြန်ပေးစရာမလိုဘူး . ဒီမှာအိပ်ရုံပဲ"

ထွန်းခင်က အိပ်ချင်မူးတူးလေသံဖြင့် ပြောလိုက်သည်။

"မင်းကို ဒါကြောင့် မိုက်မဲတယ်လို့ပြောတာပေါ့. . မင်းကဘာမှမပေးရဘူးလို့ ထင်နေတယ်၊ တကယ်လို့ မင်းရှုံးသွားရင် ပေးရမှာ မင်းအသက်ဘဲဆိုတာရော တွေးမိရဲ့လား မင်းအသက်က ဆိတ်မတစ်ကောင်လောက်ပဲ တန်ဖိုးရှိတာလား"

ထိုစကားကြားသောအခါ ထွန်းခင်က ဘာမှပြန်မပြောသာပဲ မျက်လုံးအပြူးသားဖြင့် အဘိုးကြီးအား မော့ကြည့်နေသည်။

"မင်းသိထားဖို့က ဒီနေရာ ဘယ်သူမှလာနေလို့မရဘူး၊ ငါတို့ခွင့်မပေးဘဲနဲ့ ညဘက်နေရင်သေမှာပဲ၊ ဒီတော့ မင်းလိုချင်တဲ့ဆိတ်မတစ်ကောင်ကို ငါပေးလိုက်မယ်. . ၊ မင်းသန်းခေါင်မကျော်ခင် ဒီနေရာကပြန်ထွက်သွားပေတော့. ."

ဟု ထွန်းခင်ကို တဲအောက်သို့ခေါ်သွားပြီး ဘယ်နေရာမှယူလာမှန်းမသိသော ဆိတ်မကြီးတစ်ကောင်ကို ပေးလေသည်။

ထွန်းခင်စိတ်ထဲမှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"**တန့်တ္တလိုက်တာ**. . ငါလိုချင်တာရပြီဆိုတော့ ဒီ**တောထဲမှာ** ခြင်ကိုက်ခံပြီး ဆက်နေစရာမလိုတော့ဘူး. . **အိမ်ပြန်တော့မယ်**. . "

ဟု တွေးတောပြီး အဘိုးကြီးပေးသောဆိတ်မကြီးကို **ကြိုး**ဖြင့်ဆွဲကာ ညအချိန်မတော်ကြီး အိမ်သို့ပြန်သွားလေသည်။ ဆိတ်မကြီးကလည်း ရုန်းဖယ်ခြင်းမရှိဘဲ နောက်မှပင်ဖြောင့်ဖြောင့်လိုက်လာလေသည်။

ထွန်းခင်မှာ အိမ်ရောက်သည်နှင့် ယူလာသောဆိတ်မကို နောက်ဖေးဘက်တွင် ကြိုးဖြင့်ချည်ထားလိုက်ပြီး အိမ်ပေါ်သို့တက်အိပ်ရာ မကြာခင် အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့မိုးလင်းတော့မှ မောင်ငွေတို့ရောက်လာပြီး နိုးတော့မှ ပြန်နိုးလာလေသည်။

"ဘယ်လိုလဲ ထွန်းခင်. . ငါတို့က မင်းအလောင်းသယ်ဖို့ ဟိုခြုံထဲကိုသွားကြတာ ဟိုမှာမတွေ့လို့ ဒီလိုက်လာတော့မှ အိမ်မှာအိပ်နေတာတွေ့ရတော့တယ်. . ၊ ဘာလဲ. . ပြောတုန်းကပြောပြီး မအိပ်ဝံ့တော့လို့ ညအချိန်မတော်ကြီး ပြန်ပြေးလာတာလား. . "

ဟု မောင်ငွေကမေးသည်။

ထိုအခါ ထွန်းခင်က နေရာမှထရင်း သဘောကျစွာရယ်မောလိုက်သည်။

"ကြောက်လို့ပြန်လာတာမဟုတ်ပါဘူးကွာ. . ၊ မင်းနဲ့





လောင်းထားတဲ့အတိုင်း ဆိတ်မတစ်ကောင်ရလာလို့ ငါပြန်လာတာပါ. . . "

ထိုစကားကြားတော့ မောင်ငွေတို့မှာ မျှားစွာအံ့ဩသွားကြလေသည်။

"ဘယ်. . ဘယ်သူပေးလိုက်တာလဲ. . "

"အဲဒီမှာတွေ့တဲ့ အဘိုးကြီးတစ်ယောက်က ပေးလိုက်တာ. . "

"ဟုတ်ရဲ့လားကွာ. . မင်းရလာတဲ့ဆိတ်မ ဘယ်မှာလဲ"

"နောက်ဘက်မှာ ကြိုးနဲ့ချည်ထားတယ်"

ဟုပြောပြီး ထွန်းခင်ကိုယ်တိုင် သူယူလာသောဆိတ်မကြီးကို လိုက်ပြသည်။

"ဟင်. . . "

နောက်ဘက်ရောက်တော့ ဆိတ်မကိုမတွေ့ရတော့ပေ။ ထိုနေရာတွင် အဝတ်ဖြင့်ပတ်ထားသော လူအရိုးစုကြီးကို ကြိုးဖြင့်ချည်ထားသည်ကို တွေ့ကြရသည်။

"ငါချည်ထားတဲ့ဆိတ်မကြီးက ဘယ်လိုဖြစ်ပြီးအရိုးစုကြီးဖြစ်သွားတာလဲ. . "

"အဲဒါ မင်းကို သရဲခြောက်လိုက်တာပေါ့ကွ. . ၊ ကကောင်းနေသေးလို့ အသက်မသေသေးတာဖြစ်မယ်၊ တော်ပါပြီကွာ. . နောက်တော့ ဒီလောက်အန္တရာယ်များတာတွေနဲ့ အလောင်းအစားမလုပ်တော့တာ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုရေရွတ်ကာ မောင်ငွေတို့က ပြန်သွားကြလေတော့သည်။ ထွန်းခင်မှာသာ အဝတ်စပတ်ထားသော အရိုးစုကြီးကိုကြည့်ရင်း ငိုရအခက် ရယ်ရအခက်နှင့် ကျန်ခဲ့တော့သည်။

နောက်ပိုင်းတော့ ထွန်းခင်မှာ အရက်နှင့်ထန်းရေ ပြတ်သွားပြီး ရဟန်းဝတ်ကာ တရားအလုပ်ကိုသာ လုပ်ပေတော့သည်။ ဆိတ်မတစ်ကောင်ကိုအကြောင်းပြုပြီး အကျွတ်တရားရသွားသောထွန်းခင်ကို ရဟန်းဘဝရောက်တော့လည်း ဆိတ်မဘုန်းကြီးဟူ၍သော်လည်းကောင်း၊ ၎င်းနေသောကျောင်းကို ဆိတ်မကျောင်းဟူ၍သော်လည်းကောင်း မိတ်ဆွေရင်းချာတို့က ခေါ်ဝေါ်ကြသည်။

အထက်ဖော်ပြသောအကြောင်းအရာများမှာ သိုက်ကုန်းဟုနာမည်ကြီးလှသော ရွှေပါလကုန်းနှင့်ပတ်သက်သည့် အကြောင်းအရာအချို့ပင်ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များထဲတွင် စိတ်ဝင်စားဖွယ်ရာကောင်းသော အခြားအကြောင်းအရာတစ်ခုလည်း ရှိပေသေးသည်။

တစ်နေ့တော့ ဘုရားဖူးများကို တောင်ပေါ်သို့လိုက်ပို့ပေးသော မြင်းလှည်းတစ်စင်းမှာ ရွှေပါလခြံကြီးနားရောက်တော့ ညနေစောင်းအချိန်ရောက်ရှိနေပေပြီ။ မမှောင်သေးသော်လည်း အလင်းရောင်က သိပ်မရှိတော့ပေ။ သစ်ပင်ကြီးများအုံ့ဆိုင်းနေသောကြောင့်လည်း ပို၍မှောင်နေသကဲ့သို့ ရှိ





နေပေသည်။

မြင်းလှည်းမောင်းသမားမှာ စစ်ကိုင်းဒေသခံမဟုတ်သောကြောင့်လည်း ရွှေပါလကုန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဂယနဏ သိပ်မသိသေးသူဖြစ်သည်။

လူသူမရှိသော ထိုခြံကြီးနားရောက်တော့ မြင်းမှာ ရှေ့ဆက်မသွားတော့ဘဲ ပဒပ်ရပ်နေတော့သည်။

"ဟဲ့. . ကြာလေးစိန် ဘာဖြစ်တာလဲ. . ဖြောင့်ဖြောင့်သွားလေ. ."

ကြာပွတ်ကိုမြှောက်ပြီး ခေခိုင်းသည့်တိုင် မြင်းက ဆက်မသွားဘဲ ပေပြီးရပ်တုံ့နေလေသည်။

ခဏကြာတော့ လေနှင့်အတူပါလာသော ဆောင်တော်ကူးပန်းရနံ့များကိုရလာပြီး တောစပ်မှ အမျိုးသမီးနှစ်ယောက် ထွက်လာသည်။

ရုပ်ရည်ချင်းတူသလို အရွယ်ချင်းကလည်း မတိမ်းမယိမ်းရှိကြသည်။ သူတို့နှစ်ယောက်ထွက်လာတော့ စောစောက ဂဏှာမငြိမ်ဖြစ်နေသောမြင်းက ပြန်ငြိမ်သွားလေသည်။

"မြင်းလှည်းအားပါသလားရှင်"

"အားတော့အားပါတယ်. . ဘယ်သွားကြမှာလဲ"

"အနုရုဒ္ဓါချောင်ဘက်ကိုသွားမှာပါ. ."

"ဒီလိုဆိုရင်တော့ အဆင်ပြေပါတယ်၊ အချိန်ရှိမှောာ့လို့ တောင်ပေါ်ကိုသာ လိုက်မပို့ပေးနိုင်တော့တာပါ. ."

အမျိုးသမီးနှစ်ယောက်က မြင်းလှည်းပေါ်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့နှစ်ယောက်အပေါ်ရောက်တော့ မြင်းလှည်းကိုမောင်းထွက်ရာ စောစောက ပေကပ်ကပ်ဖြစ်နေသောမြင်းက ဖြောင့်ဖြောင့်ပင်သွားလေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

လမ်းရောက်တော့ နောက်မှာထိုင်လာသောအမျိုးသမီးတစ်ယောက်က မေးသည်။

"မောင်မြတ်စံလို့ခေါ်ပါတယ်"

"ရှင်က စစ်ကိုင်းမှာနေတာလား. ."

"အခုတော့ စစ်ကိုင်းမှာနေပါတယ်၊ ဒါပေမယ့် စစ်ကိုင်းဇာတိတော့မဟုတ်ပါဘူး. . အရင်က တံတားဦးဘက်မှာ နေတာပါ. ."

"ဒါထက်. . ရှင့်မြင်းလှည်းကို မနက်စောစော ခေါ်ချင်တယ်. . လာပေးနိုင်မလား"

"ဘယ်အချိန် လာပေးစေချင်သလဲ"

"အရုဏ်မတက်ခင်ပေါ့. ."

"ဟဲ့င်. . ဒီအချိန်ကြီး ဘယ်ကိုသွားကြမှာမို့လဲ"

"ပုညရှင်စေတီတော်ကြီးသွားမှပါ. . အရုဏ်ဆွမ်းသွားကပ်ချင်လို့ပါ. ."

"ကျွန်တော်လည်း ဒီအရပ်ဒေသသားမဟုတ်တော့ ဒီနေရာတွေအကြောင်းတော့ သိပ်ပြီးမသိလှပါဘူး၊ လူပြောသူပြောနဲ့ကြားဖူးတာကတော့ ပုညရှင်စေတီတော်ကြီးကို လူတွေဆွမ်းဦးကပ်လို့မရဘူးလို့ ပြောသံကြားမိတယ်. ."





"အို. . ဒါကတော့ စောစောမသွားကြလို့ ကပ်ခွင့်မရကြတာဖြစ်မှာပေါ့၊ ကျွန်မတို့က စောစောသွားရင် ကပ်ခွင့်ရချင် ရမှာပေါ့. . ၊ ရှင်သာပို့ပေးနိုင်မပေးနိုင်ပြောပါ. ."

ထိုစကားကြာတော့ မောင်မြတ်စံ ဘာမှပြန်မပြောသေးဘဲ အတော်ကြာသည်အထိ စဉ်းစားနေလေသည်။

ထိုသို့စဉ်းစားနေတော့ နောက်မှအမျိုးသမီးတစ်ယောက်ကထပ်မေးသည်။

"ရှင်မြင်းလှည်းမောင်းတာ တစ်နေ့ဘယ်လောက်ရသလဲ. ."

"သုံးလေးကျပ်တော့ရပါတယ်. . အဆင်ပြေတဲ့နေ့ဆိုရင် လေးငါးကျပ်ရတဲ့အခါ ရတတ်ပါတယ်. ."

ထိုအချိန်က ငါးပြား၊ ဆယ်ပြားပင် တန်ဖိုးရှိလှသောအချိန်ဖြစ်ရာ သုံးလေးကျပ်ရလျှင် ချောင်ချောင်လည်လည်စားသောက်နိုင်သော ခေတ်ကာလဖြစ်သည်။

"ဒီလိုလုပ်လေ. . . ရှင် မနက်အရုဏ်မတက်ခင် ကျွန်မတို့ညီအစ်မကိုလာခေါ်ပြီး ဘုရားကိုလိုက်ပို့ပေးမယ်ဆိုရင် ငွေတစ်ဆယ်ပေးမယ် ဘယ်လိုလဲ. . ပို့ပေးနိုင်မယ်မဟုတ်လား"

ထိုစကားကြားတော့ မောင်မြတ်စံမှာ စိတ်ထဲမှာလှုပ်ရှားသွားလေသည်။ ငွေတစ်ဆယ်ဆိုသောပမာဏမှာ နည်းလှသည့် မဟုတ်ပေ။ တစ်ခါတစ်လေ သုံးလေးရက်လှာရင်တောင်မှ မရတတ်သည့်ငွေပမာဏမျိုး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ. . ပို့ပေးမယ်မဟုတ်လား"

"လာပို့ပေးပါ့မယ်. . မနက်ကျတော့ ဘယ်နေရာကို လာခေါ်ရမလဲ. ."

"စောစောကမြင်းလှည်းထွက်စီးတဲ့နေရာကိုပဲ လာခဲ့ပါ၊ ကျွန်မတို့စောင့်နေပါ့မယ်. . ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အခုလို အချိန်မတော်ကြီး ကျွန်မတို့ကိုလိုက်ပို့ပေးရမယ်ဆိုတာ ဘယ်သူမှမသိပါစေနဲ့. ."

"ဘာဖြစ်လို့လဲဟင်. ."

"တခြားကြောင့်မဟုတ်ပါဘူး. . ကျွန်မတို့က မိန်းကလေးနှစ်ယောက်တည်း ထွက်စောင့်နေကြရမှာဆိုတော့ တခြားသူတွေသိသွားရင် လာပြီးအနှောင့်အယှက်ပေးကြမှာစိုးလို့ပါ"

"စိတ်ချပါ. . ဘယ်သူ့မှမပြောပါဘူး. ."

ထို့နောက်မှာတော့ မြင်းလှည်းက အနုရုဒ္ဓါချောင် အနီးသို့ရောက်လာသဖြင့် သင့်တော်သောနေရာတွင် ရပ်တံ့ပေးလိုက်သည်။ မိန်းကလေးနှစ်ယောက်က အောက်သို့ဆင်းပြီး ငွေဒင်္ဂါးတစ်ပြားလာပေးသဖြင့် ပြန်အမ်းဖို့ရှာဖွေနေစဉ် ထိုအမျိုးသမီးနှစ်ယောက်က ခြံဝန်းအတွင်းသို့ ဝင်သွားကြလေတော့သည်။

မောင်မြတ်စံလည်း တအံ့တသြဖြင့်ကျန်ခဲ့လေသည်။

နောက်တစ်နေ့တွင် ထိုမိန်းကလေးနှစ်ယောက်ကို လိုက်ပို့တော့မှ ပိုငွေကိုပြန်ပေးတော့မည်ဟုစိတ်ကူးကာ မြင်း





လှည်းကိုဆက်မောင်းလာတော့သည်။

ထိုညမှာတော့ ကောင်းစွာအိပ်မပျော်ဘဲ မနက်စောစောသွားရမည့်ကိစ္စကိုသာ အာရုံရောက်နေလေသည်။ အရုဏ်တက်ချိန် မရောက်ခင်ကတည်းက မြင်းကို အစာ ရေစာကျွေးမွေးပြီး မြင်းလှည်းပြင်ဆင်ကာထွက်ခဲ့လေသည်။

သူတို့နေသောနေရာမှာ တောင်ကြောပေါ်မှာပင်ရှိသောကြောင့် သိုက်ကုန်းရှိသောနေရာနှင့် ဝေးလှသည်တော့ မဟုတ်ပေ။

ညအချိန်ပင်ဖြစ်သော်လည်း လရောင်ရှိနေသောကြောင့် တောင်ကြောပေါ်မှာ သွားလာ၍ရနေလေသည်။

ချိန်းထားသောနေရာရောက်တော့ ဆွမ်းအုပ်၊ ဆွမ်းချိုင့်တို့ကိုကိုင်ပြီး စောင့်နေကြသည့်အမျိုးသမီးနှစ်ယောက်တို့ကို တွေ့ရလေသည်။

သို့ကြောင့် ၎င်းတို့နှစ်ယောက်ကို မြင်းလှည်းပေါ်တင်ပြီး ဆွမ်းဦးပုညရှင်စေတီတော်သို့ လိုက်ပို့ပေးလိုက်သည်။

နှစ်ယောက်သား မြင်းလှည်းပေါ်မှဆင်းတော့ ငွေဒင်္ဂါးဆယ်ပြား ထုတ်ပေးလေသည်။

"များလှပါတယ်ဗျာ. . ဒီလောက်မယူပါရစေနဲ့"

"နည်းတယ်များတယ်လို့လည်း သဘောမထားပါဘူးရှင် အခုလို အချိန်မတော်ကြီး တကူးတကလိုက်ပို့ပေးတာကိုပဲ ကျွန်မတို့က ကျေးဇူးတင်လှပါပြီ. .၊ ပိုတော့လည်း ယူသွားထားပါ၊ ဒါ့ထက် နောက်ရက်တွေလည်း အခုလို ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ချိန်အမီ လိုက်ပို့ပေးနိုင်ဦးမလား. ."

"ပို့ပေးနိုင်ပါတယ်. . ကျွန်တော်လာခဲ့ပါ့မယ်"

ဟု ပြောဆိုပြီး ပြန်လာခဲ့လေသည်။

မိန်းကလေးနှစ်ယောက်မှာ ဆွမ်းကပ်လှူရန်အတွက် ဘုရား၌ပင်နေခဲ့ကြလေသည်။

နောက်ရက်များမှာတော့ မောင်မြတ်စံတစ်ယောက် နေ့အချိန်များတွင် မြင်းလှည်းမထွက်တော့ဘဲ ညအချိန်၌သာ တစ်ခေါက်တည်းမောင်းတော့သည်။

သူများတွေမြင်းလှည်းမောင်းထွက်ကြသည့် နေ့အချိန်များတွင် မောင်မြတ်စံတစ်ယောက်ကတော့ တစ်နေ့လုံး အိပ်နေပြီး အခြားသူများ မြင်းလှည်းသိမ်းသော ညဘက်ရောက်တော့မှ တစ်ယောက်တည်း မြင်းလှည်းမောင်းထွက်လေ့ရှိသည်။

ထိုအကြောင်းကိုလည်း မည်သူ့မှမသိအောင် လျှို့ဝှက်ထားသည်။

မောင်မြတ်စံတို့မှာ အမေတစ်ခု၊ သားတစ်ခုသာရှိပြီး မိခင်ကြီးကိုလုပ်ကျွေးနေသူဖြစ်သောကြောင့်လည်း ပူပန်စရာမရှိပေ။

တစ်ခါတလေ အခြားအဖော်များက မေးကြသည်။

"မြတ်စံ. . ဘာဖြစ်လို့ မြင်းလှည်းမောင်းမထွက်တော့တာလဲ. ."

"ငါ့မြင်းမလေး နေမကောင်းဖြစ်နေလို့ မထွက်ဖြစ်





သေးတာပါ. ."

ထိုမျှလောက်သာပြန်ပြောလေသည်။

ကျန်အဖော်များကလည်း ထွေထွေထူးထူးဆက်မမေးကြတော့ပေ။

မောင်မြတ်စံကတော့ နေ့ဘက်အိပ်ပြီး ညအချိန်ရောက်မှ မြင်းလှည်းထွက်လာပြီး မိန်းကလေးနှစ်ယောက်တို့အား ပုညရှင်စေတီတော်သို့ လိုက်ပို့ပေးရလေသည်။

နောက်လအနည်းငယ်ကြာသောအခါမှာတော့ မောင်မြတ်စံတို့သားအမိမှာ ထိုမှရသောငွေများ အတော်ပင်စုဆောင်းမိလာကာ ချောင်ချောင်လည်လည်ဖြစ်လာလေတော့သည်။

နောက်လအနည်းငယ် ကြာသောအခါမှာ မောင်မြတ်စံတစ်ယောက် နေအိမ်မှ ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။

သူမရှိတော့သည့်နောက်ပိုင်းတွင် မိခင်ဖြစ်သူမှာ ရှိသောငွေများဖြင့် ကျောင်းတစ်ဆောင်ဆောက်ကာ သီလရှင်ဘဝသို့ ကူးပြောင်းသွားလေတော့သည်။

မောင်မြတ်စံတစ်ယောက် ဘယ်နေရာရောက်ပြီး ဘယ်ပျောက်သွားသည်ကိုတော့ ဘယ်သူမှမသိနိုင်ကြတော့ပေ။

သို့သော်လည်း နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ဆိုသည့် အရုဏ်တက်ကာနီးအချိန်နီးလာသည်နှင့် ချွဲသံလွင်လွင်



www.burmeseclassic.com

www.burmeseclassic.com




ဖြင့် သွားလာနေသော မြင်းလှည်းသံကို ကြားကြရသည်။ အသံကြားသဖြင့် ထကြည့်တော့လည်း မြင်းလှည်းကိုမတွေ့ ကြရပေ။

ထိုမြင်းလှည်းသည် ညစဉ်ညတိုင်း အရုဏ်တက်ချိန် နီးလာသည်နှင့် ဆွမ်းဦးပုညရှင်စေတီတော်ရှိရာသို့ တက်သွားသောအသံကိုတော့ ကြားနေကြရပေသည်။







## အခန်း (၄)

# နီမောင်နှင့် ကပ္ပိယကြီးဦးဖန်ကောင်း

စစ်ကြိုခေတ်အချိန်ကာလတွင် စစ်ကိုင်းတောင်ပေါ်၊ ဆောင်ခြေတပိုက်နှင့် အနီးပတ်ဝန်းကျင်တွင် မှီတင်းနေထိုင်ကြသော ရွာအချို့ရှိခဲ့ကြသည်။

ရွာအတော်များများမှာ မိရိုးဖလာလုပ်ငန်းများဖြစ်ကြသော လယ်လုပ်ငန်း၊ ယာလုပ်ငန်း၊ ဆီကြိတ်သောလုပ်ငန်း၊ ယက္ကန်းခတ်သောလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ပန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း၊ ရွှေချည်ငွေချည်ထိုးသောလုပ်ငန်း၊ ထွန်းထည်လုပ်ငန်း၊ ငွေထည်မြုလုပ်သောလုပ်ငန်း၊ ထန်းတက်သောလုပ်ငန်းများလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုသူ များသည်။

စစ်ကိုင်းသည် ရှေးအခါကပင် အင်းဝ၊ အမရပူရ၊ မန္တလေးစသောမြို့များ အဆက်အသွယ်များပြီး ကုန်ပစ္စည်းများ လဲလှယ်ရောင်းချရာတွင် အမီကကျသောနေရာဒေသတစ်ခု ဖြစ်ခဲ့လေသည်။

ရှေးအခါကတော့ ထိုဒေသတွင်နေထိုင်ကြသူများမှာ လုပ်ငန်းဖွံ့ဖြိုးခြင်း၊ စီးပွားရေးကောင်းခြင်းများ ရှိခဲ့ကြသည်။ စစ်အတွင်းကာလရောက်သောအခါမှာတော့ စစ်ဘေးစစ်ရှောင်ဒဏ်များကြောင့် ပျက်စီးမှုများနှင့် ကြုံတွေ့ကြရသည်။

စီးပွားရေးများလည်း မကောင်းကြတော့ပေ။

ယခုနောက်ပိုင်း ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသောအချိန်မှာတော့ နေရာဒေသအတော်များများမှာ ပြန်လည်တည်ငြိမ်စပြုလာလေသည်။

အချိန်ကာလမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း (၁၉၄၉-၅၀) ဝန်းကျင်ကာလဖြစ်သည်။

စစ်ပြီးကာလဖြစ်သောကြောင့် နေရာဒေသများမှာ ပြန်လည်ထူထောင်ကာစ ပြုလုပ်နေကြသည့်အချိန်မျိုးလည်း ဖြစ်သည်။





စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သောနေရာများ၊ ဗုံးဒဏ်ထိခဲ့သောနေရာများကို ပြန်လည်ပြုပြင်ကြရလေသည်။

သို့သော် စစ်ကာလအတွင်းတွင် စစ်ကိုင်းတောင်သည် ဗုံးဒဏ်ခံရမှုနည်းသောနေရာများတွင် ပါဝင်လေသည်။

သို့ကြောင့် စစ်ကြီးဖြစ်ပွားနေသောကာလအတွင်းက မန္တလေး၊ အမရပူရ၊ အင်းဝ စသောမြို့များမှလူအချို့တို့သည် စစ်ကိုင်းတောင်ရိုးသို့သွားရောက်ကာ စစ်ဘေးရှောင်ခဲ့ကြလေသည်။

စစ်ကိုင်းတောင်ရိုးတလျှောက်တွင် တရားအားထုတ်နေကြသည့် သူတော်စင်၊ သူတော်ကောင်းတို့ပျော်မွေ့ရာ အရပ်ဒေသဖြစ်သောကြောင့်လည်း စစ်ဘီလူးတို့နှိပ်စက်ခြင်းမှ ကင်းဝေးခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

စစ်ပွဲကာလရောက်တော့ စစ်ကိုင်းတောင့်ရိုးတစ်လျှောက်တွင် ရွာငယ်၊ ရွာကြီးအချို့ ပေါ်ပေါက်လာကြသည်။ ထိုရွာများထဲတွင် 'ကျောက်ဖားရွာ' လည်းတစ်ရွာ အပါအဝင်ဖြစ်ပေသည်။

ကျောက်ဖားရွာမှာ ရွာကြီးတစ်ရွာဖြစ်သည်။

ရွာတည်စက ထိုနေရာတွင် ဖားပုံသဏ္ဍာန် ကျောက်တုံးကြီးတစ်တုံးတွေ့သဖြင့် အလွယ်တကူပင် ကျောက်ဖားရွာဟု အမည်ပေးခဲ့ကြခြင်းဖြစ်ပေသည်။

ကျောက်ဖားရွာသည် အိမ်ခြေများသောရွာကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ရွာဖြစ်ပြီး လုပ်ငန်းမျိုးစုံလုပ်ကိုင်စားသောက်ကြသည့်လူများ စုဝေးနေထိုင်ကြသည့်ရွာမျိုးလည်းဖြစ်သည်။

နီမောင်တို့မိသားစုက ကျောက်ဖားရွာတွင်နေထိုင်ကြသည်။ ပထမက မြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်ကြသူများ ဖြစ်သော်လည်း စစ်ကာလအတွင်း တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းကြရင်းဖြင့်. . . အသိမိတ်ဆွေများရှိသော ကျောက်ဖားရွာသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့မိသားစုမှာ မများလှဘဲ လေးယောက်သာရှိကြလေသည်။

နီမောင်က သားအကြီးဖြစ်ပြီး အသက်(၂၅)နှစ်သာရှိသေးသည်။ ညီမငယ်တစ်ယောက်ရှိပြီး နှင်းမေဖြစ်သည်။ နှင်းမေက(၁၇)နှစ်ကျော် (၁၈)နှစ်လောက်သာရှိပေသေးသည်။

ဖခင်ဦးဘရှိန်နှင့် မိခင်ဒေါ်ကျင်မေတို့ကတော့ အသက်အရွယ် (၆၀)ကျော်ကြပြီမို့ တရားရှုမှတ်ရင်း ပုတီးစိပ်ရင်းနှင့်သာ နေကြသည်။

နီမောင်က မြင်းလှည်းတစ်စီးထောင်ထားပြီး မြင်းလှည်းမောင်းပေသည်။ နှင်းမေက ဆိုင်ကြိတ်သောစက်တွင် ပဲရွေးပဲကောက်သည့်အလုပ်ကို လုပ်သည်။

မိသားစုနည်းသောကြောင့် မောင်နှမနှစ်ယောက် လုပ်စာနှင့်ပင် မပူမပင် စားသောက်နိုင်ကြလေသည်။

နီမောင်က နေ့စဉ်မြင်းလှည်းထွက်ပြီး ရသမျှပိုက်ဆံကို မိခင်ကိုပေးသည်။ လောင်းကစား၊ အပျော်အပါးနှင့် အ





သောက်အစားကင်းသူဖြစ်သောကြောင့် ရှာဖွေရသမျှငွေက အဖတ်တင်သည်။

စစ်ကိုင်းတောင်ရိုးပေါ်တွင် တစ်ဝါတွင်းလုံး ဘုရားပွဲများက ဆက်နေရာ ထိုရက်များတွင် မြင်းလှည်းဆွဲရတာ ပိုပြီးအဆင်ပြေသည်။

စစ်ကိုင်းတောင်သည် တစ်နှစ်ပတ်လုံး ဘုရားဖူးများ၊ တရားအားထုတ်တို့ အသွားအလာများသည့်နေရာဖြစ်သော်လည်း အထူးသဖြင့် ပိုပြီးစည်ကားသောအခြားအချိန်များလည်း ရှိပေသည်။

ဝါတွင်းကာလတွင် စစ်ကိုင်းတောင်ရိုးပေါ်ရှိဘုရားများ၏ ဝါစဉ်ဘုရားပွဲတော်များ ကျင်းပသောအချိန်နှင့် ဝါခေါင်လတွင် မတ္တရာတွင်ကျင်းပသော တောင်ပြုံးနတ်ပွဲကျင်းပသော အချိန်ကာလဖြစ်သည်။

ထိုနှစ်အချိန်တွင် အခြားအချိန်များထက် လူသွားလူလာပိုများပြီး စည်ကားလှသောအချိန်ဖြစ်ပေရာ မြင်းလှည်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသူတို့ များစွာအဆင်ပြေသော ရက်များဖြစ်ကြလေသည်။

တစ်ဝါတွင်းရှာဖွေထားလျှင် တစ်နှစ်လုံးထိုင်စား၍ရသောက်သည်ဟုလည်း ပြောစမှတ်ရှိကြသည်။

နီမောင်တို့နေသောကျောက်ဖားရွာမှာ မဟာဗောဓိကျောင်းရှိပြီး ထိုကျောင်းတွင် နီမောင်နှင့်များစွာခင်မင်ရင်းနှီးသော ကပ္ပိယကြီးတစ်ဦးရှိသည်။

www.burmeseclassic.com



ဦးဗန်ကောင်းပင်ဖြစ်သည်။

နီမောင်က မြင်းလှည်းနားသောအချိန်တွင် အလကားမနေဘဲ ကျောင်းသို့သွားကာ ကပ္ပိယကြီးထံတွင် ပညာအချို့ သင်ယူလေသည်။

ဦးဗန်ကောင်းသည် အသက်(၅၀)ကျော်အရွယ်သာရှိသေးသော်လည်း ပညာရပ်အတော်များများတို့စွာကို နှံ့စပ်ကျွမ်းကျင်မှုရှိလေသည်။

၎င်းတတ်ကျွမ်းသော ပညာအတော်များများမှာ ဂမ္ဘီရနှင့်သက်ဆိုင်သော ပညာရပ်များလည်းဖြစ်သည်။

ဆေးပညာ၊ ဗိန္ဓောပညာ၊ အဌမုခေါက်ပညာ၊ ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ အက္ခရာပညာတို့အပြင် အဂ္ဂိရတ်ပညာကိုပါ ပေါက်မြောက်သည်အထိ စီရင်ပြုလုပ်နိုင်သူဖြစ်ပေသည်။

နီမောင် စိတ်ဝင်စားသောပညာမှာ..'အယူတော်မင်္ဂလာ' ကောက်ယူပုံနည်းများပင်ဖြစ်သည်။

ဦးဗန်ကောင်းကလည်း နီမောင်ကို တူသားတစ်ယောက်လို ခင်မင်နေသောကြောင့် တကူးတကအချိန်ပေးပြီး သင်ကြားနေခြင်း မဟုတ်စေကာမူ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းနှင့်ပင် လက်တွေ့ပြသကာ ပညာသင်ပေးသည်။

သို့ကြောင့် နီမောင်ပင်အတော်အသင့် ပညာအခံများ ရနေပြီဖြစ်လေသည်။

နီမောင်ကလည်း ကျောင်းသို့သွားလျှင် လက်ချည်း





သက်သက်ဖြင့်သွားသည်မျိုးမရှိဘဲ ဦးဗန်ကောင်းကြိုက်နှစ်သက်သော ကွမ်းဆေးလက်ဖက်၊ အစားအသောက်တို့ကို အမြဲယူဆောင်သွားလေ့ရှိသည်။

ထို့ပြင် ကျောင်းသို့ရောက်သောအခါ၌လည်း ကပ္ပိယကြီး မအားလပ်ပါက ရေခပ်ပေးခြင်း၊ ထင်းခွဲပေးခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကုသိုလ်ယူတတ်သည်။

ကပ္ပိယကြီးနေသောအခန်းမှာ ကျောင်းအနောက်ဘက်၌ရှိသော သီးခြားအဆောက်အဦး၌ဖြစ်ပြီး တစ်နေရာတွင် ထင်းများထားပြီး အခြားတစ်နေရာမှာတော့ ဖိုထိုးသောအခန်း ပြုလုပ်ထားလေသည်။

ထိုအခန်းမှာ အတော်ပင်ကျယ်ဝန်းလှပေရာ ဖိုခန်းအပြင် ဆေးဝါးပစ္စည်းများ၊ ဆေးဖော်ရာတွင်အသုံးပြုသောတိရိယာများ၊ ရှေးဟောင်းကျမ်းစာ၊ ပေစာများ၊ ပုရပိုဒ်များတိုလည်း သီးခြားစင်များပြုလုပ်ကာ တင်ထားလေသည်။

တစ်နေ့တော့ နံနက်ပိုင်းမြင်းလှည်းနားသဖြင့် ထုံးစံအတိုင်း ကွမ်းဆေးလက်ဖက်အစားအသောက်များကို လွယ်အိတ်အတွင်းသို့ထည့်လွယ်ပြီး ကျောင်းသို့သွားလေသည်။

လမ်းရောက်တော့ တစ်နေရာ၌ဝင်နေရာ အချိန်ကြာသွားသဖြင့် ဆွမ်းစားပြီးချိန်ကျော်တော့မှ ကျောင်းသို့ရောက်သွားလေတော့သည်။

ဦးဗန်ကောင်းက သူ့ကိုမြင်သောအခါ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး. . .

"အိမ်း. . မင်းရောက်လာတဲ့အချိန်က တနင်္ဂနွေနေ့ အတွက် အချိန်ကောင်းပဲပေါ့၊ ဒါကြောင့် မင်းကို အယူတော် မင်္ဂလာအတိတ်ကောက်ပုံကောက်နည်းလေးတွေ သင်ပေးရမယ်. ."

ဟု ခရီးရောက်မဆိုက်ပြောလေသည်။

"သင်ပေးတော့လည်း ယူရတာပေါ့. . ကပ္ပိယကြီးရယ်၊ ဒါထက် အယူတော်မင်္ဂလာ အတိတ်ကောက်ယူပုံ မသင်ခင် ကျွန်တော်အခုလာတဲ့အခါ လမ်းမှာဘာလုပ်ခဲ့တယ်ဆိုတာ အရင်မှန်အောင်ပြောပြပါဦး. ."

"ဒါကလွယ်လွယ်လေးပါကွာ. . မင်းအခု ဒီကိုလာရင်းနဲ့ လမ်းကအိမ်တစ်အိမ်မှာ နတ်ကန္နားပွဲပေးနေတာကို ဝင်ကြည့်ခဲ့တယ်မဟုတ်လား. ."

ဟု ကောက်ကာငင်ကာပြောလိုက်ရာ နီမောင်မှ များစွာအံ့ဩသွားတော့သည်။

"မှန်ပါတယ်၊ ဘယ်လိုအတိတ်နမိတ်ကောက်တယ်ဆိုတာလဲ ပြောပြပါဦး"

"ဒါကလွယ်ပါတယ်. . အခု မင်းရောက်လာတဲ့အချိန်က တနင်္ဂနွေရဲ့ အခါကောင်းသုံးပါးထဲမှာ တစ်ပါးပါတဲ့ မွန်းလွဲပိုင်းအချိန်လေ. .၊ ဒီအချိန်မှာ အနောက်ဘက်အရပ်က အရှေ့ဘက်ကိုမျက်နှာမူပြီးလာတဲ့ မင်းအနေနဲ့ ကောင်းသောနမိတ် (၁၆)ပါးထဲက တစ်ခုခုနဲ့ မုချတွေ့လာရမှာ သေ





ချာတာပေါ. .၊

ကောင်းသော အတိတ်နမိတ်တွေထဲမှာ နတ်ကန္နားပွဲပေးတာကို တွေ့ရခြင်းဆိုတာ တစ်ပါးပါတယ်လေ. . ."

"ဟုတ်ပါတယ်. . ကျွန်တော် ဒီကိုလာတုန်းမှာ ရွာထဲက အိမ်တစ်အိမ်မှာ နတ်ကန္နားပွဲပေးနေတာတွေ့လို့ ခဏဝင်ကြည့်ခဲ့ပါတယ်၊ ဒါထက်. . . ကပ္ပိယကြီးပြောတော့ ကောင်းသောနိမိတ် (၁၆)ပါးတောင်ရှိတယ်ဆို. .၊

အဲ့ဒီအများကြီးထဲကမှ နတ်ကန္နားပွဲကို ဝင်ကြည့်တယ်လို့ ဘာကြောင့်ရွေးပြောရတာလဲ. ."

"ဒါကလည်း မင်းပဲငါ့ကိုပြောတာပဲလေ"

"ဟင်. . ကျွန်တော်လည်း ကပ္ပိယကြီးကို နတ်ကန္နားပွဲ ကြည့်ခဲ့တယ်လို့ တစ်ခွန်းမှမပြောရသေးပါလား"

"ပြောတယ်ဆိုတာ ပါးစပ်ကဖွင့်ပြောမှမဟုတ်ပါဘူး အမူအရာကိုကြည့်ရင်လည်း သိနိုင်ပါတယ်. .၊

ဒီကနေ့ တနင်္ဂနွေနေ့၊ တနင်္ဂနွေနေ့ရဲ့ ပထမကောင်းတဲ့အချိန်မှာ စနေလာဘ်မှာရှိတယ်၊ မင်းက လွယ်အိတ်အနီရောင်ကို ရိုးရိုးမလွယ်ဘဲ စလွယ်သိုင်းလွယ်ထားတော့ ရင်ဘတ်မှာ အနီရောင်ကြိုးစည်းထားသလို ဖြစ်နေတယ်. .၊

ရင်ဘတ်မှာ အနီရောင်စည်းတယ်ဆိုတာ နတ်ဝင်သည်တွေမှ စည်းတာမဟုတ်ဘူးလား. ."

"ဟုတ်ပါတယ်. ."

"စနေလာဘ်အခါမှာ စနေနံ့နဲ့စပြီး ကြာသပတေးနံ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတဲ့နီမောင်ရဲ့နာမည်ရဲ့ ကက်ကင်းဟာ နတ်ပွဲမဟုတ်ဘူး လား၊ စနေအခါကို လာဘ်မယူဘဲ နတ်လို့ယူတာရယ်၊ နီမောင်နဲ့ နတ်ပွဲကို ကက်ကင်းထောက်ယူတာရယ်၊ လွယ်အိတ်အနီရောင်ကြိုးကို ရင်ဘတ်မှာသိုင်းထားတာရယ်ကို ကြည့်ရင် မင်းဟာ နတ်ပွဲ တစ်ပွဲကထွက်လာတာ ကျိန်းသေ တယ်လို့ အတပ်ပြောလို့ရပါတယ်..”

ဟု ရှင်းပြလေသည်။

“မှန်ပါတယ် ကပ္ပိယကြီး၊ ပညာစမ်းတယ်မထင်ပါနဲ့ ကျွန်တော့်လွယ်အိတ်အနီထဲမှာ ဘာပစ္စည်းပါသလဲ မှန် အောင်ပြောပြပါ..”

ဟု မေးလိုက်သောအခါ ကပ္ပိယကြီးက အတန်ကြာ အောင်စဉ်းစားနေပြီးမှ...

“အဲဒီလွယ်အိတ်ထဲမှာ ပုလင်းနဲ့ထည့်ထားတဲ့ အရည် တစ်မျိုးပါတယ်”

“ဒါကတော့ မှန်ပြီ၊ ဘာအရည်ဖြစ်မလဲ”

“နီမောင်နဲ့နတ်ပွဲဟာ ကက်ကင်းမိနေလေတော့ ပုလင်းနဲ့ ကက်ကင်းမိတဲ့ပစ္စည်းဆိုရင် ပျားရည်ပဲဖြစ်မှာပေါ့။ ဒါကြောင့် မင်းလွယ်အိတ်ထဲမှာ ပျားရည်ပုလင်းပါတယ်”

“မှန်ပါ့ဗျာ.. သွေးထွက်အောင်ကို မှန်တာပါပဲ၊ အဲဒါ ဘယ်လိုကောက်တယ်ဆိုတာလဲ ရှင်းပြပေးပါဦး..”

ထိုအခါ ဦးဗန်ကောင်းက ယွန်းကွမ်းအစ်ထဲမှ ကွမ်း တစ်ယောက်ကို အေးအေးဆေးဆေး ယာစားပြီးမှ ရှင်းပြ





သည်။

“မင်းမလာခင်ကလေးမှာပဲ ငါ့အခန်းထဲကို ကျောင်း ပေါ်က ကြောင်ညိုက ကြွက်လာဖမ်းတာတွေ့ရတယ်၊ ဒါ ပေမယ့် မမိလိုက်ဘူး..၊ အဲဒီလိုဖမ်းမမိခြင်းကို ပါဠိလို မုတ္တ လို့ခေါ်တယ်..၊ မုတ္တရဲ့အနက်အဓိပ္ပါယ်က လွတ်သွားခြင်း လို့ခေါ်တယ်..”

“အဲဒါနဲ့ ပျားရည်ပုလင်းနဲ့ ဘယ်လိုဆက်စပ်ပြီး အ တိတ်ကောက်ယူတာလဲ..”

“မုတ္တဆိုတာ လွတ်မြောက်ခြင်းလို့ အဓိပ္ပါယ်ရှိသလို နောက်တစ်မျိုးက ‘ပုလဲ’လို့လဲ အဓိပ္ပါယ်ရှိသေးတယ်၊ ဒါ ကြောင့် မင်းလွယ်အိတ်ထဲမှာ ပုလဲမရှိနိုင်တာသေချာမှတော့ ပုလဲနဲ့ကက်ကင်းမိတဲ့ ပုလင်းလို့ပြောလို့ရတယ်..၊

ဒါကြောင့် ပုလင်းထဲမှာ ပျားရည်ဆိုတဲ့ နောက်ထပ် ကက်ကင်းတစ်မျိုးပါဦးမှာမို့ ပျားရည်ပုလင်းလို့ အတတ်ပြော နိုင်တာပေါ့..၊ တစ်ကယ်လို့ မင်းက ပညာစမ်းတဲ့အနေနဲ့ ဘယ်နှပုလင်းပါမလဲလို့မေးရင် တနင်္ဂနွေနေ့ မွန်းလွဲ (၁၂)နာရီ ဟာ တစ်နာရီအတွင်း သူရဇ္ဇအခါဖြစ်တာမို့ တစ်ပုလင်းလို့ပဲ ထပ်ပြောရမှာပါ...”

ဟု စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။

“တော်ပါတယ် ကပ္ပိယကြီးရယ်၊ ကပ္ပိယကြီးရဲ့ အပူ တော်မင်္ဂလာနဲ့ အတိတ်နိမိတ်ကောက်ယူပုံတွေကတော့ အ ဆော့တိုဟန်ကျတာပဲ.. ဗေဒင်ဟောတာထက်တောင် ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မှန်မယ်ထင်တယ်. . ”

ဟု ချီးမွမ်းပြောဆိုကာ မိမိလွယ်အိတ်အတွင်းမှာ ထည့်ယူလာသော ပျားရည်ပုလင်းကိုထုတ်ယူပြီး ကပ္ပိယကြီးကို လှမ်းပေးလိုက်သည်။

“ဒီပျားရည်ပုလင်းက မင်းအဖေဆီက ယူခဲ့တာ မဟုတ်လား. . ”

“ဟင်. . မှန်ပြန်ပြီ. . ဘယ်လိုသိတာလဲဟင်. . ”

“သူရဇ္ဇအခါဆိုတာ ဦးခေါင်း၊ ဒါမှမဟုတ် ဖခင်လို့ ကောက်ရတယ်၊ မင်းက အဲ့ဒီပုလင်းကို ဦးခေါင်းပေါ်မှာ ရွက်မလာမှတော့ အဖေ့ဆီကပဲယူရမှာပေါ့. . ”

“ဒါလည်းမှန်ပါတယ်. . အဖေ ရွာထဲကဝယ်လာပြီး ပေးတာပါ၊ ဒါထက်. . . ကပ္ပိယကြီးရဲ့ အယူတော်မင်္ဂလာ ကောက်ယူပုံက ဗေဒင်တွက်တာထက် ပိုမှန်မယ်ထင်တယ်”

“နက္ခတ်ဗေဒင်ပညာနဲ့ အယူတော်မင်္ဂလာပညာက တူသယောင်ယောင်နဲ့မတူဘူး၊ အခြေခံသဘောတရားတွေ တူသယောင်ယောင်ရှိပေမယ့် ဟောချက်ကောက်ယူပုံချင်း မတူဘူး၊

နက္ခတ်ပညာက ပညာရပ်တွေကိုအခြေခံပြီး စနစ်တကျ တွက်ချက်ဟောပြောရတာ၊ အယူတော်မင်္ဂလာ ကောက်ယူပုံကတော့ ဒီလိုမဟုတ်ဘူး၊ လတ်တလောတွေ့ရတဲ့ အတိတ်နိမိတ်ကို ကောက်ယူပြီးတော့မှ ဟောရတာ. . ”

“ကျွန်တော့်ကို အတိတ်၊ တဘောင်ကောက်ယူပုံ





ကောက်ယူနည်းလေးတွေကို သင်ပေးပါလား ကပ္ပိယကြီး”

“ဒီပညာမျိုးက လွယ်လွယ်နဲ့တော့ ချက်ခြင်းသင်လို့ မရဘူး. . ၊ တဖြည်းဖြည်းနဲ့ သင်ယူလေ့ကျင့်မှရတဲ့ ပညာမျိုးကွယ့်၊ မင်းကို ဒီပညာနဲ့ပတ်သက်ပြီးတော့ အခြေခံပညာတွေလောက်တော့ ပြောပြပါ့မယ်. . ၊

အယူတော်မင်္ဂလာမှာ. . နိမိတ်၊ စနည်း၊ ဘဝေါ၊ အတိတ်၊ တဘောင်ဆိုတာတွေကိုသိရတယ်. . ”

“ဟုတ်ကဲ့. . ”

“အတိတ်ဆိုတာ ‘အတီတ’ ဆိုတဲ့ ပါဠိဘာသာက ဆင်းသက်ခဲ့တာပဲ၊ အတိတ်ကိုအဓိပ္ပါယ်ဖွင့်ရင် ရှေးကျခြင်းနဲ့ ပြီးခဲ့တဲ့အကြောင်းတွေကို ပြန်လည်ကောက်ယူခြင်းလို့ အဓိပ္ပါယ်ရှိတယ်. . . ”

“ဟုတ်ကဲ့. . . ”

“လူတွေ လွယ်လွယ်ပြောနေကြတဲ့ နမိတ်ဆိုတာက တော့ ‘နိမိတ်’လို့ခေါ်တယ်၊ နိမိတ္တဆိုတဲ့ ပါဠိဝေါဟာရကလာတာပဲ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးပါး၌ ဖြစ်ပျက်မယ့်အကြောင်းတွေကို သိခြင်းလို့အဓိပ္ပါယ်ရှိတယ်. . ”

“ဟုတ်ကဲ့. . ”

“စနည်းဆိုတာ ပေါရာဏစကားပဲ၊ မြန်မာစကားနဲ့ ပါဠိသက်ဝေါဟာရကို တွဲထားတဲ့ မိဿစကားပဲ၊ တွေ့သမျှကြားသမျှတွေကို စနည်းနာထွက်တဲ့နည်းပဲ၊

စနည်းနာထွက်ရင်းနဲ့ တွေ့သမျှကို အတိတ်ကောက်၊



www.burmeseclassic.com

www.burmeseclassic.com



ကြားသမျှကို နိမိတ်ကောက်တဲ့နည်းပဲ၊ စနည်းနာထွက်တယ်ဆိုတာ ရှေးဘုရင်တွေ အသုံးပြုလေ့ရှိတယ်”

“ဟုတ်ကဲ့..”

“ဘဝေါဆိုတာကတော့ မန်လည်ဆရာတော်ကြီး ရေးသားထားတဲ့ မာဃဒေဝလင်္ကာသစ်မှာ ‘ပြည်နိမိတ်နှင့် အတိတ် ဘဝေါ နတ်ပြောပြဆောင်’ ဆိုပြီးပါတယ်၊ ဒါကြောင့် နောင်ဖြစ်ပျက်မယ့် အကြောင်းအရာတွေကို နတ်တွေက ကြိုတင်ပြောပြတာတွေကို ‘ဘဝေါ’လို့ခေါ်တယ်..”

“တဘောင်ဆိုတာကရော ကပ္ပိယကြီး”

“တဘောင်ဆိုတာကတော့ ပေါရာဏစကားပဲ...၊ အဓိပ္ပါယ်ကတော့ နောင်အနာဂတ်ကာလမှာ ထူးထူးခြားခြား ဖြစ်မယ့်နိမိတ်စကားတွေကိုပဲ တဘောင်လို့ခေါ်ကြတယ်”

“စနည်းကိုတောင် တဘောင်ကိုမြောက်ဆိုပြီး ဆိုရိုးစကားပုံရှိပုံကို မာဃဒေဝလင်္ကာသစ်မှာ ‘စနည်းကိုတောင်၊ တဘောင်ကိုမြောက်၊ ယှုကောက်နိုင်းညှို၊ ဆိုရိုးရှိနှင့်’ လို့ မန်လည်ဆရာတော်ကြီးက ရေးသားထားတယ်”

“ကပ္ပိယကြီးက အတော်လေ့လာထားတာပဲ၊ ကျွန်တော်ဒီပညာတွေကို ရနိုင်သလောက်သင်ယူပါ့မယ်၊ ကျွန်တော့်ကို သင်ပေးမယ်မဟုတ်လား..”

“မင်းလိုချင်ရင်တော့ သင်ပေးရမှာပေါ့၊ ဗမ္ဗူဒိပ်နိမိတ်ထွန်း၊ ဗမ္ဗူဒီပါတောင်ကျွန်း၊ ဩဘာနိမိတ်ထွန်း’ ဆိုတဲ့ စကားအရာလိုပေါ့၊ မြန်မာနိုင်ငံဟာ အတိတ်၊ နိမိတ်၊ တဘောင်





အင်မတန်ထွန်းကားတဲ့နေရာပဲ..၊ သတိမမူလို့သာ ဂူမမြင်ဖြစ်နေကြတာပါ၊ မင်း သေသေချာချာလေ့လာမယ်ဆိုရင် တတ်မြောက်နိုင်ပါတယ်..”

ဟု ပြောဆိုကာ ထိုနေ့မှစ၍ ကပ္ပိယကြီးဦးဗန်ကောင်းသည် နီမောင်အား အယူတော်မင်္ဂလာအတိတ်ကောက်ယူပုံ အတတ်ပညာများကို တဖြည်းဖြည်းသင်ကြားပေးလေသည်။

အယူတော်မင်္ဂလာနှင့်ပတ်သက်ပြီး နမိတ်၊ စနည်း၊ ဘဝေါ၊ အတိတ်၊ တဘောင် စသည်တို့ပါဝင်ပေရာ သင့်တော်သလောက် ထည့်သွင်းရေးသားပါဦးမည်။




www.burmeseclassic.com

www.burmeseclassic.com








# အယူတော်မင်္ဂလာနှင့် အတိတ်နိမိတ်ကောက်ယူပုံများ

မြန်မာနိုင်ငံသည် 'ဇမ္ဗူဒိတ် နိမိတ်ထွန်း၊ ဇမ္ဗူဒီပါ ...ောင်ကျွန်း၊ ဩဘာနိမိတ်ထွန်း' ဟူသော ရှေးကတည်းက ...ရှိခဲ့သည့်အတိုင်း အတိတ်နိမိတ်ကောက်ယူခြင်း၊ စနည်း ...ခြင်း၊ ဘဝေါလေ့လာခြင်း၊ တဘောင်တို့ကို လေ့လာ...န်း ...မှုတို့ကို ရှေးနှစ်ပေါင်းများကတည်းမှပင် လက်ခံကျင့်သုံးခဲ့

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

မြတ်စွာဘုရားပွင့်တော်မူမည့်အကြောင်းကို ထိုကာလ၌ဖြစ်ပေါ်ခဲ့သော အတိတ်တဘောင်တို့လေ့လာပြီး သိခဲ့ကြသည်။ ဗေဒင်ပညာ နက္ခတ်ပညာတို့ဖြင့် ကြိုတင်သိခဲ့ကြသည်။

တိုင်းပြည်နိုင်ငံတို့တွင် မင်းကောင်းမင်းမြတ်တို့ ပေါ်ထွန်းတော့မည့်အကြောင်း၊ ထိုတိုင်းပြည် ဝတ်မွတ်ခေါင်းပါးကာ ဘေးအန္တရာယ်ဆိုးတို့နှင့် တွေ့ကြုံပြီး တိုင်းပြည်ပျက်တော့မည့် အကြောင်းတို့ကို အယူတော်မင်္ဂလာပညာဖြင့် ကြိုတင်သိနိုင်ခဲ့ကြပေသည်။

အယူတော်မင်္ဂလာအကြောင်း၊ အတိတ်နိမိတ်များအကြောင်းကို ဝါသနာပါ၍ဖြစ်စေ၊ စိတ်ဝင်စား၍ပဲဖြစ်စေ လေ့လာလိုက်စားသူတို့မှာ မကောင်းသောဘေးအန္တရာယ်ဆိုးများကို ရှောင်လွှဲနိုင်ခြင်း၊ မိမိရရှိမည့်အခွင့်အရေး စီးပွားလာဘ်လာဘတို့ကို ရရှိစေခြင်းတို့အပြင် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့နှင့်သက်ဆိုင်သော အချက်အလက်တို့ကိုပါ ကောင်းသည်ဆိုးသည် စီစစ်ခွဲခြားနိုင်ကြပေလိမ့်မည်။

သို့ကြောင့် သင့်တော်သလောက်ဖော်ပြပေးလိုက်ပါသည်။

"အတိတ်" ဆိုသည်မှာ "အတီတ" ဟူသော ပါဠိဝေါဟာရမှဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်သည်။





အတိတ်ဟူသောဝေါဟာရကိုပင် "အတီး" ဟူ၍ ပေါ်ရာအစကားအဖြစ် ခေါ်ဆိုကြသေးသည်။

ထို့ကြောင့်ပင် "ဘုရိဒတ်လင်္ကာကြီး" ၌ "လွန်လေတုန်ပြီး၊ ရှေးအတီး၌၊ ဝှဲမျိုးတမာ" ဟု ရှင်မဟာရဋ္ဌသာရ ဆရာတော်က စာဆိုခဲ့ခြင်းဖြစ်ပေသည်။

"အတီး"နှင့် "အတိတ်"သည် နီးစပ်မှုအသံရှိသကဲ့သို့ တူညီသောအဓိပ္ပါယ်ကိုလည်းဆောင်သည်။

တစ်နည်းအားဖြင့်မူ ယခုအကျိုးပေးနေသည်ဖြစ်စေ၊ နောင်အကျိုးပေးဦးမည်ဖြစ်စေ၊ လွန်ခဲ့သည့်အကြောင်းအရာတို့ကို ပြန်ပြောင်း၍ကြည့်ခြင်း၊ ဆင်ခြင်ခြင်းကို "အတိတ်" ဟုခေါ်ပေသည်။

မြန်မာအဘိဓါန်ကမူ-

(၁) လွန်ခဲ့ပြီးသောအချိန်ကာလ

(၂) ပြီးခဲ့သောအဖြစ်အပျက်

(၃) နိမိတ်ကောက်ရန်အခြေခံအချက်

ဟု တိုကျဉ်းလိုရင်းပြဆိုထားပေသည်။

သို့ဖြစ်၍ အိပ်မက်မက်ခြင်း၊ ကျီးသာခြင်း၊ အသံထွက်ခြင်း၊ ထူးထူးခြားခြား မြင်ရကြားရသော စကားပြောဆိုသံနှင့် သီချင်းသံတို့သည် ကောင်းကျိုး၊ ဆိုးကျိုးကို ကြိုတင်သိနိုင်ရန် နိမိတ်ကောက်ယူနိုင်သည့် အခြေခံကျသော အတိတ်များဖြစ်လေသည်။

ထိုအတိတ်တို့သည် ကာလသုံးပါးနှင့်ဆက်သွယ်မှုရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေ့ရပေသည်။

➤၁။ အိပ်စက်စဉ်က အိပ်မက်မက်ခဲ့ခြင်းသည် အတိတ်ကာလ။

➤၂။ ထိုအိပ်မက်ကို နိမိတ်ကောက်ယူခြင်းသည် ပစ္စုပ္ပန်ကာလ။

➤၃။ အိပ်မက်ကြောင့် ဘာဖြစ်လိမ့်မည်ဟုပြောလာခြင်းသည် အနာဂတ်ကာလ။

အိပ်မက်ကို နည်းမှီ၍ အသားလှုပ်ခြင်းစသည့် အခြားသောအရာဌာနများကို သိရှိနိုင်သည်။

အတိတ်ကောက်ယူမှုပြုရာတွင် ရာဇဝင်အထောက်အထား ရှေးပညာရှိကြီးများ၏ သုခမိန်စကားတို့ကို ကိုးကား၍ ကောက်ယူကြရသည်။

အတိတ်နှင့်နိမိတ်သည် အညမညသဘောအရ အမှီသဟဲပြု ဆက်စပ်မှုရှိသည်။ အတိတ်ဟူသည် နိမိတ်ကောက်ယူရန် အခြေခံဖြစ်နေခြင်းကပင် အတိတ်နှင့်နိမိတ် ဆက်စပ်မှုကို ပြည့်နှန်လျက်ရှိသည်။

သို့သော် ကောက်ယူပုံ အနည်းငယ်ကွာဟမှုရှိသည်ကို သတိပြုရပေမည်။

- တစ်ဦးတစ်ယောက်အတွက် ကောက်ယူခြင်းသည် နိမိတ်ဖြစ်သည်။

- အများအတွက်ကောက်ယူခြင်းသည် အတိတ်ဖြစ်သည်။





- မမျှော်လင့်ဘဲ လာပေးသောလက်ဆောင်သည် နိမိတ်ဖြစ်သည်။

- ကျယ်ကျယ်လောင်လောင်အသံသည် အတိတ်ဖြစ်သည်။

နိမိတ်(နမိတ်) ဟူသည် နိမိတ္တဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသည့် ပါဠိသက်ဝေါဟာရဖြစ်သည်။

နိမိတ်ဟူသောဝေါဟာရကို ဝိဂြိုဟ်ဆရာက 'နိမိနာတိ သဥ္စနာတိဧတေနာနိနိမိတ္တံ' ဟူ၍ ဝိဂြိုဟ်ပြုပါသည်။

"ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါး၌ ဖြစ်ပျက်မည့်အကြောင်းအရာတို့အား သိကြောင်း အမှတ်အသား"ဟု အဓိပ္ပါယ်ရပေသည်။

နိမိတ်ဟူသည် အထူးသဖြင့် နောင်အနာဂတ်ကာလတွင် မည်သို့ဖြစ်မည်ကို ကြိုတင်သိစေနိုင်သော အရိပ်အချည်ဟုအဓိပ္ပါယ်ရပါသည်။

သို့ဖြစ်၍ ပညာရှင်များက "အနာဂတ်မှာ၊ ဖြစ်ပျက်ရာကို၊ ပြလာတုံရှောင်း၊ အကြောင်းတစ်စိ၊ တွေ့မြင်ဘိက၊ နိုင်းမိဆင်ခြင်၊ နိမိတ်ထင်" ဟုစာဆိုခဲ့ခြင်းဖြစ်ပေသည်။

ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ထူးထူးခြားခြားတွေ့သည် မြင်သည်များကို နိမိတ်ကောက်ယူသူက အနာဂတ်ဟောကိန်းအတွက် စိတ်ကူးအာရုံဖြင့် ပုံဖော်အဓိပ္ပါယ်ကောက်ခြင်းကို နိမိတ်ကောက်သည်၊ နိမိတ်ဖတ်သည်ဟုခေါ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒတ္တမည်သရာ ကောဏ္ဍညပုဏ္ဏားသည် နောင်ပွင့်ပေါ်မည့် ဘုရားအလောင်းအလျာ သိဒ္ဓတ္ထမင်းသား၏ မဟာပုရိသ လက္ခဏာတော်ကိုကြည့်ပြီး ဘုရားလောင်းသန္ဓေယူစဉ်က မယ်တော်မာယာမြင်မက်သော အိပ်မက်ကိုနိမိတ်ဖတ်လျက် လက်ညှိုးတစ်ချောင်းထောင်၍ "ဘုရားစင်စစ်ဧကန်ဖြစ်မည်" ဟု တစ်ခွန်းတည်းသောစကားဖြင့် တပ်အပ်ဟောလိုက်ခြင်း ဖြစ်ပါသည်။

*"အမြင်မှာနိမိတ်၊*
*အတိတ်မှာလက္ခဏာ၊*
*အသံမှာတဘောင်"*

ဟု ဆိုရိုးစကားကို မှတ်သားရပေသည်။

သို့ဖြစ်၍ မြင်သမျှတွေ့သမျှသည် နိမိတ်မည်ပေသည်။ ကောင်းသောအတိတ်နိမိတ်တွေ့လျှင် ကောင်းကျိုးပေးမည်။ မကောင်းသောအတိတ်နိမိတ်တွေ့လျှင် မကောင်းကျိုးပေးမည်ဟု မှတ်ယူနိုင်ပေသည်။

နိမိတ်ဟူသည် အနာဂတ်ကာလ၌ တစ်စုံတစ်ရာဖြစ်အံ့သည်ကို ကြိုတင်၍ပြသည့်အကြောင်းအရိပ် ဖြစ်ပေသည်။

နိမိတ်နှင့်ပတ်သက်၍ စာဆိုရှင်တို့၏ အဆိုအမိန့်များကို မှတ်သားနိုင်ရန်ဖော်ပြပါမည်။

"သုဘာသုဘ၊ ဖတ်ထနိမိတ်၊ ရှစ်ဖိတ်ကာလ၊ ပဥ္စ-စေ့ခါ၊ နမန္တာနှင့်"

(ကိုးခန်းပျို့ - ရှင်မဟာရဋ္ဌသာရ)





"ရှင်ရင်းငါးဖော်၊ ပွင့်အံ့ငေါ်ဟု၊ ထွန်းပေါ်ကမ္ဘာ၊ ရေမျက်နှာထက်၊ ပန်းကြာသက်န်း၊ မှန်းသည့်နိမိတ်၊ တိတ်အာလိုက်ဖြင့် . . ."

(မဟာဥပရာဇချောင်း - တရုတ်မြို့စားအသုံ့ယာ)

ဘုရားအလောင်းတော်ထွက်ခါနီး၌ ထင်လာသောအကြောင်းနိမိတ်လေးပါးသည်လည်း သတ္တဝါများချမ်းသာ့ပွားဖို့ ဘုရားရှင်ပွင့်ထွန်းပေါ်မည့် ရှေ့ပြေးနိမိတ်ပင်ဖြစ်ကြောင်းကို ဖော်ပြထားသည်။

"သက်ကြီးသူနာ၊ ကြမ္မာကုန်လေ၊ သူသေရဟန်း၊ ရှင်လူထွန်းသား၊ နတ်မှန်းနိမိတ်၊ လေးပါးဟိတ်ကို"

(ဆုတောင်းခန်းပျို့ - ရှင်မဟာသီလဝံသ)

"သူအိုသူနာ၊ သူသေ၊ ရဟန်း၊ ဤနိမိတ်လေးပါးကိုမြင်၍ ရဟန်းပြုလတ္တံ့."

(မာလာလင်္ကာရဝတ္ထုတော်ကြီး - ကဝိဝံသာဘိဓဇ)

အနာဂတ်တွင်ဖြစ်ပျက်မည့်အကြောင်းအရာအားအတွေ့အမြင်ဖြင့် နိမိတ်ထင်ပြတတ်သကဲ့သို့ အိပ်မက်ဖြင့်လည်း နိမိတ်ပြတတ်ကြောင်း ရှေးစာအုပ်စာပေများတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

"ထူးခြားသော အတိတ်၊ နိမိတ်၊ အိပ်မက်များကိုပြတတ်မြတည်း"

(ရွှေကျင်ကျောင်းတော်ရာဆရာတော် ဒေသူပတ္ထိ - ဦးဝိမလ၊ ညောင်တုန်း)



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိပ်မက်အတိတ်ကို နိမိတ်ဖတ်ပေးစမ်းပါ"

(မျောက်ဂဏ္ဍီ - မစ္စတာမောင်မှိုင်း)

"ကိုယ်တော်ကို မင်းဖြစ်မည်ဟု နိမိတ်ဖတ်ဖူးသော်"

(မဃဒေဝရတနာပုံကျမ်း - ရှင်စန္ဒလင်္ကာ)

အရောင်၊ အရိပ်၊ အာရုံ၌ထင်ရှားပေါ်လွင်ခြင်းသည်လည်း နိမိတ်မည်ကြောင်းကို ရှေးခေတ်စာအုပ်စာပေများတွင် တွေ့ရပါသည်။

"မျက်စိ၌လဝန်းအစရှိသော အဆင်းနိမိတ်ထင်သည်ရှိသော်"

(ဥရောပ ဗုဒ္ဓဘာသာအလင်းပြ - လယ်တီဆရာတော်)

"မိတ္တာဒိဋ္ဌိအယူကိုစွဲ၍ ငရဲနိမိတ်ထင်လာစဉ်"

(နရသာသနကျမ်း - ဦးဒီပ)

"သံဝေဂစိတ်၊ တထိတ်ထိတ်နှင့် တရားနိမိတ်တွေထင်မြင်လာသဖြင့်"

(ထေရီဘာသာပြန် - လယ်တီပဏ္ဍိတဦးမောင်ကြီး)

အလိုဆန္ဒသိရအောင် စောင်းပါးရိပ်ချည်ပြောဆိုခြင်းသည်လည်း နိမိတ်မည်ပေသည်။

နယ်မြေပိုင်ဆိုင်မှု အပိုင်းအခြားအမှတ်အသားပြုခြင်းသည်လည်း နိမိတ်မည်ပေသည်။

အင်္ဂါဇာတ်ကိုလည်း နိမိတ်ဟုကောက်ယူကြောင်း အထောက်အထားရှိပေသည်။





"ဆန္ဒန်ဆင်းမင်း၏နိမိတ်ကဲ့သို့ အအိမ်မြင့်ဖုံးလွှမ်းအပ်သော ယောကျ်ားမြတ်မ၏ နိမိတ်တော်လည်းရှိတော်မူ၏"

(သမန္တစက္ခုဒီပနီ - မုံရွေးဆရာတော်)

"ဥဘတောဗျည်း၌ နိမိတ်လိင်အင်္ဂါဇာတ်သည် နှစ်ခုသည်ပင် ကေန်စင်စစ်မုချအားဖြင့်ရှိ၏"

(ဘာဝနာနယဒီပနီ - ရှင်ပညာစာရ)

"နိမိတ်ဖျား၌ပေါက်သော် ဟီနမာရီကျောက်တည်း"

(လောကဟိတဂမ္ဘီရကျမ်း - ဦးဘသင်း)

"စနည်း" ဟူသောဝေါဟာရသည် ပေါရာဏစကားဖြစ်သည်။

ပြောရိုးပြောစဉ်မဟုတ်ဘဲ ရှေ့ပြေးနိမိတ်အနေဖြင့် ထူးထူးဆန်းဆန်းကြားရသော သီချင်းသံ၊ စကားပြောသံမှန်သမျှကို စနည်းဟုခေါ်ပေသည်။

တစ်နည်းအားဖြင့် 'စနည်း' ကို 'စံနည်း' ဟုခေါ်ပေသေးသည်။

'စံနည်း' ဟူသောစကားမှာလည်း မြန်မာစကားနှင့်ပါဠိသက်ဝေါဟာရဖြစ်ပြီး 'လိုက်နာမှတ်သားရမည်ကို ပြဆိုခြင်း'ဟု အဓိပ္ပါယ်ရပေသည်။

ရှေးခေတ်က ဘုရင်မင်းမြတ်များသည် မိမိ၏မူလ ရှိပ်သွင်သဏ္ဌာန်ကိုဖျက်လျက် မထင်မရှားအသွင်ဖြင့်သွားလာကာ နိုင်ငံတော်ပြည်အရေး အေးချမ်းတည်ငြိမ်မှု ရှိ မရှိ

www.burmeseclassic.com



စုံစမ်းလေ့ရှိသည်။

ထိုသို့စုံစမ်းထောက်လှမ်းသည်ကို 'စနည်းနာသည်' ဟု ခေါ်လေသည်။

ထိုအချင်းအရာကိုရည်ရွယ်၍ ရှေးပညာရှိတို့၏ အဆိုအမိန့်ရှိခဲ့သည်။

"ကြောက်ဖွယ်ကောင်းသံ၊ မငြိမ်မတိတ်၊ နိမိတ်ထင်ပြ၊ ဟူသမျှကို၊ ပြည်ရွာလုံခြုံ၊ ဆိုတုံမအား၊ ဥပါဒ်များအံ့၊ ဆိုရိုးစနည်း ပြဿနာတည်း"

စနည်း(နားထောင်ခြင်း)သည် အတိတ်နိမိတ် တောက်ယူရာ၌ များစွာအကျိုးရှိ၍ အသုံးဝင်လေသည်။

ဘဝေါဟူသည် ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို ကြိုတင်ပြသောနိမိတ်ကိုဆိုလိုသည်။

မာဃဒေဝလင်္ကာသစ်တွင် "ပြည်နိမိတ်နှင့် အတိတ်ဘဝေါ၊ နတ်ပြောပြဆောင်" ဟူ၍ မာန်လည်ဆရာတော်ဘုရားကြီး မိန့်ဆိုထားသဖြင့် နတ်စိမ်းများဝင်ရောက်ပူးဝင်ပြောဆိုသည်ကိုလည်း ဘဝေါဟုခေါ်ဆိုပေသည်။

ပဓါနကျသောထင်ရှားသည့်နေရာများ၌ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်းများသည် သဘာဝကိုလွန်ဆန်ဖောက်ပြန်၍ ဖြစ်ခြင်း၊ ပျက်ခြင်းဖြစ်တတ်သည်။

ထိုသို့ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့မည်ကိုပြသော နိမိတ်များဖြစ်ပါ၏. . 'ဘဝေါ'ဟု ခေါ်သည်။





ဘဝေါကို ဝိဂြိုဟ်ဆရာက "ဝိသေသနဘဝတီတိဘဝေါ" ဟုဆို၏။

အနက်မှာ "ဝိသေသန - အထူးသဖြင့်၊ ဘဝတိ - ဖြစ်တတ်၏" ဣတိတသ္မာ - ထိုသို့ဖြစ်တတ်သော သဘောသတ္တိကြောင့် ဘဝေါ-ဘဝေါ မည်၏" ဟု ဝိဂြိုဟ်ပြုထားပေသည်။

ဖြစ်ခြင်း၌ဟူ၍ သဒ္ဒါဆရာက ခါတ်နက်ပြုပါသည်။

ဘဝေါသည် ဖြစ်ခြင်းအနက်ကိုရသဖြင့် တန်ခိုးကြီးစေတီရုပ်ပွားများ၊ အထင်ကရသစ်ပင်ကြီးများ၌ ဧမအံ့ဖွယ်ရာပေါ်ခြင်း၊ စ၊ ခ၊ ဗ၊ ဝ အက္ခရာပေါ်ခြင်း၊ ဘုရားရုပ်ပွားဆင်းတုတော်များမှ ချွေးတော်ယိုစီးခြင်း၊ သွေးတော်ယိုစီးခြင်းနှင့် မွေးညှင်းတော်၊ ဆံတော်များပေါက်ရောက်ခြင်း စသောထူးခြားဖြစ်စဉ်မှန်သမျှသည် ဘဝေါမည်ပေသည်။

ဘဝေါ၏အဓိပ္ပါယ်ကို အယူတော်မင်္ဂလာဆရာကြီးဦးနိုးက မှတ်တမ်းလင်္ကာသိတ်မှတ်စရာရေးထိုးထားသည်ကိုဤတွင် ဖော်ပြပါမည်။

"ဘုရားပုထိုး၊ တန်ခိုးရောင်ခြည်၊
မျက်ရည်ယိုထွက်၊ ချွေးတော်သက်၍၊
နတ်စက်လောင်မီး၊ ကျောင်းကြီးဇရပ်၊
နန်းပြဿဒ်၌၊ ကျလတ်တုံလေ၊
လနန်းငွေတွင်၊ ကြယ်ဝင်ကြယ်ခွပ်၊
ရောစပ်တစ်မျိုး၊ အခိုးတံခွန်၊



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တို့ဟန်သည်၊

ဖြစ်ရန်ပျက်ကြောင်း ဘဝေါတည်း”

“တဘောင်” ဟူသည် ပေါရာဏစကားဖြစ်သည်။ အဓိပ္ပါယ်မှာ “နောင်အနာဂတ်ကာလတွင်ဖြစ်ပျက်မည့် နိမိတ်စကား” ဟူ၍ဖြစ်သည်။

တစ်နည်းအားဖြင့် “တဘောင်” ဟူသောစကားသည် ပါဠိပျက်၊ ပါဠိသက်ဝေါဟာရဖြစ်၍ ‘တံဘာသ’ ဟူသည့် ပုဒ်နှစ်ခု တွဲစပ်ထားပါသည်။

‘တံ’ သဒ္ဒါမှာ ‘ထို’ ဟူသောညွှန်ကြားခြင်း နိဒဿနပုဒ်ဖြစ်၍ ဘာသသဒ္ဒါမှာ ပြောဆိုရွတ်ဖတ်ခြင်းဟူသော အဓိပ္ပါယ်ရပေသည်။

တဘောင်၏အနက်အဓိပ္ပါယ်မှာ “ယခုကဲ့သို့သော အကြောင်းကြောင့် နောင်အနာဂတ်ကာလတွင် မည်ကဲ့သို့သော အကျိုးများဖြစ်ထွန်းမည်ဖြစ်ကြောင်း ကြိုတင်ပြောဆိုဟောကိန်းထုတ်ခြင်းကိုဆိုပေသည်။

လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားသီဆိုခြင်းခံရသည့် အချို့သောလင်္ကာ၊ တေးထပ်၊ သံချိုနှင့် သီချင်းတို့သည်လည်း တဘောင်ဟုမှတ်ယူကြသည်။

သာဓကထင်ရှားရှိခဲ့ကြောင်း ဖော်ပြပါမည်။

ပဋ္ဌမသင်္ဂါယနာတင် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းကြီးသည် နတ်ရွာစံကံတော်မကုန်မီ သေရာညောင်စောင်း လဲလျောင်းနေရစဉ်အခိုက် အင်းဝမြို့တော်





ဟောင်းအနီး အောက်တောရွာမှ မိဂျမ်းပုံဆိုသူ အရူးမတစ်ယောက်သည် စိတ်မနှံ့သူပီပီ ခြေဦးတည့်ရာရည်ရွယ်ချက်မရှိ သွားလာရင်း ရတနာပုံမန္တလေးရွှေနန်းတော်ကျုံးဘေးသို့ ရောက်ရှိလာရာ အလေ့ကျပေါက်နေသော မန်ကျည်းပင်တစ်ပင်အောက်သို့ ရောက်ရှိလာသည်။

သူမသည် မန်ကျည်းပင်ပေါ်သို့တက်ပြီးလျှင်. .

“ရွှေမိုးရွာလို့ မယ်မအေး၊.

ငွေမိုးရွာလို့ ပျိုမအေး၊

ပထမပြန် ရှင်လူထွက်၊

နန်းတက်မှအေး”

ဟု မရပ်မနားဘဲ ခွန်းဆင့်အသံကုန်ဟစ်အော်သီဆိုလေသည်။

ထိုအရူးမ မိဂျမ်းပုံသီဆိုသံကို အမှတ်တမဲ့ကြား[illegible]တ်ရသော ကင်းဝန်မင်းကြီးဦးကောင်းနှင့် ယောအတွင်းဝန်ဦးဘိုးလှိုင်တို့က စိတ်တူကိုယ်တူသဘောတူစွာနှင့် မှတ်ချက်ချပြောဆိုလိုက်သည်မှာ ဤသို့ဖြစ်သည်။

“အရူးမသီချင်းက တဘောင်ပဲဗျာ့၊ ဘုန်းကြီးကျောင်းမှာ သတ်နန်းစည်းနေတဲ့သီပေါကိုယ်တော်လေးတော့ သက်နန်းစံပြီး မင်းဖြစ်ရမယ့်ကိန်းပဲဗျို့. . ”

မကြာမီ မင်းတုန်းမင်းကြီးနတ်ရွာစံ ကံတော်ကုန်၍ သီပေါမင်းနန်းတက်ခဲ့ရခြင်းသည် ဖြစ်ရပ်တွင် အရူးမမိဂျမ်းပုံ၏ သီချင်းသံအား တဘောင်အဖြစ်မှတ်ယူ၍ ဝန်မင်းနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



တို့ ဟောကိန်းထုတ်ခဲ့သည်မှာ မှန်ကန်မှုရှိကြောင်း ညွှန်ပြလျက်ရှိသည်။

"စနည်းကိုတောင်၊ တဘောင်ကိုမြောက်" ဟူ၍ ဆိုရိုးစကားရှိကြောင်းကို မယုဒေဝလက်ာသစ်၌ မှာန်လည်ဆရာတော်က ဤသို့မိန့်ထားပေသည်။

*"စနည်းကိုတောင်၊ တဘောင်ကိုမြောက်၊*
*ယူကောက်နှိုင်းညှိ၊ ဆိုရိုးရှိနှင့်"*

ထို့ပြင်နေ့အလိုက် စနည်းနာရမည့်အရပ်များလည်း ရှိသေးသည်ဟူသော ခင်ကြီးဖျော်ဆရာတော်၏ အဆိုအမိန့်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။

အတိတ်၊ နိမိတ်၊ စနည်း၊ ဘဝေါနှင့်တဘောင်တို့တွင် အတိတ်နှင့်နိမိတ်ကိုသာ အသုံးများလေသည်။

သို့သော် အခါအခါအားလျော်စွာ ပေါ်ထွန်းခဲ့သော တဘောင်များသည်လည်း များသောအားဖြင့် မှန်တတ်သည်သာဖြစ်သောကြောင့် အတိတ်၊ နိမိတ်ကောက်ယူရာတွင် တဘောင်ကို လက်မလွှတ်သင့်ပေ။

အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ စသည်တို့သည် အယူတော်မင်္ဂလာပညာရပ်များဖြစ်သည်။

မြန်မာ့သမိုင်းတွင် အယူတော်မင်္ဂလာပညာရှိအမတ်ကြီးဦးနိုးသည် ဆားတောင်မြို့စားနေမျိုးလေခပုံ့ချီဘွဲ့ရ အမတ်ကြီးတစ်ဦးဖြစ်သည်။

အယူတော်မင်္ဂလာပညာဖြစ်သော အတိတ်၊ နိမိတ်၊





စနည်း၊ တဘောင်၊ ဘဝေါဖြစ်ရပ်များကို အကြောင်းပြု၍ တိုင်းရေးပြည်ရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို တိကျမှန်ကန်စွာဖြေရှင်းနိုင်ပေသည်။

"အယူတော်မင်္ဂလာလျှောက်ထုံးကျမ်း" နှင့် "အယူတော်မင်္ဂလာကျမ်း" ဟူ၍ ကျမ်းစာအုပ်နှစ်အုပ် ပေါ်ထွက်ခဲ့ဖူးသည်။

ဤတွင် အတိတ်၊ နိမိတ်၊ ဘဝေါ၊ စနည်းနှင့် တဘောင်တို့အကြောင်းကို အကျဉ်းချုပ်တင်ပြပါမည်။

အတိတ်သည် နိမိတ်ဖြစ်သည်။

ဘဝေါသည်လည်း နိမိတ်ပင်ဖြစ်သည်။ အားလုံးသည် အကောင်အထည်၊ ဝတ္ထုပစ္စည်း၊ ပုံသဏ္ဌာန်များနှင့် ဖြစ်ပေသည်။

အတိတ်၊ နိမိတ်နှင့် ဘဝေါတို့၏ခြားနားမှုကို သိရှိထားသင့်ပေသည်။

အတိတ်ကို အဖြေထုတ်ရာတွင် ကာလသုံးပါးနှင့်ညှိ၍ သုံးသပ်ရသည်။ သမိုင်းကို အကိုးအကား၊ အထောက်အထား ပြုရသည်။ အတိတ်သည် လူတစ်ဦးတစ်ယောက်တည်းနှင့် ဆိုင်သကဲ့သို့ လူအနည်းစုနှင့်လည်း ပတ်သက်၍ဖြစ်ပေါ်တတ်သည်။

နိမိတ်ကို အဖြေထုတ်ရာတွင် ကာလသုံးပါးနှင့်ညှိရန်မလိုပေ။ သမိုင်းအကိုးအကာကိုထောက်ထားရန်မလိုပေ။ ယေဘုယျအားဖြင့် တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူများစုနှင့်မပတ်သက်ဘဲ လူနည်းစုနှင့်သာသက်ဆိုင်သည်။

ဘဝေါသည် တိုင်းရေးပြည်မှုနှင့်သက်ဆိုင်သည်။ နိုင်ငံရေးနှင့်သက်ဆိုင်သည်။ အမိကရပုဂ္ဂိုလ်ကြီးများနှင့် ပတ်သက်သည်။ အဖြေကိုရှာဖွေရာတွင် သမိုင်းအထောက်အထား လိုအပ်သည်။

အတိတ်နှင့်ဘဝေါတို့ကို အဖြေရှာရာတွင် သမိုင်းမကျွမ်းကျင်ပါက ပြသနေသောအတိတ်၊ ဘဝေါတို့ကို ပြဿနာ အမေးပုစ္ဆာတစ်ခုအနေဖြင့်ထားပြီး ထပ်မံနိမိတ်ရှာ၍ အဖြေထုတ်ယူနိုင်သည်။

စနည်းနှင့်တဘောင်တို့သည် စကား၊ အသံ၊ သီချင်းတို့နှင့် ပြသမှုချည်းဖြစ်သောကြောင့် ယေဘုယျအားဖြင့် တူညီပေသည်။

ခြားနားမှုမှာ စနည်းသည် တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သည်။ အနည်းစုနှင့်သက်ဆိုင်သည်။ ကြားရသည့်အသံမှာ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အနည်းစုကဖြစ်စေ ပြောကြဆိုကြခြင်းသာဖြစ်သည်။

တဘောင်ဆိုသည်မှာ လူကြီး၊ ကလေး အများစုပြောကြသောစကား၊ သီဆိုကြသောသီချင်းများဖြစ်သည်။ အများစု၊ တိုင်းရေးပြည်မှု၊ နိုင်ငံရေး၊ အမိကရပုဂ္ဂိုလ်ကြီးများနှင့် သက်ဆိုင်ပေသည်။

အထက်၌ရေးသားဖော်ပြပေးခဲ့သော အကြောင်းအ





ရာများမှာ အတိတ်၊ နိမိတ်၊ တဘောင်၊ ဘဝေါ၊ စနည်းနှင့်ပတ်သက်သည့် အကြောင်းအရာများသာဖြစ်ပေသည်။

ကောက်ယူပုံများတော့မပါဝင်ပေ။

စာဖတ်သူအနေနှင့် ထိုအကြောင်းအရာတို့ကို အသေးစိတ်လေ့လာလိုပါက ရှင်ဝါယမ (ဗေဒသုတေသန) ရေးသားသော ကိုယ်တွေ့အယူတော်မင်္ဂလာ၊ လက်တွေ့အတိတ်နိမိတ် ကောက်ယူနည်းစာအုပ်နှင့် သီရိပျံချီဝဏ္ဏကျော်ထင်ဦးအောသိန်း ရေးသားပြုစုသော ကိုယ်တွေ့အယူတော်မင်္ဂလာစာအုပ်တို့ကို လေ့လာဖတ်ရှုပါရန် ရေးသားတိုက်တွန်းရပေတော့မည်။




www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)

# ပရလောကသားတို့မာယာ

စစ်ကိုင်းတောင်သည် သူတော်စင်တို့မှီခိုရာဒေသဖြစ်သလို၊ ဘုရားပုထိုး၊ စေတီစသည်တို့ပေါ်များလှသောကြောင့် (၁၂)ရာသီလုံးလုံး ဘုရားဖူး၊ အသွားအလာတို့ဖြင့် စည်ကားသော နေရာဒေသဖြစ်ပေသည်။

အထူးသဖြင့်တော့ ဝါးတွင်းကာလဝါတော်ခေါ်ဘုရားပွဲများ ကျင်းပသောအချိန်ကာလတွင် ပိုမိုစည်ကားလှပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဝါခေါင်လ တောင်ပြုံးနတ်ပွဲကျင်းပသောကာလတွင်လည်း စစ်ကိုင်းတောင်ရိုးပေါ်တွင် ဘုရားဖူးများ များစွာလာရောက်ကြလေသည်။

ထိုသို့များပြားရခြင်းမှာ အနယ်နယ်အရပ်ရပ်၊ ဒေသအသီးသီးတို့မှ တောင်ပြုံးနတ်ပွဲသွားကြသော ပရိသတ်တို့မှာ မန္တလေးမြို့ရှိ ဘုရားများသို့သော်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဘုရားပုထိုးစေတီများသို့သော်လည်းကောင်း၊ လှည့်လည်ဘုရားဖူးကြသဖြင့် ထိုအချိန်ရောက်သောအခါ တောင်ရိုးပေါ်တွင် လူများခြင်းဖြစ်သည်။

တောင်ပြုံးနတ်ပွဲမှာ ဝါခေါင်လတွင်ကျင်းပသော နတ်ပွဲဖြစ်ပြီး မြန်မာနိုင်ငံတွင်ကျင်းပသော နတ်ပွဲများအနက် ရက်အကြာဆုံးကျင်းပသော နတ်ပွဲလည်းဖြစ်သည်။

ထိုနတ်ပွဲသို့ မြန်မာတစ်ပြည်လုံးမှပရိတ်သတ်များ လာရောက်ကြသည်။ အထူးသဖြင့် အောက်ပြည်အောက်ရွာမှ လာကြသောပရိသတ်တို့က ပိုများလေသည်။

နတ်ပွဲလာရင်းနှင့် အပြန်၌သော်လည်းကောင်း၊ အသွား၌သော်လည်းကောင်း၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်ရိုး စသောနေရာများသို့ ဘုရားဖူးဝင်ရောက်ကြသောကြောင့် ဧည့်ပရိသတ်များခြင်းဖြစ်ပေသည်။

အချိန်ကာလမှာ (၁၉၅၀)ခုနှစ် ဩဂုတ်လ၊ (၁၃၁၂) ခုနှစ် ဝါခေါင်လဆန်းစအချိန်ဖြစ်သည်။





ထိုအချိန်တွင် မတ္တရာမှာကျင်းပသော တောင်ပြုံးမင်းညီနောင်နတ်ပွဲက စတင်သောအချိန်ဖြစ်သလို စစ်ကိုင်းတောင်ရိုးပေါ်၌လည်း ဝါခေါင်လတွင်ကျင်းပသော ချမ်းသာကြီး ချမ်းသာရဘုရားပွဲနှင့် ဥမင်သုံးဆယ်ဘုရားပွဲ၊ ရှင်ပင်နန်းဦးဘုရားပွဲနှင့် ရှင်ပင်နန်းကိုင်းဘုရားပွဲတော်တို့ တစ်ပတ်တစ်ခါခွဲပြီး လေးကြိမ်ကျင်းပသောရက်လည်းဖြစ်သည်။

ထိုရာသီရောက်သောအခါ တောင်ပေါ်နေရာအနှံ့တွင် လူသွားလူလာများလှသလို မြင်းလှည်းမောင်းသူတို့လည်း များစွာအဆင်ပြေကြသည်။

ခရီးသည်များက အချို့နေရာများသို့ ခြေလျင်သွားကြပြီး အချို့နေရာများသို့ မြင်းလှည်းငှားကာ လှည့်လည်သွားလာကြသည်။ ထိုအချိန်ကာလက တောင်ပေါ် တောင်ရိုးတစ်ပိုက်တွင် မြင်းလှည်းမောင်းပြီး အသက်မွေးဝမ်းကျောင်းပြုသူတို့က အတော်ပင်နည်းလှပေရာ ရှိသည့်မြင်းလှည်းမှာ ခရီးသည်နှင့် မမျှတအောင် ဖြစ်တတ်ကြသည်။

ထိုအခါ ရှိသည့်မြင်းလှည်းသမားများလည်း ရပ်နားမနေရအောင် ဆွဲပေးကြရလေသည်။

နီမောင်တို့လို မြင်းလှည်းဖြင့်စီးပွားရှာဖွေသူတို့မှာ တစ်ဝါတွင်းမြင်းလှည်းဆွဲပြီးလျှင် တစ်နှစ်လုံးထိုင်စား၍ရလောက်သော ငွေကြေးများရကြလေသည်။

တောင်ပေါ်တွင် လူစည်ကားသောအချိန်မျိုးတွင် နီမောင်တို့လို မြင်းလှည်းဆွဲသူများသာ လုပ်ငန်းကောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်ပေ။ အခြားဈေးရောင်းဈေးဝယ်သူတို့လည်း အရောင်းအဝယ်ကောင်းကြသည်။

မုန့်ရောင်းသောဈေးသည်များနှင့် ပန်းရောင်းသောဈေးသည်တို့မှာ ပါသမျှပစ္စည်းပြန်ပါသွားသည်မရှိဘဲ ကုန်အောင်ရောင်းကြရသည်။

လာစဉ်က ဗန်းထဲတွင် မုန့်မျိုးစုံများ၊ ပန်းများထည့်ကာ ရွက်ယူလာကြသော်လည်း ပါသမျှပစ္စည်းကုန်အောင်ရောင်းပြီးသည့်နောက်မှာတော့ ဗန်းကိုခေါင်းပေါ်တင်ပြီး ပြန်ကြရလေသည်။

ထိုအရပ်ဒေသတွင် ရာသီထွက်ပန်းများစိုက်ပျိုးပြီး ပန်းရောင်းခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသော မိသားစုများတွင် မိုးမခရွာမှ မြနှင်းဖြူတို့မိသားစုလည်း အပါအဝင်ဖြစ်လေသည်။

မြနှင်းဖြူက အသက်(၂၃)နှစ်အရွယ် ရှိနေပြီဖြစ်သည်။ ရုပ်ရည်ကချောမောလှပသလို အိန္ဒြေသိက္ခာရှိသော မိန်းမပျိုတစ်ဦးလည်းဖြစ်သည်။

ဖခင်ဖြစ်သူဦးဘကျော်က ၎င်းတို့ပိုင်ဆိုင်သောခြံဝန်းထဲတွင် မြေကွက်များပြုလုပ်ထားပြီး ရာသီထွက်ပန်းများ၊ (၁၂)ရာသီပွင့်သောပန်းများကို စိုက်ပျိုးထားသည်။

၁၂ရာသီမပြတ်ပွင့်သော နှင်းဆီပန်း၊ သစ်ခွမျိုးစုံတို့ကိုလည်း ခြံဝန်းအတွင်းမှာစိုက်ပျိုးထားသည်။ နှင်းဆီပန်းများကို မြေမှာစိုက်ပျိုးထားပြီး သစ်ခွပန်းများကိုတော့ အိုးဖြင့်ထည့်





ကာ သစ်ပင်ကိုင်းများ၌ ချိတ်ဆွဲထားသည်။

ရာသီအလိုက်ပွင့်သော သဇင်ပန်း၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ စံပယ်ပန်း၊ ခတ္တာပန်းတို့ကိုတော့ ဆောင်းရာသီနှင့် မိုးရာသီများတွင် စိုက်ပျိုးရောင်းချလေသည်။

စစ်ကိုင်းတောင်ရိုးပေါ်တွင် ဘုရားပွဲတော်များကျင်းပသောရာသီမှာ မိုးရာသီဝါတွင်းကာလဖြစ်သည်။ ထိုရာသီတွင် စံပယ်ပန်းနှင့် ခတ္တာပန်းတို့ပွင့်ကြလေရာ များစွာရောင်းချရလေသည်။

သို့ကြောင့်လည်း မြနှင်းဖြူတို့မိသားစုသုံးယောက်သာရှိသဖြင့် ပန်းရောင်းချရသောဝင်ငွေဖြင့် စားသောက်ကြသည်။

ဖခင်ဖြစ်သူဦးဘကျော်က ပန်းစိုက်သောတာဝန်ယူပြီး မြနှင်းဖြူက ပန်းရောင်းသည့်တာဝန်ယူသည်။

အဖွားဖြစ်သူဒေါ်မင်းဇာကတော့ အသက်အရွယ်ရလာပြီဖြစ်သောကြောင့် ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်းဖြင့်သာ အေးအေးနေလေသည်။

မိုးမခရွာကြီးမှာ စစ်ကိုင်းတောင်ခြေတစ်နေရာ၌ရှိပြီး အိမ်ခြေအတော်အသင့်များသော ရွာကြီးတစ်ရွာလည်းဖြစ်သည်။ အများအားဖြင့်တော့ လယ်ယာလုပ်ငန်း၊ ထန်းလုပ်ငန်းအပြင် လက်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများလေသည်။

မြနှင်းဖြူတို့နေသောခြံဝန်းက အတော်ပင်ကျယ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တောခြေတစ်နေရာ၌ရှိပြီး ထိုနေရာ၌ စမ်းချောင်းလည်းရှိသဖြင့် ပန်းစိုက်ရာအတွက် များစွာအဆင်ပြေသည်။

ထို့ပြင် ခြံဝန်းအတွင်း၌ ရာသီအလိုက်ပွင့်သော ကံ့ကော်ပင်၊ ပိတောက်ပင်ကြီးများလည်းရှိသည်။

သီးပင်စားပင်များဖြစ်သော ပိန္နဲပင်၊ သရက်ပင်၊ မရမ်းချိုပင်တို့လည်းရှိရာ အဝေးမှကြည့်ပါက မှိုင်းညို့နေလေသည်။

ဝါခေါင်လဖြစ်သောကြောင့် ခတ္တာပန်းပွင့်သောရာသီဖြစ်သည်။ တောင်ပြုံးပွဲရှိသည်ကတစ်ကြောင်း၊ တောင်ရိုးပေါ်တွင် ဝါတော်စဉ်ဘုရားပွဲများလည်း အပတ်စဉ်မပြတ်ကျင်းပနေကြသောရာသီဖြစ်သောကြောင့် ပန်းရောင်းရတာကောင်းသည်။

မြနှင်းဖြူက ဖခင်ကြီးခူးဆွတ်ပေးသောပန်းများကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက် တောင်ပေါ်တက်ရောင်းသည်။ တစ်ခါတလေလည်း ဘုရားများအထိရောက်အောင်သွားရောင်းရသည်။

ဘုရားလာသူများကတော့ ပန်းရောင်းသူတွေ့သည်နှင့် ဝယ်သွားကြသည်ကများလေသည်။

တစ်နေ့တော့ မြနှင်းဖြူတစ်ယောက် ပန်းရောင်းပြီးပြန်ဆင်းလာရာ ညနေပိုင်းအချိန်ရောက်နေပေပြီ။ တောင်ရိုးပေါ်မှာ လူမပြတ်လှသော်လည်း မိုးမခရွာဘက်ဆင်းသော





လမ်းဘက်မှာတော့ လူရှင်းနေသည်။

ထိုလမ်းဘက်မှာ ထန်းတောများနှင့် ထန်းချက်သောဖဲအချို့လောက်သာရှိသည်။

တစ်နေရာရောက်တော့ ထန်းရေသောက်ပြီး ထွက်လာသောလူနှစ်ယောက်နှင့် လမ်းမှာဆုံတွေ့သည်။

ထိုနှစ်ယောက်က သူမကိုမြင်တော့ လမ်းပေါ်မှာပိတ်ရပ်ကာစောင့်နေကြသည်။

မြနှင်းဖြူက ကွေ့ရှောင်သွားရန်ပြင်တော့ ကာဆီးထားကြသည်။

"ဘာလုပ်တာလဲ. ."

"နင်ဘယ်ကပြန်လာတာလဲ"

"ပန်းရောင်းပြီးပြန်လာတာ. ."

"ဒီလိုဆိုရင် ပိုက်ဆံပါမှာပေါ့. .၊ ငါတို့ကို နည်းနည်းလောက်ချေးခဲ့စမ်းပါ. ."

"အို. . ဘာဖြစ်လို့ချေးရမှာလဲ. ."

"နင်မချေးချင်လည်းယူရမှာပဲ. . ငါတို့နှစ်ယောက်ထန်းရည်သောက်ရတာ ရေချိန်မကိုက်သေးဘူး. ."

ဟုပြောဆိုကာ အနီးသို့ဒယိမ်းဒယိုင်ဖြင့် တိုးကပ်လာကြလေသည်။ ထိုအခါ မြနှင်းဖြူကလည်း သူတို့နှစ်ယောက်လက်မှလွတ်အောင် ရှောင်ထွက်ပြေးရန်ကြိုးစားရလေတော့သည်။

ထိုသို့ရှိနေစဉ် ထိုနေရာသို့ မြင်းလှည်းတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ နီမောင်မောင်းလာသော မြင်းလှည်းပင် ဖြစ်လေသည်။ နီမောင်က ထိုအခြေအနေကိုမြင်တော့ မြင်းလှည်းကို ရပ်တံ့ကာ ဆင်းလာသည်။ သူ့လက်ထဲမှာလည်း ဝါးရင်းတုတ်တစ်ချောင်းပါလာသည်။

သူဆင်းလာတာမြင်တော့ အမူးသမားနှစ်ယောက် တုံ့သွားကြသည်။

“ခင်ဗျားတို့မူးနေလည်း အေးအေးဆေးဆေးနေကြ ဖို့ကောင်းတယ်၊ မိန်းကလေးတစ်ယောက်ကို ဒီလိုတော့မ နှောက်ယှက်သင့်ဘူး . . .”

“နှောက်ယှက်တော့ မင်းနဲ့ဘာဆိုင်လို့လဲ . . ၊ မဆိုင် တာဝင်မရှုပ်နဲ့ ကိုယ့်လမ်းကိုယ်သွား . .”

“ခင်ဗျားတို့သွားခိုင်းလည်းမသွားဘူး”

“မသွားရင်တော့ သူ့ဆီကပိုက်ဆံမယူဘဲ မင်းဆီက ပိုက်ဆံပဲ ယူရတော့မှာပေါ့ကွာ”

ဟု ပြောဆိုပြီး နီမောင်ရှိရာသို့ဝင်လာကြသည်။ ၎င်း တို့နှစ်ယောက်စလုံးမှာ နီမောင်ထက်အသက်အရွယ်ကြီးကြ သော်လည်း ထန်းရည်မူးနေကြသဖြင့် မဟန်နိုင်ကြတော့ပေ။

သို့ကြောင့် နီမောင်က ဝါးရင်းတုတ်ဖြင့် မေ့လောက် အောင်သာရိုက်သဖြင့် နှစ်ယောက်စလုံး မြေပေါ်သို့ လဲကျ သွားလေတော့သည်။

အချိန်က မှောင်ရီသမ်းစရောက်နေချေပြီ။

နီမောင်က မနီးမဝေးမှာရပ်နေသော မြနှင်းဖြူကို





တစ်ချက်ကြည့်ကာမေးလိုက်သည်။

“နင်ဘယ်ရွာကလဲ”

“မိုးမခရွာမှာနေတယ်”

“အတော်လိုသေးတာပဲ . . ဒီအချိန်ရောက်တော့မှ တစ်ယောက်တည်းသွားလာလို့ မကောင်းတော့ဘူး . .”

“အရင်လည်း ဒီလမ်းက ငါတစ်ယောက်တည်းပြန်နေ တာ သွားနေကျပါ၊ ဒီလိုလူမျိုးတွေနဲ့ တစ်ခါမှမတွေ့မိပါဘူး”

“အမူးသမားတွေကတော့ နေရာအနှံ့ရှိနေတာပဲ၊ သွားချင်သလိုသွား . . ရောက်ချင်သလို ရောက်လာကြတာ ဖြစ်မှာပါ”

“ငါ့ကို အခုလိုဝင်ပြီးအကူအညီပေးတာ ကျေးဇူးတင် ပါတယ်၊ နင်ဘယ်ရွာကလဲ”

“ငါက ကျောက်ဖားရွာကပါ၊ ငါ့နာမည်က နီမောင်လို့ ခေါ်တယ်၊ နင့်နာမည်က ဘယ်သူလဲ”

“မြနှင်းဖြူလို့ခေါ်တယ်”

“နင်က ပန်းရောင်းနေတာမဟုတ်လား၊ နာမည်သာ အခုမှသိရပေမယ့် လူကိုတော့သိနေတာကြာပါပြီ”

“ဘယ်တုန်းကသိနေတာလဲ”

“နင်လည်း စစ်ကိုင်းတောင်ရိုးပေါ်မှာပန်းရောင်းနေ တယ်၊ ငါကလည်း စစ်ကိုင်းတောင်ရိုးပေါ်မှာ နေ့တိုင်းမြင်း လှည်းမောင်းနေတာပဲ၊ ဒီလိုပဲသွားရင်းလာရင်း မြင်တာပေါ့”

ဒီတော့မှ မြနှင်းဖြူက သဘောပေါက်သွားဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ပြုံးလိုက်သည်။

"ငါ့မြင်းလှည်းနဲ့ လိုက်ပို့ပေးရမလား"

မြနှင်းဖြူက ထွေထွေထူးထူးပြန်ပြောမနေတော့ဘဲ ခေါင်းညိတ်ပြလိုက်သဖြင့် မြင်းလှည်းပေါ်တင်ပြီး ခေါ်လာခဲ့လေတော့သည်။

နီမောင့်စိတ်ထဲမှာတော့ မြင်းလှည်းမောင်းနေရင်းနှင့် 'လထွက်ကလေးရယ်တဲ့မြင်းပေါ်တင်' ဟူသောစာပိုဒ်ကို သတိရနေသောကြောင့် ပျော်ရွှင်သလိုလို ကျေနပ်နေမိသလိုဖြစ်နေတော့သည်။

သူတို့မြင်းလှည်းမောင်းထွက်သွားတော့ စောစောက တုတ်ချက်မိပြီးလဲကျနေသောလူနှစ်ယောက်မှာ ပြန်ထလာကြသည်။ သူတို့သည် ဘာမှမဖြစ်သကဲ့သို့ နေရာမှ ထလာကြပြီး မြင်းလှည်းထွက်သွားရာဘက်သို့ တစ်ချက်လှမ်းကြည့်ရင်း အချင်းချင်းပြောဆိုနေကြသည်။

"ပါသွားပြီလား. ."

"မြင်းလှည်းပေါ်မှာပါသွားပြီလေ. ."

"ပါသွားရင် သခင်မကြီးတွေစေခိုင်းတဲ့ကိစ္စ ပြီးပြီပေါ့။ ငါတို့ပြန်ကြမယ်. ."

ဟုပြောဆိုကာ နှစ်ယောက်သား အမှောင်ရိပ်ထဲသို့ ဝင်သွားကြလေသည်။ နှစ်ယောက်စလုံး အမှောင်ရိပ်ထဲရောက်တော့ အသွင်ပြောင်းသွားကြသည်။

စောစောကလို ဒယိမ်းဒယိုင်ဖြစ်နေကြသည့် ထန်း





ရည်မူးနေကြသည့်လူများ မဟုတ်ကြတော့ဘဲ အမွေးစုတ်ဖွားနှင့် ကြောက်မက်စရာကောင်းသော သရဲသဘက်နှစ်ကောင်ဘဝသို့ ပြောင်းလဲသွားလေတော့သည်။

သရဲနှစ်ကောင်မှာ မီးရောင်များလင်းထိန်နေသော သိုက်နန်းပေါက်ဝသို့ရောက်သည်အထိ သွားကြရာ ထိုနေရာရောက်တော့ ရှေးခေတ်နန်းတွင်းသူများဝတ်ဆင်ကြသည့် အဝတ်အစားများဝတ်ဆင်ထားသော အမျိုးသမီးနှစ်ယောက်က ရပ်တံ့နေသည်။

ထိုနှစ်ယောက်ကိုမြင်တော့ သရဲနှစ်ကောင်က များစွာကြောက်ရွံ့ထိတ်လန့်သောအမူအယာမျိုးဖြင့် မနီးမဝေးမှာ ရပ်လိုက်ကြလေသည်။

"ပြီးခဲ့ကြပလား. ."

သရဲနှစ်ကောင်က ခေါင်းညိတ်ပြကြသည်။

"ပြီးရင် ကိုယ့်နေရာကိုယ်သွားကြတော့"

ဟု အမိန့်ပေးလိုက်ရာ ထိုနေရာမှပြန်ထွက်သွားကြလေသည်။

အမျိုးသမီးနှစ်ယောက်မှာ အခြားမဟုတ်ပေ။ စစ်တိုင်းတောင်ရိုးပေါ်၌ရှိကြသော သိုက်ကြီးများအနက် နာမည်အကြီးဆုံးနှင့် လူသိအများဆုံးသိုက်ကြီးဖြစ်သည့် 'စစ်ကိုင်းဆွမ်းဦးပုညရှင်သိုက်'ကို စောင့်ရှောက်ပေးနေကြရသည့် သိုက်စောင့်ညီမနှစ်ဖော်ပင်ဖြစ်သည်။

ထိုသိုက်ကြီးကိုစောင့်ရှောက်ပေးနေသော မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



လေးဖော်ရှိသည်။

မြကလျာ၊ မြနန္ဒာ၊ မြသန္တာနှင့် ဦးထွန်းအောင်တို့လေးယောက်ဖြစ်သည်။

ထိုလေးယောက်မှ ညီမအငယ်ဆုံးမြသန္တာမှာ လူ့လောကသို့သွားရောက်ခွင့် ရနေလေသည်။

သိုက်ထဲရောက်တော့ မြနန္ဒာကမေးသည်။

"သူ့ကိုဘာကြောင့် လူ့လောကကို ပို့ထားတာလဲ အစ်မတော်. ."

"ငါတို့ချည်းဆိုရင် သာသနာပြုရမယ့်တာဝန်တွေကို အောင်မြင်အောင် မဆောင်ရွက်နိုင်ကြဘူး၊ လူ့လောကမှာ ကိုယ့်လူခံတစ်ယောက်ရှိမှအဆင်ပြေမယ်၊ ဒါကြောင့်ပို့ရပေးထားရတာပါ၊ မကြာခင် ဒီနေရာကို သာသနာပြုပေးကြမယ့် ပုဂ္ဂိုလ်တွေ ရောက်လာကြတော့မယ်"

"သူ့ကို လူ့လောကမှာအကြာကြီးထားရတော့ စိတ်ချရပါ့မလား"

"ဒါကြောင့် သူ့ကိုအကူအညီပေးနိုင်မယ့်လူနဲ့ ဆုံတွေ့ဖို့ဖန်တီးပေးရတာပေါ့. ."

"သူကမရော စိတ်ချရတဲ့လူမျိုးဖြစ်ပါ့မလား"

ထိုစကားကြားတော့ မြကလျာက ခေါင်းညိတ်ပြလိုက်သည်။

"သူက ရိုးသားဖြူစင်ပါတယ်၊ အမတော်တို့လိုချင်တဲ့ အကူအညီတွေကို သူလုပ်ပေးနိုင်ပါတယ်"





"ဒါတွေကို လူ့ဘဝရောက်နေတဲ့ ညီမလေးကရော သိနိုင်ပါ့မလား"

မြနန္ဒာက စိတ်ပူသောအမူအယာဖြင့် မေးလိုက်လေသည်။

"အခုအချိန်ထိတော့ သူမသိသေးဘူး၊ အသိပေးလို့လည်းမဖြစ်သေးဘူး၊ ဒါပေမယ့် အချိန်တန်တော့လည်း တဖြည်းဖြည်းနဲ့ သူသိလာမှာပါ. ."

ဟုပြောဆိုပြီး ညီအစ်မနှစ်ယောက်တို့မှာ မီးရောင်များ လင်းထိန်နေသောသိုက်ကြီးအတွင်းသို့ ပြန်ဝင်သွားကြလေသည်။ ၎င်းတို့ဝင်သွားပြီးသည့်နောက်မှာတော့ အမှောင်ကျသွားလေတော့သည်။

ပတ်ဝန်းကျင်မှာလည်း သဘာဝအတိုင်း သစ်ပင်တောတောင်တို့သာ ကျန်ခဲ့ကြပေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com








# ဂျပန်အမျိုးသမီးတစ်ဦးနှင့် ထူးခြားဆန်းကြယ်မှုများ

ရှေ့အခန်းများတွင် သိုက်ကြမ်းသည်ဟု နာမည်ကြီးလှသော 'ရဌပါလကုန်းကြီး'အကြောင်းကို သင့်တော်သလောက် ဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။

ထိုကုန်းကြီးမှာ အတော်ပင် ကျယ်ဝန်းလှပြီး သစ်တောဝါးတောကြီးများ ဖုံးအုပ်နေသည်မှလွဲ၍ အမြဲတစေနေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်သူ မရှိခဲ့ပေ။

ပိုင်ရှင်များ တစ်ဦးပြီးတစ်ဦး ပြောင်းလဲသွားသော်လည်း နေထိုင်၍လည်းမရ၊ စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်၍မရကြပေ။

အချို့လည်း ဇွတ်တိုးပြီး လုပ်ကြရာ သေကြေပျက်စီးမှုများနှင့် ကြုံတွေ့ကြရမှ လက်လျှော့သွားကြလေသည်။

နောက်ပိုင်းတွင် နေထိုင်ဝံ့သူ မရှိသဖြင့် ပိုင်ဆိုင်သူများက လှည့်မကြည့်ကြပဲ ဒီအတိုင်းသာ ပစ်ထားခဲ့ကြလေသည်။

ထိုသို့ပစ်ထားသောကြောင့် ဘုန်းကြီးကျောင်းဆောက်ပြီး ဘုန်းကြီးများ လာရောက်သီတင်းသုံးခြင်း၊ သီလရှင်များ ကျောင်းဆောက်ကာ လာရောက်နေထိုင်ကြခြင်းမျိုး ရှိကြသော်လည်း ကြာကြာမနေနိုင်ကြပဲ ပြောင်းသွားကြရလေသည်။

အဘယ်ကြောင့် ကြာကြာမနေပဲ ပြောင်းရွှေ့သွားရသည်ကိုတော့ မသိကြပေ။

ဤသို့ဖြင့် ခေတ်အဆက်ဆက်ပြောင်းလာပြီး(၁၉၅၀)ခုနှစ်ဝန်းကျင် ရောက်လာသည်အထိ ဖြစ်ပေသည်။

ထိုအချိန်ရောက်တော့လည်း ရှေးနည်းအတိုင်းပင် အမြဲတစေ နေထိုင်ဝံ့သူမရှိသဖြင့် သစ်ပင်ဝါးပင် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆီးနေသော အခြေအနေမျိုး အတိုင်းသာရှိနေလေသည်။





နောက်တော့ ဘုန်းကြီးနှင့် ပတ်သက်ရန်အတွက် နိုင်ငံရပ်ခြားမှ အမျိုးသမီးတစ်ယောက် ရောက်ရှိလာသည်။

သူမသည် ဂျပန်အမျိုးသမီးတစ်ဦးဖြစ်ပြီး မြန်မာဘာသာစကားကို စိတ်ဝင်စားသူဖြစ်သည်။ ဂျပန်အမည်ရှိသော်လည်း မြန်မာအမည်ဖြင့် 'ချယ်ရီ'ဟု အမည်ပေးထားသည်။

(မူလအမည်မှန်ကို ပြောင်းလဲရေးသားထားခြင်း ဖြစ်သည်။)

ချယ်ရီသည် အသက်(၃၀)ကျော် အရွယ်ခန့်ရှိပြီး ပီအိပ်ချ်ဒီ(Ph.D)ဘွဲ့ယူစာတမ်းတင်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခြင်း ဖြစ်ပေသည်။

သူမဘွဲ့ယူရန်အတွက် ပြုစုရေးသားသော အကြောင်းအရာမှာ မြန်မာနိုင်ငံမှ သီလရှင်များနှင့် ပတ်သက်သည့် အကြောင်းအရာ စာတမ်းပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံရောက်တော့ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးက ကောင်းသောအကြံပေးသည်။

"သီလရှင်တွေအကြောင်း သုတေသနပြု လေ့လာမယ်ဆိုရင် ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေ ပါလာလိမ့်မယ်၊ ဒီအကြောင်းအရာတွေက လေးနက်တယ်၊ သာမန်အကြောင်းအရာမျိုးတွေလို အပေါ်ယံရှုပ်ပြီး လေ့လာဖို့ မသင့်ဘူး"

"ဒီတော့ ဘယ်လိုလုပ်သင့်သလဲ"

"ခင်ဗျား တကယ်စိတ်ဝင်စားတယ်ဆိုရင် အပြင်က



www.burmeseclassic.com

www.burmeseclassic.com



လေ့လာနေတာထက်စာရင် အတွင်းကို ထဲထဲဝင်ဝင် ဝင်ပြီး လေ့လာတာ ပိုပြီးပြည့်စုံအောင် သိရနိုင်တယ်"

ချယ်ရီကတော့ သူပြောသည့် အဓိပ္ပါယ်ကို သဘော မပေါက်လှပေ။

သူမသည် ထိုစာတမ်း ပြုစုရန်အတွက် တရုတ်၊ ယိုးဒယားနှင့် အခြားနိုင်ငံများသို့ သွားရောက်ခဲ့ဖူးသော်လည်း ပြည့်စုံအောင် မရခဲ့ပေ။

ယိုးဒယားနိုင်ငံသို့ နှစ်ခေါက်သုံးခေါက် ရောက်အောင်သွားပြီး လေ့လာဖူးသော်လည်း မပြည့်စုံပေ။

ယိုးဒယားမှ ဂျပန်သို့ ပြန်ရောက်လာသောအခါ တက္ကသိုလ်ပါမောက္ခကြီးက ပြောသည်။

"သီလရှင်တွေနဲ့ပတ်သက်ပြီး သုတေသန စာတမ်း ရေးမယ်ဆိုရင် တခြားနိုင်ငံတွေ သွားတာထက် မြန်မာနိုင်ငံကိုသွားပြီး လေ့လာကြည့်ရင် ပြည့်စုံအောင် ရနိုင်တယ်"

ထို့နောက်မှာတော့ ချယ်ရီမှာ မြန်မာဘာသာစကား လေ့လာသင်ယူခြင်း မြန်မာတို့၏ ဓလေ့စရိုက်များ ဘုန်းတော်ကြီး သီလရှင်တို့နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကို လေ့လာသင်ယူမှု ပြုလေသည်။

လအတော်ကြာအောင် လေ့လာသင်ယူပြီး ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီးမှ မြန်မာနိုင်ငံသို့ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံရောက်တော့ သံရုံးမှ မိတ်ဆွေနှင့်တွေ့ပြီး





အကြံဉာဏ်များ ပေးနေခြင်း ဖြစ်လေသည်။

"ခင်ဗျား ကျွန်တော်ပြောတာကို သဘောပေါက်ရဲ့လား"

ချယ်ရီကတော့ သဘောမပေါက်သေးသော အမူအယာဖြင့် ကြည့်နေလေသည်။

"ကျွန်တော်ပြောတာ တခြားမဟုတ်ပါဘူး၊ ဒီအကြောင်းတွေကို ပြည်ပြည့်စုံစုံ သိချင်တယ်ဆိုရင် ခင်ဗျားကိုယ်တိုင် သီလရှင်ဘဝနဲ့နေပြီး လေ့လာမယ်ဆိုရင် ပိုပြီးသိရပါလိမ့်မယ်"

ထိုသို့ အကြံဉာဏ်ပေးသဖြင့် ရန်ကုန်မြို့ ကျောက်ရေတွင်းဘက်တွင်ရှိသော သီလရှင် စာသင်တိုက်ကြီးတစ်တိုက်တွင် သီလရှင်ဘဝ ကူးပြောင်းကာ လေးလကျော် အချိန်ကြာသည်အထိ နေထိုင်ကာ လေ့လာခဲ့ပေသည်။

သီလရှင်ဘဝဖြင့် ကိုယ်တိုင် ဆွမ်းဆန်ခံပြီး နေထိုင်စားသောက်ကာ သုတေသနပြု လေ့လာခဲ့လေသည်။

သူအလိုရှိသော အချက်အလက် အတော်များများလည်း ရရှိခဲ့သော်လည်း နောက်ထပ် ထို့ထက်ပိုပြီး လေ့လာလိုသဖြင့် မိတ်ဆွေထံ အကူအညီတောင်းကြည့်ပြန်လေသည်။

"ခင်ဗျား ဒီထက်ပိုပြီး လေ့လာချင်သေးတယ်ဆိုရင်တော့ စစ်ကိုင်းကိုသွားပါ၊ စစ်ကိုင်းမှာ သီလရှင်တွေချည်းနေတဲ့ ချောင်တွေ အများကြီးရှိပါတယ်"

"ချောင်ဆိုတာ ဘယ်လိုနေရာမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချောင်ဆိုတာ စုဝေးနေထိုင်ပြီး တရားအလုပ်လုပ်ကြတဲ့ နေရာတွေကို ခေါ်တာပါ။ တနည်းတော့ အေးချမ်းတိတ်ဆိတ်တဲ့နေရာတွေကိုလည်း ချောင်လို့ ခေါ်ကြပါတယ်"

"ကောင်းပြီ ကျွန်မ အဲဒီနေရာကို သွားပါ့မယ်၊ အဆက်အသွယ်ရှိရင်သာ အကူအညီပေးပါ"

ထိုသို့ အကူအညီတောင်းသဖြင့် ထိုမိတ်ဆွေက အနုရုဒ္ဓါချောင်မှာရှိသော သီလရှင် စာသင်ကျောင်းတစ်ကျောင်းသို့ အကျိုးအကြောင်း မိတ်ဆက်စာတစ်စောင် ရေးပေးလိုက်သည်။

သို့ကြောင့် ချယ်ရီဘဝမှ မသုမေ္မစာရီဘဝ ရောက်နေသော ဂျပန်အမျိုးသမီးသည် သီလရှင်ဘဝနှင့်ပင် မန္တလေးသို့သွားသည်။ မန္တလေးရောက်တော့ ထိုမှတစ်ဆင့် စစ်ကိုင်းသို့သွားလေသည်။

စစ်ကိုင်းတောင်ရောက်ပြီး အနုရုဒ္ဓါချောင်သို့ သွားပြီး အကျိုးအကြောင်း ရေးထားသော စာကိုပြသောအခါ သီလရှင်ကျောင်းတစ်ကျောင်းတွင် နေထိုင်ခွင့်ရခဲ့လေသည်။

အနုရုဒ္ဓါချောင်၌ရှိသော သီလရှင်ကျောင်းတွင် တစ်နှစ်ကျော်ကြာအောင် သီလရှင်ဘဝဖြင့်နေပြီး ကိုယ်တိုင်ဆွမ်းဆန်ခံထွက်ပြီး သီလရှင်တို့ဘဝကို လေ့လာခွင့် ရခဲ့လေသည်။

ထိုသို့ နေထိုင်စဉ်ကာလအတွင်း သီလရှင်တို့ ဘဝမှာ နေထိုင်စားသောက်မှု ချို့တဲ့မှုများစွာ ရှိနေသည်ကိုလည်း တွေ့ရသည်။





ဆွမ်းကွမ်းရှားပါးသော အချိန်များတွင် ကြုံတွေ့ရသော အခက်အခဲများ နေရသောကျောင်းကကျဉ်းပြီး နေထိုင်သော သီလရှင်အရေအတွက်က များသောအခါ ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ရပုံတို့ တွေ့မြင်ရသဖြင့် မှတ်ချက်တစ်ခုပင် ရေးသားခဲ့လေသည်။

"တရားအလုပ် လုပ်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲ၊ ဒါပေမယ့် အခက်အခဲတွေကတော့ အများကြီး ရှိနေတာပါလား"

ဟူသော မှတ်ချက်ဖြစ်သည်။

တကယ်တော့ ဂျပန်အမျိုးသမီး ချယ်ရီမှာ စီးပွားဥစ္စာချမ်းသာသူတစ်ဦးဖြစ်သည်။ တစ်နှစ်ပတ်လုံး ဟိုတယ်မှာ တည်းခိုနေထိုင်ပြီး သီလရှင်တို့ ဘဝအကြောင်းများကို လေ့လာမည်ဆိုပါက ရသော်လည်း မနေပေ။

သာမန်သီလရှင်များကဲ့သို့ပင် တန်းတူနေထိုင်ကာ လက်တွေ့မြင်ရသော ဘဝများကို သုတေသနစာတမ်း ရေးသားခဲ့လေသည်။

သူမနေသော အနုရုဒ္ဓါချောင်မှာ သိုက်ကုန်းဟု နာမည်ကြီးလှသော ရဋ္ဌပါလကုန်းကြီးနှင့် သိပ်မဝေးလှပေ။

တစ်နေ့တော့ စိတ်ကူးတစ်ခုရသဖြင့် ကျောင်းထိုင်သီလရှင်ကြီး ဒေါ်ခေမာအား အကျိုးအကြောင်းပြောပြသည်။

"သီလရှင်တွေက တဖြည်းဖြည်း များလာကြတော့ နေရတဲ့ကျောင်းက တဖြည်းဖြည်း ကျပ်တည်းလာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ လက်ခံထားရတာပဲ ဆရာလေး၊ ကျောင်းတစ်ဆောင်ဆောက်ဖို့ ဆိုတာကလည်း မြေနေရာရှိမှ ကျောင်းဆောက်ပေးမယ့် အလှူဒါယကာရှိမှ အဆင်ပြေမှာ မဟုတ်လား"

"ဒီလိုဆိုရင် တပည့်တော် မြေကွက်တစ်ကွက်ဝယ်ပြီး သီလရှင် ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းပါရစေဘုရား"

"သာဓု . . သာဓု . . သာဓု"

ကျောင်းထိုင်သီလရှင်ကြီးက ခွင့်ပေးသဖြင့် ဦးစွာကျောင်းဆောက်ရန်အတွက် မြေနေရာ ရှာဖွေရလေသည်။

ထိုသို့ရှာဖွေရင်းနှင့် အနုရုဒ္ဓါချောင်နှင့်နီးသော နေရာတွင်ရှိသော ရဋ္ဌပါလကုန်းနေရာကြီးကို တွေ့သွားလေသည်။ ထိုကုန်းမြေကြီးမှာ နေရာအကွက်အကွင်းကောင်းပြီး ကျယ်ဝန်းလှသောကြောင့် စုံစမ်းကြည့်သောအခါ ဝယ်ယူမည်ဆိုပါက တန်ဖိုးအနည်းငယ်မျှနှင့် ရနိုင်လောက်သော အခြေအနေမျိုး သိရသဖြင့် စိတ်ဝင်စားသောကြောင့် ကျောင်းထိုင်ဆရာကြီးနှင့် တိုင်ပင်ကြည့်ရလေသည်။

"မြေကွက်ဝယ်မယ်ဆိုရင်တော့ ဒီမြေကွက်တော့ မဝယ်စေချင်ဘူးဆရာလေး"

"ဘာကြောင့်လည်း အဖွားလေး"

"ဒီမြေကွက်က ကြမ်းတယ်"

"ဘယ်လိုကြမ်းတာလည်း အဖွားလေး"





"သိုက်စောင့်တွေ အတော်ကြမ်းတယ်လို့ ပြောသံကြားမိတယ်"

"သိုက်စောင့်ဆိုတာ ဘယ်လိုလူတွေမျိုးလဲ"

"ဥစ္စာတွေကို စောင့်ပေးနေရတဲ့ သူတွေပေါ့ကွယ်"

"သူတို့က ဒီနေရာကို မလာစေချင်တာ သူတို့ဥစ္စာတွေကို ယူမှာစိုးလို့လားဟင်"

သီလရှင်ကြီးကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပေ။

"တပည့်တော်တို့က သူတို့ဥစ္စာတွေကို ယူငင်ဖျက်ဆီးမှာမှ မဟုတ်တာ၊ ကျောင်းဆောက်ပြီးနေမှာဆိုတော့ သူတို့က သဘောတူကြမှာပါ"

"မဝယ်ခင်တော့အသေအချာ စုံစမ်းကြည့်စေချင်ပါတယ် ဆရာလေးရယ်"

သီလရှင်ကြီးကတော့ ထွေထွေထူးထူး မပြောပဲ ထိုမျှလောက်သာ ပြောလေသည်

ဆရာလေး မသုဓမ္မာစာရီကတော့ လက်ရှိနေသော အနုရုဒ္ဓါချောင်နှင့်နီးသော ထိုမြေကွက်ကျယ်ကြီးကိုသာ စိတ်ဝင်စားနေလေတော့သည်။

တစ်နေ့တော့ ဆရာလေး သုဓမ္မစာရီတစ်ပါးတည်းရှိနေသောအချိန်တွင် ချောမောလှပသည့် အမျိုးသမီးနှစ်ယောက် ရောက်လာကြသည်။

ရင်းတို့ ရောက်လာသောအချိန်မှာ ညနေစောင်း အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်ပင်ဖြစ်သည်။ သူတို့မရောက်လာခင်က ဆောင်ထော်ကူး ပန်းရနံ့များ ကြိုင်နေအောင် မွှေးပျံ့ပြီးမှ ကျောင်းတွင်းသို့ ဝင်လာကြခြင်းဖြစ်သည်။

"ဘယ်က လာကြတာလဲ"

ဆရာလေးက ညှို့သည်နှစ်ယောက်ကို နေရာထိုင်ခင်းပေးရင်း မေးလိုက်သည်။

"ကျွန်မတို့က ဒီနားတစ်ဝိုက်မှာပဲ နေကြတာပါ၊ ဆရာလေးနဲ့ တွေ့ချင်လို့ လာကြတာပါရှင်"

ဟု ချိုသာသော အသံဖြင့် ပြန်ပြောလေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မတို့က ဆရာလေး ဝယ်ယူချင်တဲ့ ရွှေပါလကုန်းမှာ နေကြပါတယ်"

ထိုစကားကြားတော့ ဆရာလေးမှာ များစွာဝမ်းသာသွားမိလေသည်။

"အော်. . အဲဒီကုန်းမြေရဲ့ ပိုင်ရှင်တွေလားဟင်"

"ဟုတ်ပါတယ်၊ ကျွန်မတို့က ဟိုးရှေးနှစ်ပေါင်း များစွာကတည်းက ဒီနေရာမှာ နေလာခဲ့ကြတဲ့ ပိုင်ရှင်ဟောင်းတွေပါ"

"အော် အခုလိုတွေ့ရတာ ဝမ်းသာလှပါတယ်၊ အခု လာကြတာ ဘယ်လိုကိစ္စများ ရှိကြလို့လဲ"

"ဒီကုန်းမြေကို ဝယ်ချင်တာ ဘာလုပ်ဖို့ ဝယ်မှာလဲ ဆိုတာ သိချင်လို့ပါ"





"တခြားတော့ မဟုတ်ပါဘူး၊ သီလရှင်တွေအတွက် ကျောင်းတစ်ဆောင်ဆောက်ပြီး လှူပေးချင်လို့ပါ"

"ကောင်းပါတယ် ကျွန်မတို့ ပြောချင်တာက တခြားမဟုတ်ပါဘူး၊ ဒီကုန်းမြေက သာမညနေရာ မဟုတ်ပါဘူး ရှေးနှစ်ပေါင်းများစွာကတည်းက ဘုရားကုန်းမြေ၊ သာသနာ့ကုန်းမြေတစ်ခု ဖြစ်ပါတယ်"

ဆရာလေးက စိတ်ဝင်စားစွာ နားထောင်နေရင်းမှ ခေါင်းညိတ်ပြလိုက်သည်။

"ဒါကြောင့် ဒီကုန်းမြေပေါ်မှာ ဘုရားတည်ကျောင်းဆောက်တဲ့လုပ်ငန်းတွေ သာသနာပြု လုပ်ငန်းတွေ လုပ်တာ တလွဲပြီး တခြား သာမန်လူတွေ နေထိုင်လို့ မရကြပါဘူး"

"ဆရာလေးတို့ကတော့ သာသနာပြုလုပ်ငန်းအတွက်ပါပဲ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကျွန်မတို့ကလည်း ဒီလိုပုဂ္ဂိုလ်မျိုးတွေ ရောက်လာဖို့ မျှော်လင့်နေကြတာ အတော်ကြာပါပြီ၊ ဒါပေမယ့် ဆရာလေးကိုတော့ ဒီကုန်းနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တတွေ ပြောပြပေးခဲ့ပါ့မယ်"

"ကောင်းပါပြီကွယ်"

"ရွှေပါလကုန်းရဲ့ အတွင်းပိုင်းကို ဝင်ကြည့်ရင် ရှေးနှစ်ပေါင်းများစွာက ရှိခဲ့ဖူးတဲ့ ကျောင်းပျက်ကြီးတစ်ဆောင်ကို တွေ့ရပါလိမ့်မယ်၊ ရှေးတုန်းက အဲဒီကျောင်းကြီးမှာ ဆရာတော်ကြီးတစ်ပါး သီတင်းသုံးပြီး ကျမ်းစာတွေ ရေးသားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပောင်းကျမ်းသုံးကျမ်း ရှိပါတယ်၊ အခုတော့ . ပျောက်ကွယ်နေပါတယ်၊ ဒါပေမယ့် အချိန်တန်ရင်တော့ ပြန်ပေါ်လာပြီး ထိုက်သူတွေ သုံးစွဲခွင့်ရကြမှာပါ"

ဆရာလေးက ခေါင်းညိတ်ပြသည်။

"ဆရာလေး အဲဒီကုန်းကြီးကို ဝယ်မယ်ဆိုရင် အဲဒီကျောင်းပျက်ကြီးကို ပြုပြင်သုံးစွဲလို့ ရပါတယ်၊ အဲဒီနေရာမှာ ကျောင်းဆောင်အသစ် ဆောက်ရင်လည်း ရပါတယ်"

"ကောင်းပါပြီ"

"အဲဒီကျောင်းပျက်ကြီးရဲ့ အရှေ့ဘက်မှာ ကုန်းတစ်ကုန်းရှိပါတယ်၊ ရှေးက အဲဒီနေရာက ဘုရားကုန်းမြေ ဖြစ်ပါတယ်၊ နောက်ပိုင်း ဆရာလေးတို့ ကျောင်းဆောက်ပြီးတဲ့ အခါမှာတော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး စေတီတစ်ဆူ တည်ပေးစေချင်ပါတယ်"

ထိုစကားကိုတော့ ဆရာလေးအနေဖြင့် သဘောမပေါက်လှပေ။

"သက်ဆိုင်ရာဆိုတာ အစိုးရ မြေစာရင်းဌာနကို ပြောတာလား၊ ဒါမှမဟုတ် ဒီကုန်းကို အခုလက်ရှိပိုင်ဆိုင်တဲ့ သူတွေကို ပြောတာလား"

"မဟုတ်ပါဘူးရှင်၊ သူတို့က ဆိုင်ရုံသာ ဆိုင်ကြပြီး တကယ်မပိုင်ကြပါဘူး၊ ရှေးနှစ်ပေါင်း များစွာကတည်းက ဒီကုန်းမြေကို တကယ်ပိုင်တဲ့ ပိုင်ရှင်တွေ ရှိကြပါတယ်၊ အချိန်တန်တော့ တွေ့ရပါလိမ့်မယ်"





"ကောင်းပါပြီ၊ သူတို့နဲ့တွေ့လို့ အဆင်ပြေရင် စေတီတစ်ဆူ တည်ပေးပါ့မယ်"

"ကျွန်မတို့က ဆရာလေးနဲ့ အချိန်အကြာကြီးတွေ့ပြီး ပြောမပြနိုင်ပေမယ့် ကျွန်မတို့နဲ့ သက်ဆိုင်တဲ့သူ ရှိပါတယ်၊ သူ့ကို ပြောသင့်ပြောထိုက်တာတွေ ပြောပြထားပေးပါ့မယ်"

"သူက ဘယ်သူလဲ ဘယ်နေရာမှာနေတာလဲ"

"ဒီကသွားရင် မဝေးလှပါဘူး၊ သူက မိုးမခရွာမှာ နေပါတယ်၊ သူ့နာမည်က မြနှင်းဖြူလို့ ခေါ်ပါတယ်၊ ဆရာလေး အကူအညီတောင်းရင် သူ အကူအညီ ပေးပါလိမ့်မယ်"

ဟု ပြောဆိုကြပြီးနောက် အမျိုးသမီးနှစ်ယောက်မှာ နေရာမှထကာ ဆရာလေး မသုမေ့သာရီကို နှုတ်ဆက်၍ အပြင်သို့ ပြန်ထွက်သွားကြလေသည်။

အပြင်ဘက်မှာတော့ အလင်းရောင် ပျောက်ကွယ်တာ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။

မသုမေ့စာရီဟု အမည်ခံထားသော ဂျပန်အမျိုးသမီးသီလရှင်လေးကတော့ သူမဘဝတွင် အံ့သြဖွယ်ကောင်းသော ထူးခြားဆန်းကြယ်လှသော အတွေ့အကြုံများကို စတင်ကြုံတွေ့ရခြင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၇)

# မြနှင်းဖြူနှင့် ဘဝဆက်ရှိသူများ

အချိန်က နံနက်ပိုင်းအချိန်သာ ရှိပေသေးသည်။

ထိုအချိန်တွင် ဖခင်ဖြစ်သူက ပန်းခြံတွင်းသို့ ဆင်းသွားပြီး အဖွားဖြစ်သူက ရွာထဲသို့သွားကာ ဈေးဝယ်နေသောကြောင့် . . အိမ်ပေါ်တွင် မြနှင်းဖြူတစ်ယောက်တည်းရှိကာ အမင်းတင်းများ ချက်ပြုတ်နေလေသည်။

ထိုအချိန်တွင် ခြံဝန်းအတွင်းသို့ သီလရှင်တစ်ပါး ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို လှမ်းမြင်သဖြင့် ဆွမ်းဆန်လောင်းရန် ပြင်ရလေသည်။

သို့သော်လည်း သီလရှင်ဆရာမလေးက ဆွမ်းဆန်ခံရန် ကြွလာခြင်းမဟုတ်ပဲ အခြားအကြောင်းတစ်ခုဖြင့် လာရောက်ဟန်ရှိသဖြင့် အကျိုးအကြောင်း မေးရလေသည်။

"ဆရာလေး ဘာကိစ္စများ ရှိလို့ပါလဲ"

"ဒါ မြနှင်းဖြူတို့ နေတဲ့အိမ်ပါလား၊ သူနဲ့ တွေ့ချင်လို့ လာတာပါ"

"ကြွပါဆရာလေး၊ တပည့်တော်မက မြနှင်းဖြူပါပဲ"

ထိုသို့ပြောပြီး နေရာထိုင်ခင်းပေးသဖြင့် ဆရာလေး မသူမမှတ်ရီက ဝင်ထိုင်သည်။ ဆရာလေး၏ အမူအယာမြင်ရုံနှင့် မြန်မာလူမျိုးတစ်ဦး မဟုတ်မှန်း ရိပ်မိလေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ဆရာလေးလာတာ တခြားကိစ္စတော့ မဟုတ်ပါဘူး၊ ရွှေပါလခြိုကြီးကို ဝယ်ချင်လို့ပါ"

ထိုစကားကြားတော့ မြနှင်းဖြူများစွာ အံ့သြသွားလေသည်။

"ဒီလိုပါ ဆရာလေး၊ နာမည်များ မှားလာသလားလို့ပါ၊ ကျွန်မတို့က အဲဒီခြံကြီးကို မပိုင်ပါဘူး"

"ဆရာလေး စကားပြောတာ စိတ်လောသွားလို့ပါ၊ ဒီလိုပါ ဆရာလေးက အဲဒီခြံကြီးကိုဝယ်ပြီး သီလရှင်ကျောင်းတိုက်ကြီးတစ်တိုက်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်၊ အဲဒါ





မြနှင်းဖြူက လိုအပ်တာတွေ အကူအညီပေးနိုင်တယ်လို့ လာပြောသွားလို့ပါ"

"ရှင်. . ဘယ်. . ဘယ်သူတွေက ပြော. . ပြောတာလည်းဟင်"

"အမျိုးသမီးနှစ်ယောက်က လာပြောကြလို့ပါ"

ထိုစကားကြားတော့ ထပ်မံအံ့သြရပြန်လေသည်။

ဆရာလေး လာပြောနေသော အကြောင်းများမှာ သူမသိသေးသော အကြောင်းအရာများ ဖြစ်နေလေသည်။

အမှန်တကယ်လည်း သူမအနေနှင့် ထိုအကြောင်းများကို ဘာမှမသိသေးပေ။

ရွှေပါလခြံကြီးကိုသော်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်ကိုသော်လည်းကောင်း မသိသဖြင့် များစွာအံ့သြနေမိခြင်း ဖြစ်သည်။

ဆရာလေးကလည်း သူမအမူအယာကြည့်ပြီး များစွာအားတုံ့အားနာ ဖြစ်နေဟန်ရှိလေသည်။

"အမှန်အတိုင်း ပြောရရင်တော့ ဆရာလေးပြောတဲ့ အကြောင်းအရာတွေကို ကျွန်မဘာမှ မသိပါဘူးရှင်၊ ရွှေပါလခြံကြီးကလည်း ကျွန်မတို့နဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ ဒါကြောင့် ဘာမှလည်း မသိပါဘူး၊ ဒါ. . ဒါကြောင့်"

မြနှင်းဖြူက စကားဆက်ရမှာ အားနာနေဟန်ဖြင့် ပြောလက်စစကားကို. . ထိုနေရာမှာပင် ရပ်တန့်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး မသုမမွစာရီကလည်း မြနှင်းဖြူ အမူအယာကိုကြည့်ပြီး သဘောပေါက်သွားသောကြောင့် အားနာစွာနှုတ်ပင် နေရာမှထကာ မြနှင်းဖြူကို နှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။

မြနှင်းဖြူကတော့ စိတ်ထဲမှာဇဝေဇဝါ တွေးတောရင်းနှင့်ပင် ကျန်ခဲ့လေသည်။

ဆရာလေး ပြန်သွားသော်လည်း သူမ စိတ်ထဲမှာတော့ အတွေးများစွာတို့က ကျန်ခဲ့လေသည်။

ရှုပါလခြံကြီးနှင့် သူ မသိသေးသော အမျိုးသမီးနှစ်ယောက်အကြောင်းက စိတ်ထဲကို ဝင်ရောက်နေသောကြောင့် အလုပ်ကိုပင် ဖြောင့်အောင်မလုပ်နိုင်ရှာပေ။

နောက်တစ်နေ့ရောက်တော့ မြနှင်းဖြူတစ်ယောက် အိပ်ယာမှ မထနိုင်တော့ပေ။

အနာကြီးရောဂါ ဖြစ်သကဲ့သို့ တစ်ကိုယ်လုံး အမှုအပိမ့်များ နီရဲနေသော အကွက်ကြီးများ ထွက်လာသောကြောင့် အိမ်ထဲမှပင် အပြင်မထွက်ဝံ့တော့ပေ။ အဖွားဖြစ်သူ ဒေါ်မင်းဇာက ရောဂါအခြေအနေကိုကြည့်ပြီး မှတ်ချက်ချလေသည်။

"ကြည့်ရတာ ဒါ. . သွေးရိုးသားရိုးဖြစ်တဲ့ ရောဂါမျိုး မဟုတ်လောက်ဘူး၊ ကောက်ကာငင်ကာ ရုတ်တရက်ကြီး ထဖြစ်ပုံထောက်တော့ တစ်ခုခု အများအယွင်း လုပ်မိလို့ပဲဖြစ်ရမယ်"

"ကျွန်မလည်း ပန်းရော်ကွက်တာကလွဲပြီး တခြား





အမှားအယွင်းလည်း ဘာမှမလုပ်မိပါဘူး အဖွားရယ်၊ အခုဘယ်လိုလုပ်ရမလဲ၊ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး အပြင်တောင် ထွက်လို့မရတော့ဘူး"

မြနှင်းဖြူက ငိုယိုကာ ပြောလေသည်။

"ငိုမနေပါနဲ့အေ၊ အနာသိရင် ဆေးရှိရမှာပေါ့။ မောင်ဘကျော်ကို အကျိုးအကြောင်းပြောပြီး ဆရာပင့်ခိုင်းလိုက်ပါ့မယ်"

ထိုသို့ပြောဆိုပြီး ဦးဘကျော်အား ဆေးဆရာ အပင့်ခိုင်းလိုက်လေသည်။ ဦးဘကျော်လည်း ဆေးဆရာ လိုက်ရှာရင်း မြင်းလှည်းမောင်း ထွက်လာသော နီမောင်နှင့်တွေ့သဖြင့် တပ္ပိယကြီး ဦးဗန်ကောင်းထံသို့ ခေါ်သွားလေသည်။ ဦးဗန်ကောင်းမှာ နီမောင်က အကျိုးအကြောင်း ပြောပြသဖြင့် မဆိုင်းမတွပင် ဆေးလွယ်အိတ်ယူကာ ထလိုက်လေသည်။

နီမောင်ကပင် နှစ်ယောက်စလုံးကို မြင်းလှည်းဖြင့် လိုက်ပို့ပေးလေသည်။

ထိုအိမ်ရောက်တော့ မြနှင်းဖြူက အခန်းထဲမှာပင် ရှိနေသောကြောင့် မတွေ့ရပေ။

သို့ကြောင့် ဦးဗန်ကောင်းက ဒေါ်မင်းဇာပါ ခေါ်၍ အခန်းတွင်းသို့ဝင်ကာ လူနာအခြေအနေကိုကြည့်သည်။

ထိုသို့ကြည့်နေစဉ် မနီးမဝေးမှ ပြောလိုက်သော စကားသံလိုလို ကြားရသဖြင့် တစ်ချက်မော့ကြည့်လိုက်တော့ အခန်းထောင့်တွင် ရပ်နေသော ရှေးခေတ်အဝတ်အစားနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

သူတစ်ယောက်သာ တွေ့နေရပြီး အခန်းထဲမှာ ရှိနေသော ဒေါ်မင်းဇာနှင့် မြနှင်းဖြူတို့ကတော့ မြင်တွေ့ကြဟန်မရှိကြပေ။

"သူ့ကို ဒဏ်ခတ်ထားတာပါ ဆရာကြီးရယ်၊ အချိန်တန်တော့ အလိုလို ပျောက်သွားမှာပါ"

ထိုသို့ပြောပြီး ဖျတ်ခနဲ ပြန်ပျောက်သွားလေသည်။

သို့ကြောင့် လူနာနှင့် လူနာရှင်တို့ ကျေနပ်မှုရှိစေရန် သွေးဆေးတစ်ခွက် ဖျော်တိုက်ရင်း ပြောပြလိုက်သည်။

"ဘာမှ စိတ်မပူကြပါနဲ့ တစ်ခုခုမှားလို့ အခုလို ဖြစ်တာပါ၊ မကြာခင် ပြန်ကောင်းသွားပါလိမ့်မယ်"

ဟု ပြောဆိုမှာကြားကာ နီမောင်နှင့်ပင် ကျောင်းသို့ ပြန်လာလေသည်။

လမ်းရောက်တော့ နီမောင်က မြင်းလှည်းမောင်းနေရင်းနှင့် မေးသည်။

"သူ ဘာဖြစ်တာလဲ ကပ္ပိယကြီး"

"မိန်းကလေးက မင်းနဲ့သိလို့လား"

"တစ်ခါပဲ တွေ့ဖူးပါသေးတယ်၊ သိပ်တော့ မသိကြသေးပါဘူး"

"ရောဂါတော့ ဘာမှမရှိပါဘူး၊ ဘဝဟောင်းကလူတွေက တစ်ခုခုလုပ်ပေးစေချင်လို့ ဖြစ်မှာပါ"

"ဘဝဟောင်းက လူတွေဆိုတာ ဘယ်သူတွေကို





ပြောတာလည်းဟင်"

"ငါ့အထင် ပြောရရင်တော့ မိန်းကလေးက သိုက်နဲ့ မကင်းဘူးထင်ပါတယ်"

"ကပ္ပိယကြီးက ဘယ်လိုသိတာလဲ"

"အခန်းထဲမှာတုန်းက ငါ သူတို့ကိုတွေ့လိုက်ရပါတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ဘာများဆန်းကြယ်သလဲကွာ၊ ပရလောကဆိုတာ လူ့ဘဝမှာပဲ ရှိနေကြတာပဲ၊ သူတို့ တွေ့ချင်ရင် တွေ့ရတယ်၊ သူတို့ မြင်ချင်ရင် မြင်ရတယ်၊ မမြင်စေချင်ရင် မမြင်ရဘူး။ မမြင်ရပေမယ့် အားလုံးကတော့ ငါတို့ပတ်ဝန်းကျင်မှာ ရှိနေကြတာပဲ"

ထိုစကားကြားတော့ နီမောင်က စိတ်ဝင်စားသွားလေသည်။

"ကပ္ပိယကြီးပြောတာ စိတ်ဝင်စားစရာပဲ၊ ဒီလိုဆိုရင် သူ့ရောဂါ ပျောက်နိုင်တာပေါ့နော်"

"မင်းနဲ့ဘာဆိုင်လို့ ဒီလောက်စိုးရိမ်နေရတာလဲ၊ အချိန်တန်တော့ သူ့ဘာသာ ပျောက်သွားပါလိမ့်မယ်"

ဟုပြောသဖြင့် နီမောင်လည်း ဆက်မမေးတော့ပေ။

ထို့နောက် ဦးဇန်ကောင်းအား ကျောင်းသို့ပြန်ပို့ပေးပြီးနောက် မြင်းလှည်းမောင်းရန် ထွက်သွားလေတော့သည်။

မြနှင်းဖြူကတော့ ဦးဇန်ကောင်း တိုက်ပေးခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်ခွက်သောက်ပြီး အိပ်ပျော်သွားရာ ညနေစောင်းအချိန် ရောက်တော့မှ ပြန်နိုးလာလေသည်။

ထိုအချိန်တွင် ဦးဘကျော်က ပန်းခင်းထဲရောက်နေပြီး ဒေါ်မင်းဇာက ဘုရားစင်ရှေ့တွင် ပုတီးစိပ်နေလေသည်။

မြနှင်းဖြူကတော့ ထူးထူးခြားခြား ကိုယ်ပေါ်တွင် ပေါ်လာသော အနာရောဂါတို့ကိုကြည့်ကာ အမျိုးမျိုး တွေးတောနေလေသည်။

ထိုအခိုက်မှာပင် သူမရှိနေသော အတွင်းခန်းသို့ အမျိုးသမီးနှစ်ယောက် ဝင်လာသည်ကို တွေ့ရသဖြင့် တအံ့တသြဖြစ်ကာ ထထိုင်လိုက်သည်။

နှစ်ယောက်စလုံး အသက်အရွယ်ချင်း မကွာလှပဲ ရုပ်ရည်ချင်းကလည်း ဆင်တူကြသည်။ ဝတ်ထားသော အဝတ်အစားတို့မှာလည်း အစိမ်းရောင်များဖြစ်ကာ ရှေးဆန်သော အဝတ်အစားမျိုး ဖြစ်သည်။

ထိုအမျိုးသမီးနှစ်ယောက်က အခန်းတွင်း ဝင်လာကြပြီး မနီးမဝေးမှာ ဝင်ထိုင်ကြလေသည်။

"မမတို့က ဘယ်သူတွေလဲဟင်"

"ငါ့ညီမလေးက မမတို့ကိုတောင် သတိမရတော့ဘူးလား၊ မမတို့က ငါ့ညီမရဲ့ အစ်မတွေလေ၊ မမနာမည်က မြကလျာလို့ခေါ်တယ်၊ သူက မြနန္ဒာ"

ထိုသို့ပြောသော်လည်း နာမည်လည်းမသိ၊ လူကိုလည်း မမှတ်မိ ဖြစ်နေလေသည်။





"ကျွန်မ . . ကျွန်မ"

"အေးလေ လူ့ဘဝရောက်တာပဲ အနှစ်နှစ်ဆယ်ကျော်ပြီဆိုတော့ မေ့လောက်ပြီပေါ့၊ ကဲ . . ကဲ ငါ့ညီမလေး ပြန်ပြီးသတိရအောင် ပြရပေဦးမပေါ့"

ထိုသို့ပြောပြီး အိမ်နံရံကို လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်ရာ အိမ်နံရံပျောက်သွားပြီး ရွှေရောင်တဝင်းဝင်းနှင့် ခန်းမဆောင်တစ်ခုကို တွေ့ရသည်။

ရွှေငွေရတနာတို့ဖြင့် မွမ်းမံထားသော ထိုခန်းမဆောင်ကြီး အတွင်းမှာတော့ လူလေးယောက် တန်းစီပြီး ရပ်နေကြသည်။

အသက်(၃၀)ကျော် အရွယ်ခန့်ရှိသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးယောက်တို့ ဖြစ်ကြသည်။

အမျိုးသမီးသုံးယောက်တွင် နှစ်ယောက်က ယခုသူမနံဘေးတွင် ရောက်နေကြသူများဖြစ်ပြီး ကျန်တစ်ယောက်ကတော့ အခြားသူ မဟုတ်ပေ။

သူမကိုယ်တိုင်ပင် ဖြစ်ပေသည်။

"မြင်ပြီမဟုတ်လား ညီမလေး၊ ငါ့ညီမက တခြားသူမဟုတ်ဘူး၊ သိုက်ထဲကနေ လူ့ဘဝကို ရောက်နေတဲ့ မမတို့ညီမအငယ်ဆုံးပဲ"

မြနှင်းဖြူကတော့ တအံ့တသြနှင့် နားထောင်နေလေသည်။

"မမတို့ စောင့်ရှောက်ရတဲ့သိုက်က ဘုရားသိုက်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဦးပုညရှင်သိုက်လို့ခေါ်တယ်၊ 'ဆွမ်းဦးပုညရှင် စေတီတော်ကြီးကို နေ့စဉ် အာရုံဆွမ်း ကပ်ခွင့်ရတာ တခြားမဟုတ်ဘူး၊ မမတို့ပဲ"

ဟု တစ်ယောက်က ပြောပြသည်။

အခြားတစ်ယောက်ကလည်း. . .

"ဟိုမှာရပ်နေတာ မမတို့ရဲ့ အစ်ကိုကြီးပဲ၊ သူ့နာမည်က ဦးထွန်းအောင်လို့ ခေါ်တယ်၊ ဒီဘက်က မမကြီးက မြတလျာ၊ မမနာမည်က မြနန္ဒာလို့ခေါ်တယ်၊ ငါ့ညီမလေးရဲ့ အရင်ဘဝကနာမည် မြသန္တာလို့ခေါ်တယ်"

ဟု ပြောပြလေသည်။

ထိုစကားကြားသောအခါ မြနှင်းဖြူမှာ ရင်ထဲ၌ လှိုက်တက်လာသော ဝမ်းနည်းစိတ်များကို မထိန်းနိုင်တော့သဖြင့် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေတော့သည်။

"မငိုပါနဲ့ ညီမလေးရယ်၊ မမတို့မှာ ဘဝက်အကျိုးပေးမကောင်းခဲ့လို့ ဒီလိုဘဝမျိုး ရောက်နေကြရတာပါ၊ ဒါကြောင့် အခုရောက်နေတဲ့ဘဝတွေက လွတ်အောင် ကောင်းမှုကုသိုလ်တွေ များများလုပ်ပေးကြရမယ်"

ဟု မြတလျာက ဖြောင်းဖျပြောဆိုသည်။

"ဒီလိုလုပ်ချင်ပေမယ့် မမတို့ချည်းလည်းလုပ်လို့ မရကြဘူး၊ လူ့ဘဝမှာ ရှိနေတဲ့ လူတွေက ကူညီဆောင်ရွက်ပေးမှရတယ်၊ ဒါကြောင့်. . ငါ့ညီမကို လူ့လောကကို ပို့ပေးထားတာပေါ့"





မြနန္ဒာစကားကြားတော့ မြနှင်းဖြူမှာ သဘောပေါက်စ ပြုလာလေသည်။

"ကျွန်မ. . ကျွန်မ ဘာလုပ်ပေးရမလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ အခု မမတို့ ရှိနေတဲ့နေရာကို သီလရှင်တစ်ပါးက ဝယ်ဖို့လုပ်နေတယ်၊ သူက တကယ်ဖြူစင်ပြီး သာသနာ့အကျိုးကို ဆောင်ရွက်ပေးနိုင်တဲ့သူပဲ"

"ကျွန်မဆီလာသွားတဲ့ သီလရှင်ကို ပြောတာလားဟင်"

"ဟုတ်ပါတယ်၊ သူက တိုင်းတပါးကတောင်လာပြီး သာသနာရေးကိစ္စတွေကို ဆောင်ရွက်ပေးနေတဲ့သူပဲ၊ ဒါကြောင့် တခြားသူတွေကို လက်မခံခဲ့ပေမယ့် သူ့ကိုတော့ လက်ခံပေးရမယ်၊ ဒါမှလည်း မမတို့ ဖြစ်စေချင်တာတွေ ဖြစ်လာနိုင်မယ်"

"ဘာတွေလည်းဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီနေရာမှာ မူလရှိခဲ့တဲ့စေတီကို အသစ်ပြန်တည်ဖို့နဲ့ ကျောင်းတစ်ဆောင်ဆောက်ပြီး သူတော်ကောင်းတွေ လာရောက်သီတင်းသုံးရင် သူတို့ပေးဝေတဲ့ အမျှအတန်းနဲ့ မေတ္တာရဖို့ပါပဲ"

"ကောင်းပါပြီ ကျွန်မက ဘယ်လိုအကူအညီပေးရမလဲ"

"သီလရှင်လေး ဒီနေရာမှာ သာသနာပြုလုပ်ငန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လုဝ်တဲ့အခါ ငါ့ညီမလေးက မမတို့ရဲ့ကိုယ်စား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးဖို့ပါပဲ၊ ဒါမှ လုပ်သင့်တာတွေ မလုပ်သင့်တာ တွေရှိလာရင် ငါ့ညီမကတစ်ဆင့် ပြောပေးလို့ရမယ်"

မြနှင်းဖြူက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ"

"ဒါပေမယ့် ငါ့ညီမ တစ်ယောက်တည်းတော့မဟုတ် ဘူး၊ အကူအညီပေးနိုင်မယ့် လူတစ်ယောက်လည်း ရှိပါသေး တယ်"

"ဘယ်သူလည်းဟင်"

"ဟိုတလောက မြင်းလှည်းနဲ့ လိုက်ပို့ပေးတာ ငါ့ညီမ ကို အကူအညီ ပေးနိုင်မယ့်သူပါပဲ"

ထိုစကားကြောင့် မြနှင်းဖြူ စိတ်ထဲတွင် နီမောင်ကို ချက်ချင်း သတိရလိုက်မိလေသည်။

"သူ. . သူက ကျွန်မတို့နဲ့ ဘယ်လိုပတ်သက်နေလို့ လည်းဟင်"

"တစ်ချိန်ကျရင် သူက ငါ့ညီမလေးရဲ့ ဘဝလက်တွဲ ဖော် ဖြစ်လာမယ့်သူပဲ"

ထိုစကားကြားတော့ ဘာမှတော့ ပြန်မပြောတော့ ပေ။

"ငါ့ညီမလေးအနေနဲ့ အခြေအနေတွေကိုသိပြီး သ ဘောပေါက်သွားပြီဆိုရင်တော့ မမတို့ပြန်တော့မယ်၊ မပြန် ခင် ရောဂါတွေပျောက်သွားအောင် ဆေးကုပေးခဲ့ပါ့မယ်၊





အိပ်ယာပေါ်မှာ ပြန်အိပ်လိုက်ပါ"

ဟု ပြောသဖြင့် အိပ်ယာပေါ်သို့ ပြန်လှဲချလိုက်ရာ ခဏချင်းပင် အိပ်ပျော်သွားလေတော့သည်။

တစ်ညလုံး အိပ်ပျော်သွားခဲ့ပြီး နောက်တစ်နေ့ နံနက် လင်းတော့မှ အိပ်ပျော်ရာမှ ပြန်နိုးလာလေတော့သည်။

ပြန်နိုးလာလျှင်လာချင်း သတိပြုမိသော အရာမှာ သူမကိုယ်ပေါ်တွင် ဖြစ်ပေါ်နေသောအနာများ၊ အနီကွက်များ လုံးဝမရှိတော့ပဲ ပကတိအသားအရေအတိုင်း ပြန်ဖြစ်နေသည် ကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။

သို့ကြောင့် အခန်းအပြင်ကို ချက်ချင်းထွက်ပြီး အဖွား ဖြစ်သူနှင့် ဖခင်ဖြစ်သူကို ပြောပြလိုက်သည်။

၎င်းတို့ကလည်း ရုတ်တရက်ကြီး ရောဂါပျောက် ကင်းသွားသည်ကို တွေ့ရသဖြင့် ဝမ်းသာနေကြလေသည်။

ရှိုးသားလှသော ဦးဘကျော်ကတော့ ကပ္ပိယကြီး ဦးဗန်ကောင်း ဆေးတစ်ခွက်တိုက်ရုံနှင့် ရောဂါပျောက်သွား သည် ထင်သဖြင့် ကျေးဇူးတင်နေတော့သည်။

လောကတွင် လူတို့ဉာဏ် တစ်ထွာတစ်မိုက်ဖြင့် လိုက် မမီနိုင်လောက်အောင် ဆန်းကြယ်လှသည့်အကြောင်းအရာ တို့ မြောက်များစွာ ရှိနေကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com








# သိုက်ကုန်းနေရာအား ဝယ်ယူကြခြင်း

ဝါတွင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် စစ်တိုင်းတောင်ရိုးပေါ်တွင် ဝါတော်စဉ် ဘုရားပွဲများ အစဉ်အဆက်မပြတ် ကျင်းပနေကြလေပြီ။

နှစ်စဉ်ဆိုသလို ဝါဆိုလပြည့်နေ့တွင် ပုညရှင် စေတီတော်ကို ဆွမ်းဦးကပ်လှူပြီးနောက် တစ်ဝါတွင်းလုံး ဘုရားပွဲတော်များကို ဆက်တိုက်ကျင်းပကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ကျင်းပသောရက်များတွင် စစ်ကိုင်းတောင်ရိုးပေါ်တွင် ဘုရားဖူးများ စည့်ပရိသတ်တို့ အသွားအလာများပြီး စည်ကားလှသည်။

ရှေ့အခန်းများ၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း လူပရိသတ်များသော ထိုရက်များရောက်လျှင် မုန့်ရောင်းသူများ ပန်းရောင်းသူများနှင့် မြင်းလှည်းမောင်းသူတို့ အရောင်းအဝယ်ကောင်းသဖြင့် ဝင်ငွေကောင်းလှသည်။

မြနှင်းဖြူလည်း ရောဂါများ ပျောက်ကင်းသွားပြီ ဖြစ်သောကြောင့် ပန်းရောင်းထွက်ရလေသည်။

တစ်နေ့တော့ နေ့လည်ဘက် ပန်းရောင်းပြီး ပြန်လာရာ လမ်းတစ်နေရာရောက်တော့ နီမောင်နှင့် တွေ့ရသည်။

နီမောင်က အရိပ်ကောင်းသော သစ်ပင်အောက်၌ မြင်းလှည်းရပ်တန့်ကာ ထမင်းစားနေခြင်း ဖြစ်သည်။

နီမောင်ကိုမြင်တော့ မြနှင်းဖြူ စိတ်ထဲမှာ မလုံမလဲ ဖြစ်သွားသည်။ မြကလျာတို့ ပြောသွားသော စကားများကို ပြန်သတိရမိသဖြင့် အလိုလို ရှက်ရွံ့နေသကဲ့သို့ ဖြစ်နေမိသည်။

သို့ကြောင့် မမြင်ဟန်ဆောင်ပြီး ကိုယ့်လမ်းကိုယ် သွားရကောင်းမလား၊ ဒါမှမဟုတ် နှုတ်ဆက်ရကောင်းမလားဟု ချီတုံချတုံ ဖြစ်နေလေသည်။

နီမောင်ကတော့ သူမကို မြင်သောအခါ တစ်ချက်လှမ်းကြည့်ပြီး ပြုံးမြနှုတ်ဆက်လေသည်။





သို့ကြောင့် တွေတွေထူးထူး မတွေးတော့ပဲ မြင်းလှည်း ရပ်ထားသော နေရာသို့ လျှောက်သွားလေသည်။

"နင် ပြန်တော့မလို့လား၊ ငါ လိုက်ပို့ပေးမယ်လေ"

"ရပါတယ်"

"ဒါထက် နင် နေကောင်းသွားပြီလား၊ မြန်လှချည်လား"

ထိုသို့ ပြောသော်လည်း မြနှင်းဖြူက ပြုံးရုံသာ ပြုံးနေသည်။

"ဟိုတစ်နေ့က ဆေးဆရာ ခေါ်လာပေးတာ နင့်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဟာ၊ ဆေးဆရာလုပ်နေတဲ့ ကပ္ပိယကြီးက ငါနဲ့ခင်ပါတယ်"

ထိုသို့ပြောပြီး စားလက်စထမင်းကို လက်စသတ်လိုက်လေသည်။

"လာ . . လာ . , မြင်းလှည်းပေါ်တက်၊ ငါ လိုက်ပို့ပေးမယ်"

ဟု ပြောပြီး မြင်းလှည်းထွက်ရန် ပြင်သည်။

"နေပါဦး၊ ငါ မောလာလို့ ခဏနားပြီးတော့မှပဲ သွားတော့မယ်"

ထိုသို့ပြောသဖြင့် နီမောင်က မြင်းမောင်းသော နင်းတုံကို ပြန်ချထားလိုက်သည်။ မြနှင်းဖြူက သစ်ပင်ရိပ်တွင် ဝင်ထိုင်သဖြင့် နီမောင်ကပ် မြင်းလှည်းပေါ်မှ ဆင်းလာကာ



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးတွင် ဝင်ထိုင်လေသည်။

မြနှင်းဖြူက ဈေးဗန်းထဲမှာ ပါလာသော မုန့်ထုပ်ကို ဖြေသည်။ အတွင်းမှာတော့ ထန်းသီးမုန့်အပါအဝင် အချိုဖြင့် ပြုလုပ်ထားသော မုန့်များပါလာသည်။

အဆာပြေစားရန် ဝယ်ယူလာခြင်း ဖြစ်သည်။

မြနှင်းဖြူက အထုပ်တွင်းမှ မုန့်များကို တဝက်ခွဲပြီး နီမောင်ကိုပေးသည်။

"ငါ ထမင်းစားပြီးပြီ နင်ပဲ စားလိုက်ပါ"

"ရော့ပါ၊ ငါတစ်ယောက်တည်းစားလို့ ဘယ်လိုကုန်မှာလဲ၊ တမင်ဝယ်လာတဲ့ဟာ"

ထိုစကားကြားတော့ နီမောင်က အံ့ဩသော အမူအယာဖြင့် မြနှင်းဖြူပေးသော မုန့်များကို လှမ်းယူသည်။

သူမကတော့ မထူးခြားသော အမူအယာနှင့် အေးအေးဆေးဆေးထိုင်ကာ မုန့်စားနေလေသည်။

သို့ကောင့် နီမောင်က လှည်းတွင်ချိတ်ထားသော ရေဘူးနှင့်ရေခွက်ကိုပါ ချပေးလိုက်သည်။

"နင့်ကြည့်ရတာ အတော်ပင်ပန်းလာပုံရတယ်၊ ပန်းရောင်းရတာ အတော်ကောင်းပုံရတယ်"

"ပန်းရောင်းတာတော့ ဒီရက်တွေ ကောင်းပါတယ်၊ ဟိုရက်က နေမကောင်း ဖြစ်လိုက်တော့ နည်းနည်းတော့ ပင်ပန်းတာပေါ့၊ နောက်ပြီး. . ."

မြနှင်းဖြူက စကားမဆက်သေးပဲ ရေဘူးထဲမှ ရေ





တစ်ခွက် ငှဲ့သောက်နေလေသည်။

ပြီးမှ စကားပြန်ဆက်သည်။

"နောက်ပြီး ဒီအချိန်မျိုးမှာ ရတုန်းစုထားမှ ဈေးရောင်းမကောင်းတဲ့အချိန်ရောက်တော့ သုံးစွဲစရာ ရှိမှာပေါ့၊ နင်ရော မြင်းလှည်းဆွဲရတာ ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ငါတို့ အိမ်မှာလည်း လူမများပါဘူး။ အဖေအမေနဲ့ ညီမတစ်ယောက်ပဲ ရှိပါတယ်၊ ညီမလေးက ဆီစက်မှာလုပ်ပြီး ငါက မြင်းလှည်းမောင်းတော့ ရတာနဲ့ လောက်ပါတယ်"

နီမောင်က အခါအခွင့်သင့်သောကြောင့် သူတို့မိသားစု အခြေအနေပါ တစ်ပါတည်း ပြောပြလိုက်သည်။

"မြင်းလှည်းမောင်းတာ နားရင်တော့ ဘုရားမှာ ဆွမ်းချက်တဲ့အဖွဲ့တွေဆီသွားပြီး ဖိုင်းလုပ်ပေးတယ်"

"နင်က အဲဒီလိုလုပ်တာ ဝါသနာပါသလား"

"ပါပါတယ်၊ ကောင်းတာလုပ်တာပဲ၊ ငါတို့က သူများတွေလို ဘုရားတည် ကျောင်းဆောက်တဲ့ အလုပ်မျိုးတွေ လုပ်နိုင်ကြတော့ ရတဲ့ကုသိုလ်ပဲ ယူရတာပေါ့"

ထိုသို့ပြန်ပြောရင်း နီမောင်က မြနှင်းဖြူပေးသော မုန့်များကို စားနေလေသည်။

"ဒါထက် နင့်ကို မေးရဦးမယ်၊ ဘုရားတည်ကျောင်းဆောက်တဲ့အလုပ်တွေ နင် မလုပ်ချင်ဘူးလား"

"လုပ်ချင်တာပေါ့၊ ဒါပေမယ့် ငွေမှ မရှိတာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်မှာလဲ"

"ငါမေးတာ တခြားမဟုတ်ပါဘူး၊ ငါ့ကို အသိမိတ်ဆွေတစ်ယောက်က လာပြီး အကူအညီတောင်းထားတာရှိတယ်"

"ဘယ်လိုမျိုးလဲ"

"သူက ရှေ့ပါလခြံကြီးကို ဝယ်ပြီး အဲဒီမှာ ဘုရားတည်မယ်၊ ကျောင်းလည်းဆောက်မယ်လို့ ပြောတယ်"

"အဲဒီခြံကြီးက လူနေလို့မှ မရတာ"

"သူကတော့ ရမယ်ထင်တယ်၊ တကယ်လို့ သူလုပ်မယ်ဆိုရင် ငါ ဝိုင်းကူပေးရမယ်၊ နင်ရော ဝိုင်းကူပေးနိုင်မလားဟင်"

ဟု မေးလိုက်သည်။နီမောင်က မုန့်တစ်ခုကို စိမ်ပြေနပြေ စားနေရင်းနှင့် အတော်ကြာအောင် စဉ်းစားနေသည်။

ရှေ့ပါလခြံကြီးအကြောင်းက စစ်ကိုင်းတောင်နှင့် မကင်းကြသူ အတော်များများ သိကြသည်။

သိုက်ကြမ်းသည်။ နေရာကြမ်းသည်။ မည်သူမှ ဝင်ရောက်နေထိုင်ခွင့် မရကြပေ။

ဖွတ်ဝင်နေပါက ပြေးလျှင်ပြေး၊ မပြေးလျှင် အသက်သေးအန္တရာယ်ဖြင့် ကြုံတွေ့ရသော နေရာမျိုးဖြစ်သည်။

ထိုနေရာတွင် ဘုရားတည် ကျောင်းဆောက်သောကိစ္စများ လာလုပ်မည့်သူက ဘယ်လိုလူမျိုးလဲ . . . ။

အနှောက်အယှက်တွေကို ဘယ်လိုတားဆီးနိုင်မည်





ကိုလည်း စိတ်ဝင်စားနေသည်။

"ဘယ်လိုလည်း နင် စိတ်ဝင်စားသလား"

မြနှင်းဖြူက နီမောင့်ကို အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"အင်း . . စိတ်ဝင်စားပါတယ်၊ နင်ခေါ်ရင် ငါ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

ထိုစကားကြားပြီးမှ မြနှင်းဖြူက ပြန်ရန်ပြင်သောအခါ နီမောင်က မြင်းလှည်းဖြင့် ရွာရောက်သည်အထိ လိုက်ပို့ပေးလိုက်လေသည်။

နီမောင် နောက်တစ်ခေါက် ကျောင်းသို့ရောက်ပြီး ဆရာတော်ကြီး ဦးဗန်ကောင်းနှင့် တွေ့သောအခါ ထိုအကြောင်းများကို ပြောပြလိုက်သည်။

ဦးဗန်ကောင်းကတော့ ထိုစကား ကြားသောအခါ အံ့သြဟန်မပြပေ။

"ဒါမျိုးတွေက သိပ်ပြီးတော့ ထူးဆန်းလှတယ် မဟုတ်ပါဘူးကွာ၊ အချိန်မတန်သေးရင်တော့ ဒီလိုပဲ နေလို့ရတာပေါ့၊ အချိန်တန်လာတော့လည်း ဒီလိုပဲ သူ့အဆက်အသွယ်တွေ ရောက်လာပြီး လုပ်သင့်တာတွေ လုပ်ပေးရတာပါပဲ"

ထိုသို့သာ ပြန်ပြောသည်။

နီမောင် ကျောင်းသို့ သွားသောအခါ ခြံထွက် နံသဖု ဥဟက်ပျောခိုင်တစ်ခိုင် ပါလာလေသည်။ ဥဟက်ပျောခိုင်မှာ မှည့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစ ပြုနေပြီဖြစ်၏။

"မင်းပါလာတဲ့ ဌက်ပျော်ခိုင်ကို ဆရာတော်ကြီး သွားလှူပါလား၊ ဆရာတော်ကြီးနဲ့တွေ့တော့ သိချင်တာလည်း လျှောက်မေးလို့ ရတာပေါ့"

ဟုပြောသဖြင့် နှစ်ယောက်သား ဌက်ပျောခိုင်ကို ထမ်းကာ မဟာဗောဓိကျောင်းသို့ သွားကြလေသည်။

ကျောင်းကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်ထားသော ကျောင်းဟောင်းကြီး ဖြစ်သည်။

မဟာဗောဓိ ကျောင်းထိုင်ဆရာတော်ကြီးမှာ သက်တော်ဝါတော် ကြီးလှပြီဖြစ်သော ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ထို့ပြင် ငယ်ရွယ်စဉ်ကပင် ထိုကျောင်းတွင် သီတင်းသုံးနေထိုင်ခဲ့သူ ဖြစ်သောကြောင့် ထိုနေရာတစ်ဝိုက်မှ အကြောင်းများကို သိရှိသော ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။

နီမောင်နှင့် ကပ္ပိယကြီး ဦးဗန်ကောင်းတို့ တက်သွားသောအချိန်တွင် ဆရာတော်ကြီးက ပုတီးစိပ်နေသည်။

မဟာဗောဓိကျောင်း ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဦးပုညဖြစ်ပေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့က ဌက်ပျောခိုင်ကို ရှေ့မှာချပြီး ဆရာတော်ကြီးအား ကန်တော့လိုက်ကြသည်။

ထို့နောက် ဦးဗန်ကောင်းက ရဌပါလကုန်းအကြောင်းကို မေးမြန်းလျှောက်ထားလေသည်။

"ဒီကုန်းက ဘုရားကုန်းပဲ၊ ရှေးနှစ်ပေါင်းများစွာကတ





တည်းက ကုန်းတော်ပေါ်မှာ စေတီတစ်ဆူ ရှိခဲ့ဘူးတယ်၊ ဘွဲ့တော်ကိုတော့ မမှတ်မိတော့ဘူး"

"တင်ပါ့ဘုရား"

"ဘုရားနဲ့ မနီးမဝေးမှာ ကျောင်းကြီးတစ်ကျောင်းလည်းရှိတယ်၊ အခုတော့ ပြိုပျက်ကျနေပြီ၊ သစ်ပင်ဝါးပင်တွေ ဖုံးနေရောပေါ့"

"မှန်ပါတယ် ဘုရား"

"ဘုန်းကြီးတို့ငယ်ရွယ်စဉ်က အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော်ကြီးတစ်ပါး ရှိခဲ့တယ်၊ လောကီအစီအရင် ပညာတွေကို အတော်ကလေး နှံ့စပ်ကျွမ်းကျင်တယ်လို့ သတင်းကြားတယ်၊ ဆရာတော်ကြီး ထွက်ရပ်လမ်း ကွဲသွားတော့ သူစီရင်ထားခဲ့တဲ့ အစီအရင် ကျမ်းသုံးကျမ်း ကျန်ခဲ့တယ်လို့ တစ်ဆင့်စကားနဲ့ ကြားသိရတယ်"

"နောက်တော့ အဲဒီကျမ်းတွေ ဘယ်ရောက်သွားသလဲဘုရား"

"ဘယ်သူရသွားသလဲတော့ သေသေချာချာ မသိရဘူး၊ နောက်ပိုင်း သတင်းမကြားရတော့ပါဘူး"

"အခု အဲဒီကုန်းမြေကို သီလရှင်တစ်ပါးက ဝယ်ယူပြီး သီလရှင်တွေအတွက် ကျောင်းဆောက်ပေးဖို့ စီစဉ်နေပါတယ်ဘုရား"

"တလောက ဒေါ်ခေမာ လာပြောပြလို့ ဘုန်းဘုန်းသိပြီးပါပြီ၊ သူ့ကျောင်းမှာ ဂျပန်ကလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မာတုကာမတစ်ယောက် သီလရှင်ဝတ်ပြီး သီလရှင်တွေအကြောင်း စာရေးနေတယ်လို့ သိရတယ်၊ သူကဝယ်ပြီး လှူမှာ ထင်ပါတယ်"

"မှန်ပါတယ်ဘုရား၊ အဲဒီနေရာမှာ ဝယ်ပြီး ကျောင်းဆောက်ဖို့ကိစ္စ ဖြစ်နိုင်မဖြစ်နိုင် ဆရာတော်ကြီးကို လျှောက်ထားကြည့်တာပါ ဘုရား"

ဦးဗန်ကောင်းက လျှောက်ထားသောအခါ ဆရာတော်ကြီးက မျက်စိမှိတ်ကာ အတန်ကြာသည်အထိ ငြိမ်သက်နေပြီးမှ ပြန်ပြောသည်။

"ဘယ်အရာမဆို အကျိုးဆက် အကြောင်းဆက်တွေ ရှိကြတယ်၊ အကျိုးမရှိပဲနဲ့လည်း အကြောင်းကမပေါ်ဘူး၊ အကြောင်းမဆက်မိပဲနဲ့လည်း အကျိုးဆက်က မပေါ်လာဘူး၊ ဒီကလူတွေ လုပ်လို့မရပေမယ့် ဟိုအဝေးကြီးမှာ နေတဲ့သူက တကူးတက ရောက်လာပြီး လုပ်တယ်ဆိုတော့ သာမန်အကြောင်းဆက် မဟုတ်ဘူးဆိုတာတော့ သိနိုင်ပါတယ်"

ဟု ပြန်ပြောပြလေသည်။

သို့ကြောင့် နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း ဆရာတော်ကြီးအား ကန်တော့ပြီး ကျောင်းပေါ်မှ ပြန်ဆင်းလာကြလေသည်။

ထိုအဖြစ်အပျက်များ, ဖြစ်ပျက်ခဲ့ပြီးနောက် မဟာဗောဓိချောင်မှ အဖွားလေး ဒေါ်ခေမာ၏ သီလရှင်ကျောင်းတွင် သီလရှင်ဘဝဖြင့် နေထိုင်ကာ သီလရှင်များအကြောင်း





များကို စာတမ်းပြုစုနေသော မသုမေ့စာရီအမည်ခံ ချယ်ရီသည် သူမ အလိုရှိသော စာတမ်းမှာ ပြည့်စုံသွားပြီ ဖြစ်သောကြောင့် လူ့ဘဝသို့ ပြန်လဲလိုက်လေသည်။

သူမသည် ဒေါက်တာလွဲ့ယူရန်အတွက် ဂျပန်နိုင်ငံသို့ ပြန်ရန်ပြင်ဆင်သည်။

ဂျပန်သို့ မပြန်မီတွင် ရဌပါလကုန်းမြေအား ဝယ်ယူရန်အတွက် လက်ရှိပိုင်ဆိုင်မှုရှိသော ပိုင်ရှင်များနှင့် ညှိနှိုင်းတိုင်ပင်မှုလည်း ပြုလုပ်သွားခဲ့လေသည်။

ထို့နောက်တော့ ချယ်ရီသည် ဂျပန်နိုင်ငံသို့ ပြန်သွားလေတော့သည်။

နောက်ထပ် လအနည်းငယ် ကြာသောအခါမှာတော့ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီးနောက် ထိုမြေကွက်ကြီးအား သင့်တော်သောဈေးနှုန်းဖြင့် ဝယ်ယူလိုက်သည်။

ထိုသို့ဝယ်ယူပြီးနောက် မြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား အဖွားလေး ဒေါ်ခေမာအား အပ်နှံလေသည်။ ထို့ပြင် သီလရှင်များအတွက် ကျောင်းဆောက်ပေးရန်အတွက်လည်း ဝတ္ထုငွေများပါ တပါတည်း ပေးလှူလေသည်။

"တပည့်တော်မကတော့ ဂျပန်နိုင်ငံက တက္ကသိုလ်မှာ ပါမောက္ခတာဝန် ထမ်းဆောင်ရတော့မှာမို့ ဒီမှာ ကြာကြာမနေနိုင်တော့ပါဘူးရား၊ ဒါကြောင့် ကျောင်းဆောက်ရင် ကုန်ကျမယ့် ငွေတွေကိုသာ လှူခဲ့ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"သာဓု . . သာဓု . . သာဓု"

"ကျောင်းဆောက်ပြီးလို့ ရေစက်ချရင်သာ သံရိုးက တစ်ဆင့် တပည့်တော်ဆီ အကြောင်းကြားပေးပါ၊ တပည့်တော် တစ်ခေါက်လာခဲ့ပါ့မယ်"

"ကောင်းပါပြီ"

ထို့နောက် ချယ်ရီလည်း ဂျပန်နိုင်ငံသို့ ပြန်သွားလေတော့သည်။

ဒေါ်ခေမာလည်း ချယ်ရီလှူထားခဲ့သော ဝတ္ထုငွေများနှင့် စာရွက်စာတမ်းများကိုယူပြီး မဟာဗောဓိကျောင်းဆရာတော်ကြီးထံ သွားပြီးအပ်နှံလေသည်။

"ဆရာတော်ကြီးပဲ သင့်တော်သလို စီစဉ်ဆောင်ရွက်ပေးပါဘုရား"

ထိုအခါ ဆရာတော်ကြီးကလည်း ကပ္ပိယကြီး ဦးဗန်ကောင်းကို အပ်နှံလေသည်။

"ကပ္ပိယကြီး ရှဥ်ပါလကုန်းမှာ သီလရှင်တွေအတွက် ကျောင်းတစ်ဆောင်ဆောက်ဖို့ တာဝန်ယူပေးပါ"

ထိုသို့ပြောပြီး မြေနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် ကျောင်းဆောက်ရန်အတွက် ငွေများကိုပေးအပ်လိုက်လေတော့သည်။








# လောကီပညာ (၆၄)ရပ်

သိုက်ကုန်းဟု နာမည်ကြီးလှသော ရှဥ်ပါလကုန်းမြေအား ဦးဗန်ကောင်းလက်သို့ အပ်လိုက်ပြီးနောက်တွင် ပိတ်ဆီးနေသော ခြုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းရန် ဦးစွာပြင်ရတော့သည်။ ထိုမျှကျယ်ဝန်းသော ကုန်းမြေကြီးကို ရှင်းလင်းရန် သူတစ်ယောက်တည်းတော့ မရနိုင်ပေ။

သို့ကြောင့် သူနှင့်ခင်မင်ရင်းနှီးသော နီမောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အကူအညီ တောင်းရသည်။

နီမောင်ကလည်း မငြင်းပေ၊ မြင်းလှည်းထွက်ချိန်တန်ထွက်ပြီး ကျန်အချိန်များတွင် လာရောက်အကူအညီပေးမည်ဟု ကတိပေးသည်။

သို့ဖြင့် ဘုရားဖူးအသွားအလာများသော နံနက်ပိုင်းအချိန်တွင် မြင်းလှည်းမောင်းပြီး နေ့လည်ဘက်နှင့် ညနေပိုင်းညပိုင်းအချိန်များတွင် ဦးဗန်ကောင်းအား ဝိုင်းကူပေးရလေသည်။

သူတို့ချည်း မရသဖြင့် ခြံထဲမှ သစ်ပင်ခြုံနွယ်များ ရှင်းလင်းသောကိစ္စကို အလုပ်သမားများကို နေ့တွက်စားခပေးပြီး စေခိုင်းရလေသည်။ အများအားဖြင့်တော့ နီမောင်တို့နေသော ကျောက်ဖားရွာမှ အလုပ်သမားများလေသည်။

မိန်းမ ယောကျ်ား (၁၅)ယောက်ခန့် ရှိပေမည်။

ထိုအထဲတွင် နီမောင်နှင့် ခင်မင်ရင်းနှီးသော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်လည်း ပါလာကြသည်။

ခြံဝန်းထဲတွင် ရှင်းလင်းနေသည့် အချိန်မှစပြီး သင့်တော်သောနေရာများတွင် ယာယီတဲများ ထိုးထားကြသည်။ အလုပ်သမားများ နားရန်အတွက်သော်လည်းကောင်း၊ ညအိပ်ညဥ့်နေနိုင်ရန် ရနိုင်လောက်အောင် ပြုလုပ်ထားကြလေသည်။

အလုပ်သမားအင်အား တောင့်တင်းသဖြင့် ရက်ပိုင်းအတွင်းမှာပင် ချုံနွယ်ပိတ်ပေါင်းများ အတော်ပင် ရှင်းလင်း





သွားလေသည်။

ချုံနွယ်များ ရှင်းလင်းလိုက်တော့ အဆောက်အဦးအပြိုအပျက်နေရာများ ကုန်းယိပ်တွင် စေတီပျက်နှင့်တူသော အုတ်ပုံအကျိုးအပဲ့များကို တွေ့ရသည်။

အချို့နေရာများတွင် ယခင်ဝယ်ယူသူတို့ ဆောက်ထားခဲ့သော အဆောက်အဦးအပျက်များ ရှိလေသည်။

တစ်နေ့တော့ နီမောင်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်မှာ နေ့လည်စာ စားသောက်နေကြစဉ် သူတို့တဲအနီးသို့ ခွေးနက်ကြီးတစ်ကောင် ရောက်လာပြီး တဲပေါက်ဝမှ ဆောင့်ကြောင့်ထိုင်ကြည့်လေသည်။

အင်းခွေးကြီးတမျှကြီးလှပြီး အမွေးကလည်း နက်မှောင်နေသည်။

နီမောင်က အနီးပတ်ဝန်းကျင်တွင်ရှိသော ဘုန်းကြီးကျောင်း သီလရှင်ကျောင်းမှ ရောက်လာသော ခွေးတစ်ကောင်ဟုထင်သဖြင့် ထမင်းနှင့်ဟင်း နယ်ပြီးဖက်ဖြင့် ပုံကျွေးလိုက်သည်။

နမ်းကြည့်ပြီး မစားပေ။

ဦးဗန်ကောင်းက ဟင်းမပါပဲ၊ ထမင်းအဖြူချည်း ပုံကျွေးတော့မှစားသည်။

“ဘယ်လိုသဘောလဲ”

“အသားငါးတွေ မစားချင်လို့ ဖြစ်မှာပေါ့ကွာ”

“အသားငါးမကြိုက်တဲ့ခွေးကို ဒီတစ်ခါပဲ တွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်”

နီမောင်က ပြောလိုက်သည်။

“ငါတို့ကို သတိပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒီကုန်းပေါ်မှာ အလုပ်လုပ်နေတဲ့ အချိန်မှာတော့ ငါတို့လည်း အသားငါးတွေ မစားကြတာ ပိုကောင်းမယ် ထင်တယ်”

ဟု ဦးဗန်ကောင်းကပြောရာ နီမောင်လည်း အခြေအနေကို သဘောပေါက်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ သူတို့ အလုပ်လုပ်နေသော ကုန်းပေါ်သို့ မြနှင်းဖြူတစ်ယောက် ရောက်လာလေသည်။ သူမနှင့်အတူ အစားအသောက်များ ထည့်ထားသော တောင်းတစ်လုံးလည်း ပါလာလေသည်။

သူမလာတာမြင်တော့ ခြံဝန်းထဲ ရောက်လာကတည်းက မပြန်တော့ပဲနေသော ခွေးနက်ကြီးက အမြီးတနှံ့နှံ့ဖြင့် သွားရောက်ဆီးကြိုလေသည်။

မြနှင်းဖြူက တောင်းထဲမှာပါလာသော ပေါက်ပေါက်ဆုပ် တစ်လုံးနှစ်လုံး ချပေးလိုက်တော့ စားနေလေသည်။

မြနှင်းဖြူက နီမောင်နှင့် ဦးဗန်ကောင်းတို့ ရှိသောနေရာသို့သွားကာ မုန့်တောင်းကို ချပေးလေသည်။

“ဒီတောင်းထဲမှာ မုန့်တွေ ပါပါတယ်၊ အဘတို့လည်း စား အလုပ်သမားတွေလည်း ကျွေးပါ”

“ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်”





“ကျွန်မလည်း အားတဲ့အချိန်တွေမှာ ဒီမှာလာပြီး ကူညီပေးပါရစေ”

“ကုသိုလ်ရတာပေါ့ကွယ်၊ ကိုယ်နဲ့သက်ဆိုင်ရင်တော့ ဒီလိုပဲလုပ်ကြရမှာပေါ့”

ထို့နောက် မြနှင်းဖြူကပါ ပန်းရောင်းမထွက်သော နေ့လည်ဘက် အချိန်များတွင် ရှေ့ပါလ ခြံကြီးရှိရာသို့ ရောက်လာပြီး နီမောင်တို့နှင့် ဝိုင်းကူလုပ်ကိုင်ပေးလေသည်။

တစ်နေ့တော့ ခြံဝန်းအစပ်တွင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းနေသော အလုပ်သမားအချို့ရောက်လာပြီး တိုင်တန်းပြောဆိုကြလေသည်။

“ကျွန်တော်တို့ ခြံခုတ်ဖို့ လုပ်နေတော့ ခွေးနက်ကြီးက လာဟောင်နေတာ ကပ္ပိယကြီး၊ နောက်ပြီး ဟိုကုန်းပေါ်က ခြုံတွေ ရှင်းတော့လည်း အရှင်းမခံပဲ လာဟောင်နေတယ်”

သို့ကြောင့် နီမောင်၊ မြနှင်းဖြူ ဦးဗန်ကောင်းတို့ သုံးယောက်က ထိုနေရာသို့လိုက်သွားပြီး ကြည့်ကြလေသည်။

ထိုနေရာရောက်တော့ ခတ်လက်စတန်းလန်းဖြစ်နေသော ခြုံစည်းရိုးနားတွင် ဆောင့်ကြောင့်ထိုင်နေသော ခွေးနက်ကြီးကို တွေ့ကြရသည်။ မြနှင်းဖြူကိုမြင်တော့ ခွေးနက်ကြီးက အမြီးနှံ့ပြသည်။

“ကိုင်း. . . မိန်းကလေး အခြေအနေ သွားကြည့်ပေး [illegible]”

ဟု ဦးဗန်ကောင်းက ပြောသဖြင့် မြနှင်းဖြူက ခွေး



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီး ဝပ်နေရာသို့ လျှောက်သွားညပီး အတန်ကြာအောင် ရပ်နေလေသည်။ ကျန်လူများကတော့ သူမရှိသောနေရာ လိုက်မသွားပဲ မနီးမဝေးမှာ ရပ်နေကာ အခြေအနေ ကြည့်နေကြသည်။

အတန်ကြာတော့မှ မြနှင်းဖြူက နောက်သို့ လှည့်ပြောပြသည်။

"သူတို့ခတ်တဲ့ ခြံစည်းရိုးနေရာက မှားနေပါတယ်၊ အခုလက်ရှိ နေရာကနေ ရှေ့ဘက်ကို သုံးပေလောက် ထပ်တိုးမှ ပိုင်ဆိုင်တဲ့ နယ်နိမိတ်ကုန်ပါမယ်"

ဟုပြောပြီး နယ်နိမိတ်နေရာကို ဝါးတိုင် စိုက်ပြပေးသည်။

ခြံစည်းရိုးခတ်သော နေရာတွင် ဦးဆောင်လုပ်နေကြသော စောထီးနှင့် ငမဲအောင်တို့က မူလခြံခတ်ထားသောတိုင်များ စည်းရိုးများကို ပြန်ဖျက်ပြီး မြနှင်းဖြူပြပေးသော နေရာတွင် စည်းရိုးတိုင်များစိုက်တော့မှ ခွေးနက်ကြီးလည်း မဟောင် တော့ပဲ သစ်ပင်အောက်မှာ ခွေအိပ်နေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ ငမဲအောင်က ခွေးနက်ကြီးကိုကြည့်ပြီး မကျေမနပ်ဖြင့် တိုးတိုးပြောနေသည်။

"အခုကျတော့လည်း သူနဲ့ မဆိုင်သလို ခွေအိပ်နေတယ်"

ထိုသို့ရေရွတ်သည်နှင့် ခွေးနက်ကြီးက ခေါင်းထောင်ထကြည့်ရာ ငမဲအောင်မှာ ခေါင်းပုသွားလေတော့သည်။





"ဒါထက် ဟိုကုန်းထိပ်ကရော ဘယ်လိုထူးခြားမှုတွေ ရှိနေသေးလဲ မိန်းကလေး"

"အရင်က အဲဒီထိပ်မှာ စေတီတစ်ဆူရှိတယ်၊ အခုတော့ အုတ်ပုံဘာဝရောက်နေပါပြီ၊ ဒါပေမယ့် ခြုံနွယ်ပိတ်ပေါင်းတွေ ရှင်းရင်တော့ ဌာပနာထည့်ထားတဲ့ ရတနာပစ္စည်းအချို့တွေ ရနိုင်ပါတယ်၊ ဒါကြောင့် တခြားအလုပ်သမားတွေ အတက်မခံစေချင်တာပါ"

ထိုသို့ပြောပြတော့မှ ဦးဗန်ကောင်းလည်း သဘောပေါက်သွားလေတော့သည်။

"ဒီလိုဆိုတော့လည်း မင်းနဲ့ငါနဲ့ပဲ ကုသိုလ်ယူရတော့ ပျော်ပေါ့ကွာ"

ဟု ပြောဆိုပြီး နီမောင်နှင့် နှစ်ယောက်သား ထိုကုန်းထိပ်နေရာကို ရှင်းလင်းကြလေသည်။

သူတို့ရှင်းတော့ မြနှင်းဖြူကပါ တတ်နိုင်သလောက် ဝိုင်းကူလုပ်ပေးလေသည်။

ထိုသို့လုပ်ရင်း အလုပ်နားခိုက်တွင် နီမောင်က မြနှင်းဖြူကို မေးသည်။

"နင်က ဘယ်လိုသိနေတာလဲဟင်"

"ငါကတော့ ဘာမှမသိပါဘူး၊ ဒါပေမယ့် မှားယွင်းနေရင်တော့ သူတို့လာပြောပြကြတယ်၊ ဒီမှာရောက်နေတဲ့ ခွေးနက်ကြီးကလည်း မှားရင် သတိပေးနေတာပဲ မဟုတ်ဘူး"

"ခွေးနက်ကြီးကရော သိုက်ထဲကပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဟုတ်မှာပေါ့၊ ဒါထက် နင် ဒီမှာ လာလုပ်နေတော့ မြင်းလှည်းထွက်တာ ပျက်မှာပေါ့နော်"

"မနက်ပိုင်းတော့ ထွက်ပါတယ်၊ ပြီးတော့မှ ဒီမှာ လာကူလုပ်ပေးနေတာပါ၊ နင်လည်း ငါ့လိုပဲ မဟုတ်လား"

"ဟုတ်တယ် ငါလည်း မနက်ပိုင်းပဲ ပန်းရောင်းထွက်တယ်၊ အဖေနဲ့အဖွားကိုပြောပြီး ဒီမှာလာလုပ်ပေးနေတာ"

"နင်ရှိတော့ ပိုကောင်းတာပေါ့"

နီမောင့်စကားက အနှောင့်မလွတ် အသွားမလွတ်ဖြစ်နေသောကြောင့် မြနှင်းဖြူက တစ်ချက် ကြည့်လိုက်သည်။

"ဘာဖြစ်လို့ကောင်းတာလဲ"

"အော် တခြားမဟုတ်ပါဘူး၊ ဒီနေရာအကြောင်းတွေကို သိတဲ့လူရှိတော့ ပိုကောင်းတယ်လို့ ပြောတာပါ"

မြနှင်းဖြူက မသိမသာ မျက်စောင်းထိုးရင်း ပြုံးလိုက်လေသည်။

မည်သို့ပင်ဖြစ်စေ နီမောင်နှင့် တွေ့ရချိန်တွင် ထိုကဲ့သို့စကားမျိုး ကြားရသည်ကပင် စိတ်ထဲတွင် လှုပ်ရှားနေရသည်ကတော့ အမှန်ပင်ဖြစ်၏။

ဤသို့ဖြင့် လူအားကောင်းကောင်းနှင့် ချုံနွယ်ပိတ်ပေါင်းများရှင်းသည့် အုပ်စုကရှင်း ခြံစည်းရိုးခတ်သူကခတ်နှင့် ရက်အတန်ကြာတော့ သစ်ပင်ခြုံနွယ်များ ပိတ်ဖုံးနေသောနေရာကို ခုတ်ထွင်ရှင်းလင်းကြရာ ကျောင်းပျက်ကြီး တစ်ဆောင်ကို တွေ့ကြရသည်။





ကျောင်းပျက်ကြီးမှာ အတော်ပင်ကြီးမားပြီး ရှေးနှစ်ပေါင်းများစွာကပင် ဆောက်လုပ်ထားဟန် ရှိသော်လည်း ကျွန်းသစ်ကောင်းများဖြင့် ဆောက်လုပ်ထားသောကြောင့် မပျက်စီးလှသေးပေ။

ထိုသို့မပျက်စီးရခြင်းအကြောင်းမှာ သံကိုမသုံးပဲ သစ်သားအချင်းချင်း ဖောက်စွပ်၊ တပ်ဆင်ထားသောကြောင့်ပင်ဖြစ်ပေသည်။

"ဒီကျောင်းကြီးကို လက်သမားတွေခေါ်ပြီး ပြင်ဆင်လိုက်ရင် သီလရှင်တွေတောင် နေလို့ရနိုင်တယ်"

"ဒါပေမယ့် ရှေးခေတ်လက်ရာနဲ့ ဆောက်ထားတာဆိုတော့ ပြုပြင်လို့ လွယ်ပါ့မလား"

"အခု နောက်ပေါ်တဲ့ လက်သမားတွေကတော့ ရှေးခေတ်က ပညာရှင်ကြီးတွေရဲ့ လက်ရာတွေကို ဘယ်သိပါ့မလဲ၊ ငါက ပြောပြပေးမှရမှာပေါ့"

"ဒါထက် ကပ္ပိယကြီးက လက်သမား အတတ်ပညာကိုရော တတ်ကျွမ်းနားလည်တာပဲလား"

"လောကမှာ ယောကျာ်းတစ်ယောက်ရယ်လို့ ဖြစ်လာရင် ဘာမဆို တတ်ကျွမ်းနားလည်အောင် လေ့လာသင်ယူထားရတယ်၊ ဒါတော့တတ်ပြီး ဟိုဟာတော့မတတ်ဘူးဆိုတာ မရှိစေရဘူး"

"ဟုတ်ကဲ့"

"ထမင်းငါးချက်တာတောင် မိန်းမတွေရဲ့ အလုပ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး မလေ့လာ မသင်ယူထားရင် ကိုယ့်ဖာသာ ချက်စားတဲ့ နေရာရောက်ရင် ထမင်းမချက်တတ်တာနဲ့ ထမင်းငတ်မှာပေါ့"

"မှန်ပါတယ်"

"သစ်သားတွေပုံပေးထားတာတောင် အိမ်ဖြစ်အောင် မဆောက်တတ်ရင် မြေကြီးပေါ် အိပ်ရမှာပေါ့"

"ဟုတ်ကဲ့"

"ရှေးက ပညာရှိကြီးတွေထားခဲ့တဲ့ ပညာရပ်တွေ အများကြီးထဲက လောကမှာ တတ်မြောက်အပ်တဲ့ ပညာရပ် (၆၄)မျိုးရှိတယ်၊ အဲဒီမှာ ရန်သူလက်က လွတ်မြောက်အောင် ကြံစည်အားထုတ်ခြင်းအတတ် ဆိုတာတောင် ပါတယ်"

"ရန်သူလက်ရောက်ပြီးမှ လွတ်မြောက်အောင် မကြံစည်တတ်ရင် အသတ်ခံရမှာပေါ့ ကပ္ပိယရဲ့၊ ထမင်း မချက်တတ်ရင် ထမင်းငတ်ရုံပဲရှိမယ်၊ ရန်သူ့လက်က လွတ်မြောက်အောင် မကြံစည်တတ်ရင် အသက်သေမှာပေါ့"

"မှန်တာပေါ့ကွာ၊ ဒါကြောင့် လောကမှာ လူတစ်ယောက်ရယ်လို့ ဖြစ်လာရင် တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို မတတ်ရင်တောင် သိထားဖို့တော့ လိုတာပေါ့"

"ဒါထက် ကပ္ပိယကြီးပြောတဲ့ ပညာရပ်(၆၄)မျိုး ဆိုတာတွေက ဘာလဲဟင် ကျွန်တော့်ကို ပြောပြပေးပါလား"

နီမောင် စကားကြားတော့ ဦးဗန်ကောင်းက ကွမ်းယာတစ်ယာကိုဝါးရင်း ပြောပြပေးလေသည်။





လောကရှိ ကြီးပွားချမ်းသာလိုသူတို့ တတ်မြောက်အပ် သော အတတ်ပညာ(၆၄)ရပ်ကို ဖော်ပြပါမည်။

◆ ၁။ အကမျိုးစုံ အတတ်ဖြစ်သော နစ္စ။

◆ ၂။ တီးမှုတ်မျိုးစုံ အတတ်ဖြစ်သော ဝါဒန။

◆ ၃။ လူတို့နှင့် သင့်လျော်အောင် အဝတ်တန်ဆာတို့ကို ဆင်ယင်ပေးမှုဖြစ်သော ဝတ္ထာလင်္ကာရသန္ဓာနအတတ်။

◆ ၄။ လူပုံမျိုးမျိုးတို့ကို ကောင်းစွာပြုပြင်၍ ပေးနိုင်ခြင်းဟုဆိုအပ်သော အနေက ရူပဝိဘာဂ ကရဏအတတ်။

◆ ၅။ အိပ်ယာကုတင် စသည်တို့ကို တင့်တယ်စွာ ပြင်ဆင်တတ်ခြင်း၊ ပန်းစသည်တို့ကိုလည်း ထို့အတူ ပြင်ဆင်တတ်ခြင်းအတတ်ဟု ဆိုအပ်သော သေယျတ္ထရဏာတိသံယောဂ ပုပ္ဖါဒိဂန္ထနအတတ်။

◆ ၆။ လူအပေါင်းတို့အား ကစားနည်းမျိုးစုံတို့ဖြင့် နှစ်သက်စေတတ်သော အနေကကီဠာရဉ္ဇနအတတ်။

◆ ၇။ နေရာအမျိုးမျိုးတို့၌ နည်းအမျိုးမျိုးတို့ဖြင့် ကာမမှု့လျောပုံတို့ကို သိသောအတတ်ဖြစ်သည့် အမေကာသနသန္ဓာနုရတိဇာနနအတတ်။

◆ ၈။ သေရည်သေရက် အမျိုးမျိုးတို့ကို ပြုလုပ်သည့် ဓဝ္ပါသဝါဒိကရဏအတတ်။

◆ ၉။ စူးဝင်စေတတ်သော မြား၊ ကျည်ဆံနှင့် အနာထွသမှုတို့ကို ခွဲစိတ်ကုနိုင်ခြင်း အတတ်ဖြစ်သည့် သလ္လဟာရ



www.burmeseclassic.com

www.burmeseclassic.com



ဏာဝဏာဝိဇ္ဇနအတတ်။

◆ ၁၀။ စဖိုသည် (စဖိုမှူး)အတတ်ဟု ဆိုအပ်သော အချက်အပြုတ်တို့ကို ကျွမ်းကျင်သည့် အန္နာဒိပစနအတတ်။

◆ ၁၁။ စိုက်ပျိုးခြင်းဟု ဆိုအပ်သော လယ်ယာဥယျာဉ်ပြုစုသည့် ဗီဇရောပဏာဒိအတတ်။

◆ ၁၂။ ကျောက်ခဲ၊ ရွှေ စသော ဓာတ်တို့ကို ခွဲစိတ်ခြင်း၊ ပြာချက်ခြင်းအတတ်ဟု ဆိုအပ်သော ပါသာဏဓာတွာဒိဝိဓာကရဏာဘသ္မီကရဏအတတ်။

◆ ၁၃။ ထန်းလျက်၊ ကြံသကာ၊ တင်လဲ၊ သကြား စသည်တို့ကို ချက်လုပ်ခြင်းဟု ဆိုအပ်သော ဥစ္ဆုဝိကာရကရဏအတတ်။

◆ ၁၄။ ရွှေစသော ဓါတ်နှင့်ဆေးတို့ကို ယှဉ်စပ်သည့် ဓာတောသမိသံယောဂါဒိကြိယာအတတ်။

◆ ၁၅။ ရွှေ ငွေ စသော ဓါတ်တို့ကို ရောစပ်ခြင်း ခွဲထုတ်ခြင်းဟု ဆိုအပ်သော ဓာတုသံယောဂဝိဘာဂကရဏအတတ်။

◆ ၁၆။ ဓါတ်မျိုးစု စပ်နည်းတို့ကို ရှေးဦးစွာ စမ်းသပ်ပြုလုပ်နိုင်ခြင်းအတတ်ဟု ဆိုအပ်သော ဓာတွာဒိသံယောဂပုဗ္ဗဝိညာနအတတ်။

◆ ၁၇။ ယမ်း၊ ဆား၊ ဆပ်ပြာတို့ကို ထုတ်လုပ်တတ်ခြင်းဟု ဆိုအပ်သော မာရနိက္ကာသနအတတ်။

◆ ၁၈။ ချိန်ရွယ်ရာသို့ လက်နက်တို့ကို ထိမှန်အောင်





ပစ်လွှတ်နိုင်ခြင်းအတတ်ဟု ဆိုအပ်သော သတ္ထသန္ဓာနဝိက္ခေပအတတ်။

◆ ၁၉။ လက်ပမ်းလုံးခြင်း၊ နပမ်းသတ်ခြင်းဟု ဆိုအပ်သော မလ္လယုဒ္ဓအတတ်။

◆ ၂၀။ လက်ဝှေ့သတ်ခြင်းဟု ဆိုအပ်သော ပြာဟုယုဒ္ဓအတတ်။

◆ ၂၁။ ရန်သူ၏ လက်ချက်မှ လွတ်မြောက်အောင် ရှောင်ရှားနိုင်ခြင်း အတတ်ဖြစ်သည့် ပတိကြိယာအတတ်။

◆ ၂၂။ အတီးအမှုတ်တို့ဖြင့် တီးမှုတ်၍ စစ်ဆင်စစ်တက်ခြင်းဟု ဆိုအပ်သော ဗျူဟာစရနာဒိကရဏအတတ်။

◆ ၂၃။ နတ်တို့အား နှစ်သက်စေခြင်းဟု ဆိုအပ်သော ဒေဝတယတောသနအတတ်။

◆ ၂၄။ ရထားမောင်းခြင်း၊ ဆင်စီးခြင်း၊ မြင်းစီးခြင်းအတတ်ဟု ဆိုအပ်သော ရထဟတ္ထိအဿဒိရောဟဏအတတ်။

◆ ၂၅။ အိုးလုပ်ခြင်း၊ အုတ်လုပ်ခြင်း အတတ်ဟု ဆိုအပ်သော မတ္တိကာဘဏ္ဍသံကြိယာအတတ်။

◆ ၂၆။ ပန်းပုလက်သမား အတတ်ဟု ဆိုအပ်သော ဒါရုဘဏ္ဍသံကြိယာအတတ်။

◆ ၂၇။ ကျောက်ရုပ်၊ ကျောက်ပန်း၊ ကျောက်စီအတတ်ဟု ဆိုအပ်သော သောပါသာဏဘဏ္ဍသံကြိယာအတတ်။



www.burmeseclassic.com

www.burmeseclassic.com



♦ ၂၈။ ပန်းပဲ၊ ပန်းတဉ်းစသော ကြေးထည်သံထည် အမျိုးစုံတို့ကို ပြုလုပ်နိုင်သည့် အတတ်ပညာဟု ဆိုအပ်သော မာတုဘဏ္ဍာသံကြိယာအတတ်။

♦ ၂၉။ ပန်းချီပုံဆွဲအတတ်ဖြစ်သည့် စိတ္တာချယလေခအတတ်။

♦ ၃၀။ ရေတွင်း၊ ရေကန်၊ ချောင်းမြောင်းတူးခြင်း၊ မြေကွက်ညှိခြင်းအတတ်ဟု ဆိုအပ်သော အင္ဂါ(၈၀)ပိပါသာဒသမဘူမိကြိယာအတတ်။

♦ ၃၁။ နာရီစက် စသည်မျိုးစုံတို့ကို လုပ်ဆောင်နိုင်သည့် ယန္တရကရဏအတတ်။

♦ ၃၂။ ဆိုးဆေးအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်သော ဝဏ္ဏရဉ္ဇနအတတ်။

♦ ၃၃။ ရေလေ၊ မီးစက် အမျိုးမျိုးတို့ကို ပြုလုပ်နိုင်သည့် ဇပဝါယွဂ္ဂိသံယောဂနိရောဓကြိယာအတတ်။

♦ ၃၄။ ယာဉ်မျိုးစုံတို့ကို ပြုလုပ်နိုင်သည့် ယာနကရဏအတတ်။

♦ ၃၅။ ချည်မျှင်ချည်ကြိုးတို့ကို ထုတ်ငင်နိုင်သော သုတ္တာဒိရဇ္ဇုကရဏအတတ်။

♦ ၃၆။ အထည်မျိုးစုံ ယက်လုပ်နိုင်သော ဝတ္ထုဝါယနအတတ်။

♦ ၃၇။ ရတနာတို့၏ ကေင်းမကောင်းကိုသိသော ရတနာဝေဓာဒိသန္တဘန္တညာဏအတတ်။





♦ ၃၈။ ရွှေစသည်တို့၏ ကောင်းမကောင်း မှန်မမှန်တို သိသော သုဝဏ္ဏာဒိယထာယတာဝိခုဘနအတတ်။

♦ ၃၉။ ရွှေစသည် ကိတ်ရတနာတို့ကို ပြုလုပ်နိုင်ခြင်း ကိတ္တိမသုဝဏ္ဏရတနာဒိကြိယာဝိညာပနအတတ်။

♦ ၄၀။ ပန်းရံအတတ်ဟု ဆိုအပ်သော လေပါဒိသံကြိယာအတတ်။

♦ ၄၁။ သားရေနယ်အတတ်ဟု ဆိုအပ်သော စမ္မမဒ္ဒဝါဒိကြိယာအတတ်။

♦ ၄၂။ ပုံစံအမျိုးစုံတို့ကို ထုတ်လုပ်နိုင်သော ရွှေပန်းတိမ်အတတ်ဟု ဆိုအပ်သော သုဝဏ္ဏဒျာလင်္ကာရကြိယာအတတ်။

♦ ၄၃။ သားကောင်၏ပုံကို မပျက်စေရဘဲ သားရေကို ခွာဆုတ်နိုင်သည့် အတတ်ဟုဆိုအပ်သော ပသုစမ္မဂ်နိဟာရကြိယာအတတ်။

♦ ၄၄။ နို့ညှစ်ခြင်းမှစ၍ ထောပတ်တိုင်အောင် ပြုလုပ်နိုင်သည့်အတတ်ဟု ဆိုအပ်သော ဒုဒ္ဓဒေါဟာဒိဝိညာနအတတ်။

♦ ၄၅။ သင်တိုင်းအင်္ကျီစသည်တို့ကို ချုပ်လုပ်ခြင်းဟု ဆိုအပ်သော, ကဥ္စုနကာဒိသဗ္ဗနအတတ်။

♦ ၄၆။ ရေကူးခြင်းအတတ်ဟု ဆိုအပ်သော ဇလဟာရဏအတတ်။

♦ ၄၇။ အိမ်သုံးပရိဘောဂတို့ကို ပြောင်သက်စင်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြုလုပ်နိုင်ခြင်းဟု ဆိုအပ်သော ဂေဟာဘဏ္ဍာဘိမဇ္ဇနအတတ်။

- ၄၈။ ခဝါသည်အတတ်ဟု ဆိုအပ်သော ဝတ္ထသမ္မဇ္ဇနအတတ်။
- ၄၉။ ဆေတ္တာသည်အတတ်ဟု ဆိုအပ်သော ခုရကမ္မအတတ်။
- ၅၀။ အမဲဆီ စသည်တို့ကို ထုတ်ယူခြင်း အတတ်ဟု ဆိုအပ်သော ဆီလမံသာဒီသိနေဟနိဂ္ဂဏှနအတတ်။
- ၅၁။ လယ်ထွန်ခြင်းအတတ်ဟု ဆိုအပ်သော သီရာဒှာကဿနအတတ်။
- ၅၂။ သစ်ပင်ကို တက်ခြင်းဟု ဆိုအပ်သော ရုက္ခာရောဟအတတ်။
- ၅၃။ အရှင်သခင်၏ စိတ်တိုင်းကျအောင် လုပ်ကျွေးခြင်းဟု ဆိုအပ်သော မနောနုကူလသေဝါကရဏအတတ်။
- ၅၄။ နှီးဖျာ၊ နှီးခွက်၊ မြက်ဖျာ၊ မြက်ခွက်၊ စသည်တို့ကို ပြုလုပ်နိုင်သည့် စေနတိဏာဒိပတ္တကရဏအတတ်။
- ၅၅။ အိုးခွက်ပန်းကန် ပြုလုပ်ခြင်းတည်းဟူသော ကာစပတ္တာဒိကရဏအတတ်။
- ၅၆။ ရေယူခြင်း၊ ရေထုတ်ခြင်း၊ ရေလှောင်ခြင်း၊ ရေပေးခြင်းအတတ်ဟု ဆိုအပ်သော ဇလသံသေစနဟရဏအတတ်။
- ၅၇။ သံမဏိသံရေကြိုစက် လက်နက်မျိုးစုံတို့ကို ပြု





လုပ်နိုင်ခြင်း အတတ်ဟူသော လောဟာဒိသာရသတ္ထကကရဏာအတတ်။

- ၅၈။ ဆင်ကုန်းနှီး၊ မြင်းကုန်းနှီး၊ ပြုလုပ်ခြင်းအတတ်ဟု ဆိုအပ်သော ဟတ္ထိအဿာဒိပိဋ္ဌတ္ထရဏကြိယာအတတ်။
- ၅၉။ ကလေးငယ်တို့အား စောင့်ရှောက်မွေးမြူရေးဟုဆိုအပ်သော သုသုသံရက္ခဏဓာရဏကြိယာအတတ်။
- ၆၀။ အပြစ်ရှိသူကို အပြစ်ရှိသည့်အားလျော်စွာ ရိုက်နှက်ခြင်းဟု ဆိုအပ်သော အပရာဓိဏနုနညာဏအတတ်။
- ၆၁။ ဘာသမျိုးစုံတို့၏ အက္ခရာစာပေတို့ကိုရေးသားနိုင်ခြင်းအတတ်ဟု ဆိုအပ်သော နာနာဒေသိယဝဏ္ဏလေခအတတ်။
- ၆၂။ ကွမ်းယာခြင်း၊ ကွမ်းပြင်ခြင်း၊ စသည့် တမ္ဗူလာရက္ခဒိကြိယာအတတ်။
- ၆၃။ ထိုကလာ(၆၂)မျိုးတို့၌ အလျင်အမြန် ပြုလုပ်သင့်က လျင်မြန်စွာ ပြုလုပ်ခြင်းဟု ဆိုအပ်သော ပဘိဒါနဂုဏ်။
- ၆၄။ ဆေးလေးစွာ ပြုလုပ်သင့်က ဆေးလေးစွာ ပြုလုပ်ခြင်းဟု ဆိုအပ်သော အာဒါနဂုဏ်။

ဤသို့အားဖြင့် လူမှုရေးရာ အဖြာဖြာတို့နှင့် သက်ဆိုင်သော အနုပညာ အတတ်မျိုး(၆၄)ပါး ရှိလေသည်။

"အခုပြောပြတဲ့ အတတ်ပညာတွေက လူ့ဘဝ လူ့လောကမှာ နေထိုင်သူတို့ တတ်မြောက်ထားသင့်တဲ့ သိထား



www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့ ပညာရပ်တွေပါပဲ”

ဟု ပြောပြလေသည်။


ထို့နောက်မှာတော့ အခြားအလုပ်သမားများက ကျောင်းပျက်ကြီးကို ရှင်းလင်းနေကြစဉ် နီမောင်တို့ နှစ်ယောက်က ဘုရားကုန်းတော်ဟု ပြောသောနေရာသို့ တက်ရောက်ကာ ရှင်းလင်းကြလေသည်။

မြနှင်းဖြူကတော့ တောင်ကုန်းပေါ် မတက်ပဲ အောက်မှနေပြီး လိုတာလုပ်ပေးသည်။

ထိုကုန်းတော်ကို ရှင်းလင်းသောအခါ ကျိုးပဲ့ပျက်စီးနေသော အုတ်ပုံ၊ အုတ်ချပ်များကြားမှ ရွှေငွေ ကျောက်မျက်ရတနာအချို့နှင့် ရုပ်ပွားဆင်းတုတော်အချို့ကို တွေ့ရှိကြလေသည်။








# ရွှေစေတီ ငွေစေတီတို့နှင့် ဆက်စပ်မှုများ

တစ်နေ့သ၌ နီမောင်တို့ နေထိုင်သော ကျောက်ဖားရွာအတွင်းသို့ အရပ်တကာလှည့်ပြီး ဈေးရောင်းကြသော ဈေးသည်အချို့ ရောက်လာကြသည်။

၎င်းတို့သည် အုပ်စုဖြင့် အရပ်တကာလှည့်ကာ အသုံးအဆောင်ပစ္စည်းများ ရောင်းချကြသူများဖြစ်သည်။

www.burmeseclassic.com



သူတို့သည် ပွဲဈေးတန်းများတွင် လိုက်လံဈေးရောင်းကြသည့် (၁၂)ပွဲဈေးသည်မျိုးတော့ မဟုတ်ကြပေ။

အလုပ်သိမ်းချိန် နားချိန်ရောက်သည့်အခါ ရွာမှထွက်သော အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများကို အရပ်တကာ လှည့်လည်ရောင်းချကြခြင်း ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးပေါ်ရှိ ရွာများသို့ လာရောက်ရောင်းချခြင်းမှာ ဝါတွင်းကာလတွင် ဝါတော်စဉ်ဘုရားပွဲတော်များ အဆက်မပြတ်ရှိသောကြောင့် လူစည်ကားခြင်းကြောင့် တကူးတက လာရောက်ရောင်းလိုကြလေသည်။

ဒေသထွက် အဝတ်အထည်၊ ပုဆိုးအင်္ကျီ၊ လုံချည်၊ ပုဝါ၊ ခေါင်းပေါင်းစသော အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစသော အိပ်ယာပစ္စည်းများ၊ ဒန်အိုးဒန်ခွက် ပန်းကန်စသော မီးဖိုချောင်သုံး ပစ္စည်းများ၊ အချို့လည်း သနပ်ခါးတုံးစသော အမွှေးနံ့သာတုံးအမျိုးမျိုး ပါကြသည်။

အချို့ ယောနယ်ဘက်မှ ဒေသထွက် ယောလုံချည်များ လာရောက်ရောင်းချသည်။ အညာစောင်များထွက်သော အရပ်ဒေသမှလည်း ပုဆိုး ပင်နီအင်္ကျီနှင့် စောင်ကြမ်းများ ရောင်းကြသည်။

သနပ်ခါးထွက်သော ဒေသများကလည်း သနပ်ခါးတုံးများ ယူဆောင်လာကာ ရောင်းချကြသည်။

အချို့လည်း ခဏတဖြုတ် လာရောက်ရောင်းချကြသည်။





အချို့ကျတော့လည်း အသိမိတ်ဆွေရှိသော ဘုန်းကြီးကျောင်း သီလရှင်ကျောင်းများတွင် တည်းခိုပြီး ဝါတွင်းကာလတစ်လျှောက်လုံး ရောင်းချကြသည်။

သို့ကြောင့် ဝါတွင်းကာလ ရောက်သည်နှင့် စစ်ကိုင်းတောင်ရိုးပေါ်တွင် နေထိုင်ကသော ရွာများသို့ ဈေးသည်များ လာရောက်ရောင်းချခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်တော့ပေ။

နီမောင်က မိမိအိမ်ရှေ့ သစ်ပင်ရိပ်အောက်တွင် မြင်းလှည်းအိမ် ပြုပြင်နေစဉ် အိမ်ရှေ့မှ အထမ်းသမားတစ်ယောက်၏ အော်သံကြားရသည်။

"ဗုဒ္ဓဆင်းတုတော်တွေပါတယ်၊ ပူဇော်ကြဦးမလား"

ထူးထူးခြားခြား ဗုဒ္ဓဆင်းတုတော် ရောင်းချသော ဈေးသည်ဖြစ်နေသောကြောင့် လှည့်ကြည့်လိုက်တော့ ခြံပေါက်ဝတွင် ဆိုင်းထမ်းထမ်းထားသော လူတစ်ယောက်ကို တွေ့ရသည်။

သူက ရှေ့ဆက်မသွားပဲ ခြံပေါက်ဝမှာရပ်ကာ ပြုံးပြုံးသဖြင့် နီမောင်ကလည်း ပြန်လည်ပြုံးပြလိုက်သည်။

"ရေတစ်ခွက်လောက် သောက်ပါရစေ"

ထိုသူက ခွင့်တောင်းသဖြင့် နီမောင်က ဖိတ်ခေါ်လိုက်သည်။

"ဝင်ခဲ့ပါဗျာ"

ဆိုင်းထမ်းသမားက ဝင်လာပြီး ထမ်းလာသော ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထမ်းကို ကွပ်ပျစ်ပေါ်တွင် တင်သည်။ ၎င်းထမ်းလာသော ဗန်းအတွင်း ဗုဒ္ဓရုပ်ပွားတော်များ ပါလာလေသည်။

ကြေးဆင်းတု၊ ကျောက်ဆင်းတုများဖြစ်ကာ မုဒြာ အမျိုးမျိုးဖြင့် ထုလုပ်ထားခြင်း ဖြစ်လေသည်။

ထိုင်တော်မူ ရုပ်ပွားတော်၊ မတ်တတ်ရပ် ရုပ်ပွားတော်၊ လဲလျောင်းနေသော ဗုဒ္ဓရုပ်ပွားတော် အမျိုးမျိုးပါသည်။

ထို့ပြင် စေတီဆင်းတုတော်တို့လည်း ပါလာသေးသည်။

အခြားတစ်ဗန်းထဲမှာတော့ ရုပ်ပွားတော်တင်ရန် ပလ္လင်အမျိုးမျိုး ဆီမီးခွက်၊ ရေချမ်းထည့်သော ရေခွက်၊ အမွှေးနံ့သာထွန်းသော အိုးခွက်များအပြင် ဩောင်ရေအိုး အမျိုးမျိုးတို့လည်း ပါလာသေးသည်။

ဆိုင်းတန်းမှာတော့ ပုတီးကုံး အမျိုးမျိုးတို့လည်း ချိတ်ဆွဲထားလေသည်။

၎င်းက မောပန်းလာဟန်ဖြင့် ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်သောအခါ နီမောင်က သောက်ရေတစ်ခွက် ခပ်ပေးလိုက်တော့ သောက်နေသည်။

နီမောင်က ကွပ်ပျစ်တစ်နေရာတွင် ချထားသော လက်ဘက်ရည်ကြမ်း ဗန်းကိုယူပြီး ရှေ့တွင်ချပေးလိုက်သည်။

"လက်ဘက်ရည်ကြမ်းလည်း သောက်ပါဦး"

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်"

"ဒါထက် ဗုဒ္ဓရုပ်ပွားတော်တွေက အတော်စုံတယ်





နော်"

ထိုသူက ခေါင်းညိတ်ပြသည်။

"အရောင်းအဝယ်ကော ကောင်းရဲ့လား"

"မကောင်းလည်း ကိစ္စမရှိပါဘူး၊ ငွေမရပေမယ့် ကုသိုလ်တော့ ရတာပေါ့"

နီမောင်က ထိုစကားကို သဘောကျသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ရှေးကလူကြီးတွေ ဆိုထားတဲ့ စကားရှိတယ်မဟုတ်လား၊ လူ့ဘဝရဲ့ အသက်ရှင်နေတဲ့ နေ့တစ်နေ့မှာ ပညာ၊ ဥစ္စာ၊ ကုသိုလ် တစ်ခုခုရမှ လူ့ဘဝရကျိုး နပ်မယ်မဟုတ်လား၊ မကောင်းတဲ့ အကုသိုလ်မှုတွေချည်း ရအောင်လုပ်နေရင် ဘယ်မှာ လူဖြစ်ရကျိုး နပ်ပါတော့မလဲ"

"မှန်ပါတယ် ခင်ဗျာ"

"ငါ့တူရော ဘာအလုပ်လုပ်သလဲ"

"မြင်းလှည်းမောင်းပါတယ်"

"ကောင်းတာပေါ့၊ သွားချင်တဲ့ ခရီးရောက်အောင် ပို့ပေးရတာဆိုတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့။ ဒါ့အပြင် နောက်ထပ် ကုသိုလ်ရတဲ့ အလုပ်တွေ လုပ်နေသေးတယ် ဟုတ်လား"

ပထမတော့ ထိုစကားအဓိပ္ပါယ်ကို သဘောမပေါက်သေး။

"ကျွန်တော်... ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင့်အမူအယာကိုကြည့်ပြီး ထိုလူက ရယ်နေသည်။

"မင်းက ငါ့ကို မသိပေမယ့် ငါက မင်းကို ကောင်းကောင်းသိပါတယ်၊ ငါ့နာမည်က ဦးထွန်းအောင်လို့ ခေါ်ပါတယ်"

ထိုနာမည်မျိုးကို ကြားဖူးတယ်ဟုတော့ စိတ်ထဲမှာ ထင်လိုက်မိသော်လည်း သေသေချာချာတော့ ဆက်မတွေးမိပေ။

ထိုသူက နီမောင်၌ပေးသော လက်ဘက်ရည်တစ်ခွက်ကို ယူသောက်ပြီး ပန်းကန်ကို ပြန်ချထားလိုက်သည်။

"မင်းက ကုသိုလ်ကောင်းမှုတွေ လုပ်ပေးနေတဲ့ လူဆိုတော့ ငါကလည်း ကြုံကြိုက်တုန်း ကုသိုလ်ပြုပေးခဲ့ပါဦးမယ်"

ဟုပြောပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှာ အဝတ်ဖြင့်ပတ်ထားသော အထုပ်တစ်ထုပ်ကိုယူပြီး နီမောင့်ကို ပေးသဖြင့် လှမ်းယူလိုက်သည်။

"ဖြေကြည့်ပါဦး"

ဟု ထပ်ပြောသဖြင့် အဝတ်စတိုဖြေကြည့်လိုက်သော အတွင်း၌ ငွေစေတီတစ်ဆူကို တွေ့ရသည်။

ကိုးလက်မခန့်ရှိပြီး ပြုလုပ်ထားသော ငွေသားမှာ ဝင်းလက်တောက်ပနေလေသည်။

"ဒီစေတီကို မင်းကိုးကွယ်ဖို့ ပေးထားခဲ့မယ် ဘွဲ့တော်က "ဓမ္မရာဇ သကျမုနိစေတီ"လို့ ခေါ်တယ်၊ မင်းက စေတနာ





ကောင်းပြီး ကုသိုလ်ရတဲ့အလုပ်တွေ ဝိုင်းကူပေးနေရတော့ အိမ်အတွက် သိပ်ပြီးငွေရှာမပေးနိုင်ဘူး မဟုတ်လား"

"ဒါ . . ဒါပေမယ့်"

"မင်းကတော့ ဘာပဲဖြစ်ဖြစ် ဆက်လုပ်ပေးမယ်ဆိုတာ သိပါတယ်၊ မင်း ဒီငွေစေတီကို အိမ်မှာ ကိုးကွယ်ထားပါ။ တစ်နေ့ကျရင် စီးပွားတိုးတက်လာပါလိမ့်မယ်"

နီမောင်ကတော့ မမျှော်လင့်ပဲ ငွေစေတီတစ်ဆူ ကိုးကွယ်ခွင့်ရသဖြင့် ဝမ်းသာလှသောကြောင့် လက်များပင် တဆတ်ဆတ် တုန်နေလေသည်။

"မင်းကို ဒီငွေစေတီလာပေးတာ "အကြောင်းရှိတယ်၊ ဒါနဲ့ ပုံစံတူတဲ့ ရွှေစေတီတစ်ဆူရှိသေးတယ် တစ်နေ့တော့ မင်းဖူးတွေ့ရလိမ့်မယ်၊ ရွှေစေတီ၊ ငွေစေတီ နှစ်ဆူဆုံရင် ဒီစေတီတော် ပုံသဏ္ဌာန်မျိုး "စေတီတည်ရလိမ့်မယ်"

"ကျွန်တော်တို့က ဒီလောက်ဆင်းရဲနေတာ ဘုရားတည်ဖို့ကိစ္စ ဖြစ်နိုင်ပါ့မလား"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ အချိန်တန်တော့ သူ့ဟာနဲ့သူ အဆင်ပြေပြီး ဖြစ်လာပါလိမ့်မယ်၊ အဓိက မင်းထိုက်ရမှာက စေတီတည်ဖို့သာ အာရုံပြုထား၊ တစ်နေ့ကျရင် ရေစက်ဆက်ရှိတဲ့သူတွေ ရောက်လာပြီး လှူကြတန်းကြလိမ့်မယ်"

"ဒီလိုဆိုရင်တော့ ကျွန်တော် ကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတိပေးလိုက်လေသည်။

"ကဲ. . ကဲ ဒါဖြင့်လည်း သွားလိုက်ဦးမယ်၊ တစ်နေ့တော့ မင်းကို ငါတို့နေတဲ့နေရာကို အလည်ခေါ်ပါဦးမယ်၊ အော်. . တစ်ခုတော့ရှိတယ်နော်၊ ဒီငွေစေတီလေးကိုတော့ မပျောက်မပျက်ရအောင် မင်း ဂရုစိုက်ရပေလိမ့်မယ်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ဂရုစိုက်ပါ့မယ်"

နီမောင်က ကတိပေးလိုက်တော့မှ စိတ်ကျေနပ်သွားသော အမူအယာဖြင့် ဆိုင်းထမ်းကိုထမ်းကာ ပြန်ထွက်သွားလေတော့သည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ အပြင်မှ ပြန်ရောက်လာသောအခါ နီမောင်က အကျိုးအကြောင်း ပြောပြလိုက်ရာ နှစ်ယောက်စလုံး အံ့သြဝမ်းသာ သွားကြလေသည်။

ဦးဘရှိန်ကတော့ ငွေစေတီကို ကြည့်ရင်းနှင့် မှတ်ချက်ချသည်။

"ဒါ သာမန်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါတို့ မိသားစုတွေ ကံကောင်းချင်လာလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘုရားစင်ပေါ်မှာ ပလ္လင်နဲ့တင်ပြီး ကိုးကွယ်ကြတာပေါ့"

ဟု ပြောဆိုကာ ဘုရားစင် တစ်နေရာ၌ နေရာပေးပြီး ပူဇော်ထားကြလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ ၎င်းတို့နေသော ခြံဝန်းထဲတွင် ထူးထူးခြားခြား ဆောင်တော်ကူးပန်းရန့်များ သင်းပျံ့





လာလေသည်။ အခြားတစ်နေရာမှာပွင့်နေပြီး လေနှင့်အတူ ပန်းရနံ့များ ပါလာသည်ဟုပင် ထင်သောကြောင့် ထွက်မကြည့်ကြတော့ပေ။

အတန်ကြာတော့ ခြံဝန်းထဲသို့ လူအချို့ ဝင်လာကြလေသည်။

ယောက်ျား မိန်းမ (၁၀)ယောက်ခန့်ရှိလေသည်။ ၎င်းတို့ကိုမြင်တော့ ဦးဘရှိန်က အပြင်သို့ ထွက်သွားကာ အကျိုးအကြောင်း မေးမြန်းရသည်။

"ဘာကိစ္စများ ရှိကြလို့လည်းဗျာ"

"ကျုပ်တို့က ရပ်ဝေးကလာကြတဲ့ ဘုရားဖူးညှော်သည်တွေပါ၊ စစ်ကိုင်းတောင်ရိုးပေါ်ကို ဘုရားဖူး လာကြတာ ပါ၊ ဒီကို လာကြတာကတော့ တခြားမဟုတ်ပါဘူး၊ မိတ်ဆွေကြီးတို့အိမ်မှာ သိုက်ဝင်ဘုရားတစ်ဆူ ရောက်နေတယ် သတင်းကြားလို့ ဖူးရအောင် လာခဲ့ကြတာပါ"

ဟု ပြောလေသည်။

ထိုစကားကြားတော့ ဦးဘရှိန်မှာ များစွာတအံ့တသြဖြစ်သွားလေသည်။

"ဘယ်ဘုရားကို ပြောတာပါလဲ"

"နေ့လည်က ရောက်လာတဲ့ ငွေစေတီကို ပြောတာပါ"

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

"ဟုတ်. . ဟုတ်ကဲ့ ရှိပါတယ်၊ အိမ်ပေါ်ကိုသာ ကြွ



www.burmeseclassic.com

www.burmeseclassic.com



ကြပါ"

ဟု ဖိတ်ခေါ်လိုက်ရာ အားလုံး အိမ်ပေါ်သို့ တက်လာကြလေသည်။

ထို့နောက် ဘုရားစင်ရှေ့သို့သွားကာ ငွေစေတီကို ဖူးကြသည်။

နီမောင်တို့ မိသားစုကတော့ နောက်ဘက်မှ ကြည့်နေကြသည်။

အတန်ကြာတော့မှ ဦးဆောင်လာသော လူကြီးက နောက်ဘက်သို့လှည့်ပြီး ပြောသည်။

"ဘုရားတည်ဖို့ အစီအစဉ် ရှိကြတယ် မဟုတ်လား၊ ကျုပ်တို့ကိုလည်း ကုသိုလ်ပါဝင်ခွင့်ပေးပါ"

"ကျွန်တော်တို့က ဆင်းရဲကြပါတယ် ဆရာကြီးရယ်၊ ဘုရားတည်ဖို့ အစီအစဉ် ရှိတယ်ဆိုပေမယ့် ဘယ်တော့မှဖြစ်မယ်ဆိုတာတောင် မသိကြသေးပါဘူး"

ဟု ဦးဘရှိန်က ပြန်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့လေ၊ မိတ်ဆွေကြီးတို့က ရှေ့ကနေပြီး ကူညီဆောင်ရွက်ပေးဖို့သာ ရှိပါတယ်၊ ကျန်တာတွေကတော့ သက်ဆိုင်ရတွေက ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးကြပါလိမ့်မယ်"

ဦးဘရှိန်တို့ မိသားစုကတော့ ခေါင်းညိတ်ပြရုံသာ ပြုကြလေသည်။

"ကိုင်း အခုပဲ လာကြတဲ့ ကျုပ်တို့တတွေက အလှူငွေ





ထည့်ဝင်ခဲ့ပါ့မယ်၊ နာမည်စာရင်းနဲ့တကွ ရေးမှတ်ပြီး လက်ခံထားပေးပါဗျာ"

ဟုပြောဆိုကာ လာကြသောလူများက ငွေများ လှူဒါန်းကြရာ နီမောင်က နာမည်စာရင်း၊ ငွေစာရင်းများကို ရေးမှတ်ကာ လက်ခံရပေသည်။ ၎င်းတို့လှူသော ငွေများမှာ ငွေသားဖြင့် ပြုလုပ်ထားသော ငွေဒင်္ဂါးများ ဖြစ်နေခြင်းကြောင့် ထပ်မံအံ့သြကြရပြန်သည်။

ထိုလူများက လူစေ့တက်စေ့ ငွေများလှူပြီးနောက် ပြန်သွားကြလေတော့သည်။

ထိုအခါမှ ဒေါ်ကျင်မေက ပြောသည်။

"အံ့သြစရာကောင်းလိုက်တာ နေ့ခင်းကမှ အိမ်ကို ငွေစေတီလေး ရောက်လာတယ်၊ ညရောက်တော့ ဘုရားတည်ဖို့ ငွေလှူမယ့်သူတွေ ရောက်လာကြတယ်"

"ဒါ . . ဘာများ အံ့သြစရာရှိမလဲ မေကြီးရယ်၊ ငါတို့မိသားစု ကုသိုလ်ကောင်းမှု ပြုရမယ့်အချိန် ရောက်လာလို့ ဒီလိုဖြစ်လာတယ်လို့ပဲ သဘောထားပေါ့"

ဟု ပြောပြလေသည်။

နောက်တစ်နေ့ရောက်တော့ နီမောင်က ကပ္ပိယကြီး ဦးပန်ကောင်းအား ထိုအကြောင်း ပြောပြလိုက်လေသည်။ နီမောင် စကားကြားတော့ ဦးပန်ကောင်းက

"ဒါ သာမန်တိုက်ဆိုင်လို့ ဖြစ်နေတဲ့ကိစ္စတွေ မဟုတ်ဘူးကွ၊ မင်းဆီ ရောက်လာတဲ့ ငွေစေတီက ရွှေပါလကုန်းက



www.burmeseclassic.com

www.burmeseclassic.com



စေတီပျက်ကြီးနဲ့ ဆက်စပ်မှု ရှိနေလိမ့်မယ်"

"အခုတော့ ငွေစေတီရောက်တာတောင် မကြာသေးဘူး၊ ဘုရားလှူဖို့ လာလှူထားတဲ့ ငွေတွေတောင် အတော်များများ ရောက်နေပြီ၊ ဘယ်လိုလုပ်ရမလဲ ကပ္ပိယကြီး"

"ဘာမှလုပ်စရာမလိုဘူး၊ လာလှူထားတဲ့ ငွေတွေကို သေသေချာချာသာ သိမ်းထားပေတော့၊ တော်တော်များများ စုဆောင်းမိရင် ငါတို့ ဘုရားတည်တဲ့လုပ်ငန်း စကြတာပေါ့"

"ဘယ်နေရာမှာ တည်မှာလဲ"

"ငါ့အထင် ပြောရရင်တော့ ရှပါလ ကုန်းပေါ်မှာပဲ တည်ရမယ် ထင်တာပဲ"

"ကျွန်တော်တော့ တကယ်မလုပ်ဖြစ်သေးတာတောင်စိတ်ထဲမှာ အတော်ကလေး လှုပ်ရှားနေပြီ"

"ဘာမှ စိတ်လှုပ်ရှားစရာ မလိုပါဘူးကွာ၊ အချိန်တန်တော့လည်း ဒီလိုပဲ လုပ်ခွင့်ရရင် လုပ်ပေးကြရမှာပေါ့၊ ဒါပေမယ့် ငါ မင်းကို တစ်ခုတော့ သတိပေးထားရဦးမယ်"

"ဘာများလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ငွေစေတီလေး ရောက်နေတဲ့ အကြောင်းကိုရော ဘုရားတည်ဖို့ ငွေတွေရထားတာရော တခြားလူတွေ သိပ်မသိပဲ လျှို့ဝှက်ထားတာ ပိုကောင်းတယ်"

"ဘာဖြစ်လို့လဲ"

"ပတ်ဝန်းကျင်မှာ ကောင်းတဲ့လူတွေလဲရှိတယ်၊ မကောင်းတဲ့ အကြံအစည် ရှိကြတဲ့ သူတွေလည်း အများကြီး ရှိကြတယ်၊ မင်းအိမ်မှာ ရောက်နေတဲ့ ငွေစေတီက အခြားမဟုတ်ဘူး၊ သိုက်ဘုရားပဲ၊ သိုက်ဘုရားဆိုတော့ သိုက်ဆရာတွေက စိတ်ဝင်စားကြလိမ့်မယ်၊ ဒါကြောင့် လူများများ သိတာ ပိုကောင်းမယ်"

"ကောင်းပါပြီ၊ ဒီလို ဝှက်ထားတော့ လှူမယ့်သူတွေက သိပါတော့မလား"

"စိတ်မပူပါနဲ့၊ လူတွေ မသိပေမယ့် သက်ဆိုင်တဲ့လူတွေက အားလုံးသိနေကြပြီးသားပါ၊ နေ့ဘက် ဘုရားရောက်လာရုံ ရှိသေးတယ်၊ ဘယ်သူမှတောင် မသိကြသေးဘူး ညရောက်တော့ ငွေတွေက လှူသွားတာတောင် သဘောမပေါက်သေးဘူးလား"

"သဘောပေါက်ပါပြီ"

"ဒီတော့ ဘယ်ကိစ္စမဆို လျှို့လျှို့ဝှက်ဝှက်သာ လုပ်ပေတော့၊ အချိန်တန်တော့ ဖြစ်လာလိမ့်မယ်"

ဟု မှာလိုက်လေသည်။

ထို့နောက် ဦးဇန်ကောင်းအား နှုတ်ဆက်ပြီး နေအိမ်သို့ ပြန်လာခဲ့လေသည်။








☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com








# လောဘသားတို့ ကံကြမ္မာ

နီမောင်ကတော့ ဦးဗန်ကောင်း ပြောလိုက်သည့် စကားများကို အိမ်သူအိမ်သားများကို ပြန်မပြောဖြစ်တော့ပေ။

သို့ကြောင့် ဦးဘရှိန်က ရွာထဲမှာရှိသည့် ရင်းနှင့် ခင်မင်သော မိတ်ဆွေများကို ဘုရားဖူးလာရန် ဖိတ်ခေါ်ပြီသလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အိမ်မှာ ထူးထူးခြားခြား ငွေစေတီတစ်ဆူ ရောက်နေတယ်ဗျ၊ သိုက်ဘုရားဆိုလားပဲ၊ ခင်ဗျားတို့ လာဖူးကြပါလား"

ထိုသို့ ဖိတ်ခေါ်သဖြင့် လူအတော်များများ သိသွားသောကြောင့် အတော်များများ ရောက်လာပြီး ဘုရားဖူးကြလေသည်။

ထိုမှတစ်ဆင့် တစ်ဆင့်စကား တစ်ဆင့်ကြားသဖြင့် အခြားနီးစပ်သော ရွာများကပါ ကြားသိသဖြင့် လာရောက်ပြီး ဘုရားဖူးကြရာ ၎င်းတို့အိမ်တွင် လူဝင်လူထွက် မစဲအောင် ဖြစ်လာလေတော့သည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့လည်း အခြားအလုပ်များကိုပင် မလုပ်နိုင်ကြတော့ပဲ ဧည့်သည်များအတွက် ကွမ်းဆေးလက်ဘက်စသည်တို့ဖြင့် စီစဉ်ကာ ဧည့်ခံပေးနေကြသောကြောင့် မအားလပ်အောင် ရှိကြလေသည်။

အိမ်ရှေ့တွင် ရေနွေးအိုးကြီး တည်ထားပြီး မီးမပြတ်ရအောင် ထိုးပေးထားရလေသည်။ ထိုရက်များတွင် နှင်းမေပင် အလုပ်မဆင်းနိုင်တော့ပဲ အိမ်မှာ မိဘများနှင့် ဝိုင်းကူပေးနေရတော့သည်။

နီမောင်ကတော့ အိမ်မှာ ဝေယျာဝစ္စလုပ်ပေးလိုက်၊ မြင်းလှည်းထွက်လိုက်၊ ရွှေပါလ ကုန်းသို့သွားပြီး ဝိုင်းကူပေးလိုက်နှင့် မနားရအောင် ရှိနေသည်။

တစ်ခု ထူးခြားတာက ယခင်ကလောက် မြင်းလှည်း





ထွက်ချိန်၊ မများသော်လည်း ထွက်လိုက်သည်နှင့် ငွေအတော်များများ ရလာတတ်ခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း စိတ်ထဲမှာ ပိုမိုယုံကြည်လာပြီး ထုသိုလ်နှင့်သက်ဆိုင်သော အလုပ်များကို ကြိုးစားပမ်းစား ဆောင်ရွက်လုပ်ကိုင်ပေးလေသည်။

အိမ်မှာလည်း ငွေစေတီ ရောက်လာပြီးကတည်းက ထူးထူးခြားခြား လှူဒါန်းသောသူများ မကြာခဏ ရောက်လာပြီး ရွှေငွေအတော်များများ စုဆောင်းထားမိပေပြီ။

ထူးထူးခြားခြားရောက်လာသော ဧည့်သည်များက ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများအပြင် တန်ဖိုးရှိသော လက်ဝတ်ရတနာများကိုပါ နာမည်စာရင်းပေးကာ လှူဒါန်းသွားကြလေသည်။

ရွှေနှင့်ငွေများ များပြားလာသောအခါ မိမိတို့အိမ်မှာ မထားဝံ့တော့သဖြင့် မဟာဇေတဝိကျောင်း ဆရာတော်ကြီးထံ သွားရောက်အပ်နှံထားလေသည်။

ဆရာတော်ကြီးက လက်ခံပြီး ကပ္ပိယကြီး ဦးဗန်ကောင်းအား ပြန်ပေးထားလေသည်။

တစ်နေ့တော့ ရွှေပါလကုန်းတွင် လုပ်ကိုင်နေရင်း မြနှင်းဖြူနှင့် တွေ့သဖြင့် ထိုအကြောင်းများကို ပြောပြလိုက်ရာ မြနှင်းဖြူက မထူးဆန်းသလို နားထောင်နေသည်။

"ငါသိပါတယ်"

"ဟင် နင်က ဘယ်လိုသိနေတာလဲ"

"ရွာချင်းမှ မဝေးတာ ဒီလိုပဲ သတင်းကြားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားကို ပြန်လျှော့ချသည်။

"နှင် ဘုရားလာဖူးပါလား"

"တစ်နေ့တော့ ရောက်မှာပေါ့"

"နင့်ကြည့်ရတာ တစ်မျိုးပဲ၊ ဒီအကြောင်းတွေကို သိထားပြီးသလိုပဲ"

ထိုစကားကြားတော့ မြနှင်းဖြူက ပြုံးနေသည်။

"နင့်ကို ငွေစေတီ ပေးသွားတဲ့သူက ဦးထွန်းအောင်မဟုတ်လား"

"အင်း ဟုတ်တယ်၊ နင်နဲ့ တွေ့လို့လား"

"တွေ့ရတာပေါ့။ သူပြောပြလို့ သိပြီးသားပါ"

နီမောင်ကတော့ မြနှင်းဖြူနှင့် ပတ်သက်သည့် အကြောင်းများကို သိတန်သလောက် သိထားပြီးဖြစ်သောကြောင့် သိပ်တော့ အံ့သြခြင်း မဖြစ်မိတော့ပေ။

"ဒါထက် မေးရဦးမယ်၊ နင်က ငွေစေတီအကြောင်းသိတယ်ဆိုတော့ ရွှေစေတီရော ဘယ်မှာလဲဟင်"

"အို . . ဒါတွေတော့ ဘယ်သိပ့်ါမလဲ၊ ငါကအကြားအမြင် ရနေတဲ့သူမှ မဟုတ်တာ"

နီမောင်က မြနှင်းဖြူ အမူအယာကိုကြည့်ပြီး ပြုံးနေသဖြင့် မြနှင်းဖြူက မလုံမလဲ ဖြစ်သွားဟန်ဖြင့် မေးသည်။

"ဘာပြုံးတာလဲ"

"ငါပြုံးတာ တခြားမဟုတ်ပါဘူး၊ ငါ့ဆီကို ငွေစေတီရောက်နေပြီဆိုတော့ ရွှေစေတီများ နင့်ဆီရောက်နေပြီလား





ထင်လို့ မေးကြည့်တာပါ"

"ဒါကတော့ တစ်နေ့တော့ နင်နဲ့ထိုက်ရင် ဖူးတွေ့ရမှာပေါ့"

ဟုသာ ပြန်ပြောလေသည်။

တစ်နေ့တော့ နီမောင်တစ်ယောက်တည်း အိမ်မှာရှိနေစဉ် ရပ်ဝေးမှ လာကြဟန်တူသော ဘုရားဖူးဧည့်သည်သုံးယောက် ရောက်လာကြသည်။

ရှေ့မှဦးဆောင်လာသူမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး သျှောင်တစောင်း ထုံးထားလေသည်။

နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများလည်း ရှိသဖြင့် သာမန်ထက်ပိုပြီး အရွယ်ကြီးရင့်နေပုံရလေသည်။

"ကျုပ်တို့က ရပ်ဝေးက လာကြတာပါကွယ်၊ ဒီအိမ်မှာ ထူးထူးခြားခြား ငွေစေတီတစ်ဆူ ရောက်နေတယ်သတင်းကြားလို့ ဖူးပါရစေ"

ဟု ခွင့်တောင်းသဖြင့် နီမောင်ကိုယ်တိုင် အိမ်ပေါ်ခေါ်သွားပြီး ပြပေးလိုက်သည်။ ပထမတော့ အောက်မှာပင်ထိုင်ပြီး ဘုရားကန်တော့ကြသည်။ ထိုသို့ ကန်တော့ပြီးမှခေါင်းဆောင်လာသူက ခွင့်တောင်းပြန်သည်။

"ကြုံကြိုက်ခဲ့တာမို့ ငွေစေတီလေးကို ခဏယူပြပါဦးကွယ်၊ အနီးကပ် ကြည်ညိုချင်လို့ပါ"

ဟု ထပ်မံခွင့်တောင်းသဖြင့် ဘုရားစင်ပေါ်ရှိ ပလ္လင်ပေါ်၌တင်ထားသော ငွေစေတီလေးအား ယူပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညော့်သည်လူကြီးက အသေအချာ ကိုင်ကြည့်နေပြီးမှ

"ဒါထက် ဒီငွေစေတီလေးကို ငါ့တူ ဘယ်ကရတာလဲ"

ဟု မေးသည်။

"မိတ်ဆွေတစ်ယောက်က လာပေးတာပါ"

"သူက ဘာတွေပြောသွားသေးလဲ"

"တခြားတော့ မပြောပါဘူး"

"မင်းမပြောလည်း ငါကတော့ မြင်ရုံနဲ့ သိပါတယ်"

"ဘယ်လိုကြောင့် သိတာလဲ"

"ငါက တခြားမဟုတ်ပါဘူး၊ ထူးခြားတဲ့ နေရာဒေသတွေမှာအမြဲဒွါန် လှည့်ဝင်နေတဲ့သူမို့ သိတာပါ၊ ငါ့နာမည်က ဦးဒီပလို့ ခေါ်ပါတယ်"

ဟု ပြောပြီး ငွေစေတီကို ပြန်ပေးသဖြင့် နီမောင်က ယူ၍ ဘုရားစင်ပေါ် ပြန်တင်ထားလိုက်သည်။

"ငါသိသမျှပြောရရင် ဒီစေတီလေးက သာမန်မဟုတ်ဘူး၊ သိုက်ထဲမှာ ကိုးကွယ်တဲ့ သိုက်ဘုရားလို့ခေါ်တယ်၊ သိုက်ထဲမှာ သူနဲ့ အရွယ်တူ ဆိုဒ်တူ ပုံစံတူတဲ့ ရွှေစေတီတစ်ဆူ ကျန်သေးတယ်၊ ဒါထက် မေးရဦးမယ်၊ ဒီမှာ ဘုရားတည်ဖို့ အလှူခံနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ကြုံကြိုက်တုန်း ကုသိုလ်ပါဝင်ခဲ့ရဦးမယ်၊ ကျုပ်တို့ အလှူကိုလည်း လက်ခံပေးပါကွယ်"





ဟု ပြောပြောဆိုဆိုနှင့် ၎င်းလွယ်ထားသော လွယ်အိတ်ထဲမှ ငွေဒင်္ဂါးအချို့ကိုထုတ်ပြီး ချပေးသဖြင့် နာမည်စာရင်းမှာ ရေးမှတ်ပြီး လက်ခံယူရလေသည်။

"ဒါထက် အလှူငွေတွေရော အတော်စုမိနေပြီလား"

"ရသင့်သလောက်တော့ ရထားပြီးပါပြီ"

"ဒါပေမယ့် ဘုရားတည်ဖို့တော့ လိုလိမ့်ဦးမယ်၊ ဘာကြောင့်လည်းဆိုတော့ ငွေစေတီပေါ်ပြီးရုံနဲ့ မပြီးသေးဘူး၊ ရွှေစေတီပေါ်လာတာကို စောင့်ရဦးမယ်၊ ရွှေစေတီနဲ့ ငွေစေတီဆုံတော့မှ ရဋ္ဌပါလ ကုန်းမြေပေါ်မှာ မင်းတို့ ဘုရားတည်ဖို့ ရည်စူးထားတဲ့ကိစ္စ အောင်မြင်ပြီးမြောက်ပေလိမ့်မယ်"

ထိုသို့ပြောဆိုပြီးနောက် လူသုံးယောက်တို့မှာ နီမောင်ကိုနှုတ်ဆက်ပြီး ပြန်သွားကြလေတော့သည်။

နီမောင်လည်း ၎င်းတို့ လှူသွားသော ငွေဒင်္ဂါးများကို သီးခြားအိတ်တစ်လုံးဖြင့်ထည့်ကာ သိမ်းထားလိုက်လေသည်။

နောက် တစ်ရက်နှစ်ရက်ခန့်ကြာတော့ ဆိုင်းထမ်းဖြင့် ဘုရားရုပ်ပွားတော်များ လှည့်လည်ရောင်းချနေသော ဦးထွန်းအောင်ဆိုသူ တစ်ခေါက်ပြန်ရောက်လာပြန်လေသည်။

နီမောင်ကတော့ သူနှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာသွားလေသည်။

"ဦးလေးတို့ မပြန်ကြသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ရသေးပါဘူးကွာ၊ ပွဲတော်ရက်တွေက ဆက်နေတော့ တောင်ပေါ်မှာပဲ လှည့်ရောင်းနေကြတာ၊ ဒါထက် ငွေစေတီလေးရော ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ အလှူငွေတွေလည်း အတော်လေး စုမိဆောင်းမိနေလို့ ဆရာတော်ကြီးထံမှာ သွားပြီး အပ်နှံထားပါတယ်"

"ကောင်းတာပေါ့ကွာ၊ ခေတ်ကာလမကောင်းသေးတော့ လူဆိုးလူမိုက်တွေကလည်း များတယ်၊ ဆရာတော်ကြီးဆီမှာ သွားအပ်ထားတော့ အန္တရာယ်အယှက် ကင်းတာပေါ့"

"ဒါထက် ငွေစေတီကိုလည်း စိတ်ဝင်စားကြသူတွေ အတော်များလာတယ်၊ ကျွန်တော့်ဆီမှာ ထားရင်ကော စိတ်ချ ရပါ့မလား"

"စိတ်မပူပါနဲ့ကွာ၊ မင်းဆီမှာရှိတဲ့ ငွေစေတီကို ဘယ်သူမှ မယူနိုင်ကြပါဘူး၊ ဒါပေမယ့် အခုလို ဒီအတိုင်းတော့ မထားနဲ့တော့"

"ဘယ်လိုထားရမလဲ"

"ကြေးဖလားကြီးတစ်လုံး အသစ်ဝယ်ပြီးတော့ အဲဒီထဲကို ရေအပြည့်ထည့်ပါ၊ နေ့ဘက်ဆိုရင် ပလ္လင်ပေါ် တင်ထားပါ၊ ညအချိန်ရောက်တဲ့အခါ ကြေးဖလားထဲက ရေထဲမှာ ထားပါ၊ ဒီလိုထားရင် စိတ်ချရပါပြီ"

"ကောင်းပါပြီ ဦးလေးပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်၊ ဒါထက် မိုးမခရွာက မြနှင်းဖြူဆိုတဲ့ မိန်းကလေး





ကို ဦးလေးသိသလားဟင်"

ထိုစကားကြားတော့ ဦးထွန်းအောင်က သဘောကျသွားသော အမူအရာမျိုးဖြင့် တစ်ချက်ပြုံးလိုက်သည်။

"သိပ်တော့ မသိပါဘူး၊ သူတို့ရွာဘက် ရောက်တုန်းကတော့ မင်းပြောတဲ့ နာမည်မျိုးနဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ဖူးမြင်ဖူးခဲ့တယ် ထင်တာပဲ"

ဟုပြောပြီး ဦးထွန်းအောင်က ဆိုင်းထမ်းကြီးကိုထမ်းကာ ပြန်ထွက်သွားလေတော့သည်။

သို့ဖြင့် နောက်ထပ် တစ်ပါတ်ခန့် ကြာသောအခါမှာတော့ ရွာတွင်းသို့ ဓားပြတစ်ဖွဲ့ ဝင်လာလေသည်။ စုစုပေါင်း ငါးယောက်ဖြစ်ပြီး ဓားလှံ သေနတ်စသော လက်နက်များ ကိုင်ဆောင်လာကြလေသည်။ ငါးယောက်စလုံး မျက်နှာပေါ်တွင် အဝတ်မည်းများဖြင့် စည်းထားသောကြောင့် ဘယ်သူ ဘယ်ဝါမှန်း မသိနိုင်ကြပေ။

ဓားပြအဖွဲ့က တစ်ရွာလုံး မည်သည့်အိမ်မှ ဒုက္ခမပေးဘဲ ရွာအစွန်ဘက်မှာရှိသော နီမောင်တို့နေသော အိမ်ရှိရာသို့ သွားကြလေသည်။

အချိန်က ညဉ့်နက်ပိုင်းမအချိန် ရောက်နေပြီ ဖြစ်သောကြောင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူသွားလူလာ ကင်းရှင်းလျက် ရှိကြလေသည်။

ထိုအရပ်မှာ နေထိုင်ကြသော အိမ်များမှာ တံခါးမရှိသောအိမ်များ ဖြစ်သောကြောင့် နီမောင်တို့အိမ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အလွယ်တကူပင် တက်ရောက်နိုင်ကြသည်။

အိမ်ပေါ်ရောက်သည်နှင့် အိမ်သားလေးယောက်စလုံးကို နှိုးပြီး လက်ပြန်ကြိုးတုပ်ကာ အထိုင်ခိုင်းထားသည်။

“အသံမထွက်နဲ့ တစ်ယောက်မှ မလှုပ်နဲ့”

“လူတွေကိုတော့ ဒုက္ခမပေးကြပါနဲ့ဗျာ၊ လိုချင်တဲ့ ပစ္စည်းကိုသာ ယူသွားကြပါ”

“ကျုပ်တို့လိုချင်တာ တခြားမဟုတ်ဘူး၊ အခုတလော အလှူခံရတဲ့ရွှေတွေ၊ ငွေတွေ၊ ရတနာပစ္စည်းတွေ ဘယ်မှာထားသလဲ၊ အားလုံး ထုတ်ပေးစမ်း”

“ရတဲ့ ရွှေငွေတွေက ဒီမှာ မရှိပါဘူးဗျာ”

“ဒါဖြင့် ဘယ်မှာဝှက်ထားသလဲ”

“မဟာဗောဓိကျောင်းက ဆရာတော်ကြီးဆီမှာ အပ်ထားပါတယ်”

ထိုစကားကြားတော့ ဓားပြအဖွဲ့မှာ အကြံရခက်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

“ဒါဖြင့် ဒီမှာ ရထားတဲ့ ငွေစေတီကရော ဘယ်မှာလဲ”

“ခေါင်းရင်း ဘုရားစင်ပေါ်က ကြေးဖလားထဲမှာ ထည့်ထားပါတယ်”

ဟု ပြောသဖြင့် ခေါင်းဆောင်လာသူက ဘုရားစင်ဘက်သို့သွားကာ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ကြေးဖလားထဲမှာ ရေအပြည့် ရှိနေသော်လည်း ငွေစေတီကတော့ မရှိတော့ပါချေ။





“ဒီဖလားထဲမှာ ငွေစေတီ မရှိဘူး၊ ဘယ်နေရာမှာ ဝှက်ထားသလဲ၊ မှန်မှန်ပြောစမ်း”

“ကျုပ်တို့ အမှန်အတိုင်း ပြောတာပဲ၊ ဘုရားဖူးတဲ့လူတွေလာရင် ဖူးနိုင်ဖို့ အဲဒီဘုရားစင်ပေါ်မှာပဲ တင်ထားတယ်၊ အခုမှ ဘယ်ရောက်သွားပြီလဲ မသိဘူး”

“ငါတို့ကို စိတ်မရှည်အောင် လုပ်လာရင်တော့ မှင်းရှေ့မှာတင် တစ်ယောက်ပြီးတစ်ယောက် ဓားနဲ့ ခုတ်သတ်ပစ်မယ်”

ဟု ပြောဆိုကြိမ်းမောင်းကာ ကြိုးတုပ်ထားသူများအနီးသို့ သွားလေသည်။

နီမောင်လည်း မိမိအိမ်သားများအတွက် စိုးရိမ်သွားသော်လည်း ဘာမှမတတ်နိုင်အောင် ဖြစ်နေလေသည်။

ဘုရားစင်ပေါ်မှာ တင်ထားသော ကြေးဖလားထဲတွင် ထည့်ထားသော ငွေစေတီ ဘယ်ပျောက်သွားသည်ကိုလည်း သူမသိပေ။

ဓားပြခေါင်းဆောင်ကလည်း လှူဒါန်းထားသော ရွှေငွေများလည်းမရ၊ ငွေစေတီကိုလည်း မတွေ့ရသောကြောင့် ဒေါသကာ ဓားတပြင်ပြင် ဖြစ်နေတော့သည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ကြေးစည်ထုသံ ကြား ကြရလေသည်။

“နှောင်. . နှောင်. . ဝေ. . ဝေ၊ နှောင်ဝေဝေ”

ကြေးစည်သံက တဖြည်းဖြည်း နီးလာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မား ပြတစ်ယောက်က လှမ်းကြည့်လိုက်သည်။

"ဆရာကြီး ဒီဘက်ကို ဘိုးသူတော်တစ်ယောက် လာနေတယ်"

"ဒီလောက် အချိန်မတော်ကြီးရောက်မှ ဒီဖိုးသူတော်က ဘာလာလုပ်ပြန်တာလဲ"

ထိုသို့ပြောနေစဉ်မှာ ကြေးစည်ကို အဆက်မပြတ် ထုလာသော ဖိုးသူတော်ကြီးက အိမ်ခြံဝန်းအတွင်းသို့ ဝင်လာလေသည်။

"နောင်. . ဝေ. . ဝေ"

*"ရွှေစေတီ၊ ငွေစေတီ*

*ဘုရားတည်ရမည်*

*ရွှေစေတီကို လိုချင်သလား၊ အပါယ်လေးဘုံသွား*

*ငွေစေတီကို လိုချင်သလား၊ အပါယ်လေးဘုံသွား"*

ဟု ရွတ်ဆိုလာသည်။

ထိုသို့ ရွတ်ဆိုလာရင်းနှင့် လက်ထဲမှာတိုင်လာသော ကြေးစည်ကိုလည်း အဆက်မပြတ် ထုလာလေသည်။

"နောင်ဝေဝေ. . နောင်ဝေဝေ"

ဖိုးသူတော်ကြီးက အိမ်ပေါက်ဝရောက်တော့ ရပ်ကာ အိမ်ထဲမှ အခြေအနေကို ကြည့်သည်။

"အချိန်မတော်ကြီး ဘာလုပ်နေကြတာလဲ"

ဟု လှမ်းမေးလေသည်။

"ဒီဖိုးသူတော်ကတော့ အချိန်မတော်မှ ဘယ်က





ရောက်လာတယ် မသိပြန်ဘူး၊ သူ့ကြေးစည်သံကြောင့် ပတ်ဝန်းကျင်ကလူတွေ သိကုန်တော့မှာပဲ၊ သွားပြီး နှင်ထုတ်ပစ်လိုက်စမ်းကွာ"

ဟု ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးလိုက်ရာ တစ်ယောက်က အပြင်သို့ ထွက်သွားလေသည်။

"ဒီလို အချိန်မတော်မှ အလှူခံလို့ ရမတဲ့လား၊ ဒါ လူတွေအိပ်ချိန်ဆိုတာ မသိဘူးလား"

"သဒ္ဓါတရား ရှိတဲ့လူတွေက ဘယ်အချိန် အလှူခံခံ ရတာပဲ၊ သဒ္ဓါတရား မရှိပဲ မိုက်တွင်းနက်တဲ့ လူတွေကသာ ဒီအချိန်မျိုးမှာ မကောင်းမှု လုပ်နေကြတာ"

ထိုစကားကြောင့် မားပြမှာ တွန့်သွားလေသည်။

"မင်းတို့ လူမိုက်တွေပဲ၊ ငွေစေတီ လိုချင်လို့ မားပြလာတိုက်နေကြတာ မဟုတ်လား"

"အဲဒါ ခင်ဗျားအပူ ဘာပါလို့လဲ"

"ပါတာပေါ့ကွ၊ မင်းတို့ လိုချင်တဲ့ ငွေစေတီက သူတို့ဆီမှာ မရှိတော့ဘူး၊ ငါ့ဆီ ရောက်နေပြီ"

ဟုပြောကာ လွယ်အိတ်ထဲမှ ငွေစေတီကို ထုတ်ပြလေသည်။ ငွေစေတီကိုမြင်တော့ မားပြမှာ အံ့ဩသွားလေသည်။

"လိုချင်ရင် ဟိုသစ်ပင်အောက်မှာ ငါစောင့်နေမယ်၊ လာယူလှည့်ကြ"

"နောင်. . ဝေ. . ဝေ. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး မနီးမဝေးမှာရှိသော သစ်ပင်ကြီး အောက်မှာ သွားထိုင်နေလေသည်။

ထိုအခြေအနေကို ကျန်အဖွဲ့သားများကို ပြောပြလိုက်ရာ အံ့ဩသွားကြလေသည်။

"ငွေစေတီက ဒီဖိုးသူတော်ဆီကို ဘယ်လိုကနေ ဘယ်လို ရောက်သွားတာလဲ၊ သူ့ဆီမှာ ဆိုတော့လည်း သူ့ဆီကပဲ ယူသွားရုံပေါ့ကွာ"

ဟု ပြောဆိုကာ ငါးယောက်စလုံး ဖိုးသူတော်ရှိရာသို့ လျှောက်သွားကြလေသည်။ သူတို့ မရောက်ခင်အထိ ဖိုးသူတော်ကြီးက အေးအေးဆေးဆေးထိုင်ကာ ကြေးစည်ထုနေလေသည်။

အနားရောက်တော့မှ ထိုင်ရာမှ ထရပ်လိုက်သည်။

"ဟာ. ."

"ဘယ့်နှယ်ဟာကြီးလဲ"

ဖိုးသူတော်ကြီးက နေရာမှ ထရပ်လိုက်သည်နှင့် ချက်ချင်းဆိုသလို အရပ်က မြင့်တက်သွားရာ သစ်ပင်တမျှ ဖြစ်သွားလေတော့သည်။ ၎င်းတို့ထက် နှစ်ဆသုံးဆခန့် မြင့်သွားပြီး လက်မောင်းလုံး ပေါင်လုံးတို့မှာ ထန်းလုံးပမာဏ ဖြစ်သွားပြီး မျက်လုံးတစ်လုံးပင် လင်ကွင်းတမျှ ပြူးကျယ်နေလေသည်။

ဖိုးသူတော်ကြီးက ဓားပြငါးယောက်ကို ငုံ့ကြည့်ရင်း အသံဩဩကြီးဖြင့် ပြောလိုက်သည်။





"ငွေစေတီလိုချင်လို့ ဓားပြလာတိုက်ကြတာလား၊ ငွေစေတီတော့ မရဘူး၊ တင်းပုတ်တော့ ရမယ်"

ထိုသို့ပြောပြီး တင်းပုတ်တမျှ ကြီးမားနေသော ကြေးစည်လက်ခတ်ကြီးဖြင့် ထုလိုက်လေသည်။

"ဒုန်း. . ဒုန်း. . ဒုန်း"

တင်းပုတ်ထုသံမှာ မြေကြီးများ သိမ့်သိမ့်တုန်တမျှ ပြင်းထန်လှသောကြောင့် ဓားပြငါးယောက်လည်း အသက်ဘေးအန္တရာယ် လွတ်ရာသို့ ထွက်ပြေးရလေတော့သည်။

ဆူဆူညံညံ အသံများကြောင့် ပတ်ဝန်းကျင် အိမ်များမှလူများ ရောက်လာကြလေသည်။ ၎င်းတို့ လက်ထဲမှာ မီးတုတ်များ ပါလာကြသောကြောင့် ခြံဝန်းတစ်ခုလုံး နေ့ဘက်အလား လင်းထိန်သွားလေသည်။

ကြိုးတုပ်ခံထားရသော နီမောင်တို့ မိသားစုကို မြင်သောအခါ ကြိုးဖြေပေးရင်းနှင့် အကျိုးအကြောင်း မေးမြန်းကြရာ ဓားပြဝင်တိုက်ခံရမှန်း သိကြတော့သည်။

"ဒါဖြင့် ငွေစေတီ သူတို့လက်ထဲ ပါသွားပြီလား"

"မသိဘူး၊ ငွေစေတီကတော့ မရှိတော့ပါဘူးဗျာ"

ဟု ဦးဘရှိန်က စိတ်မကောင်းသော အသံမျိုးဖြင့် ပြောလိုက်လေသည်။

ထိုအခါ ရွာလူကြီး ဦးပန်ရုံက ခေါင်းရင်းဘက်မှာ တင်ထားသော ကြေးဖလားအတွင်းသို့ သွားကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မင်းတို့ ငွေစေတီက မပျောက်ပါဘူး၊ ဒီကြေး ဖလားထဲမှာ ရှိနေသားပဲ"

"ဗျာ. ."

ထိုစကား ကြားတော့မှ ဝမ်းသာအားရဖြင့် အနားသို့ သွားကြည့်ရာ ရေအပြည့်ထည့်ထားသော ကြေးဖလားထဲတွင် ခြေရာလက်ရာမပျက် ရှိနေသည့် ငွေစေတီလေးအား ဖူးတွေ့ကြရလေတော့သည်။








## မျက်ဝန်းမှာအပြုံး နှလုံးသားမှာအခြေ

စစ်ကိုင်းတောင်ရိုးပေါ်တွင် ဝါတော်စဉ်ဘုရားပွဲများကလည်း အဆက်မပြတ် ကျင်းပနေသောကြောင့် လူစည်ကားလှသည်။ ထိုအချိန်မျိုးတွင် မြင်းလှည်းမောင်းသူများမှာ အလုပ်အကိုင် ကောင်းကြသည်။ ပန်းရောင်းသူတို့လည်း ဝင်ငွေတောင်းလှသည်။

ရှေးအခါက တောင်ရိုးပေါ်မှာရှိသော ဘုရားစေတီ



www.burmeseclassic.com

www.burmeseclassic.com



များကို လှည့်လည်ကြသောအခါ အချို့နေရာများသို့ ခြေလျင်သွားကြရပြီး အချို့နေရာများကိုတော့ မြင်းလှည်းများသာ အားကိုးပြီး သွားလာကြရပေသည်။

သို့ကြောင့် ဝါတွင်းကာလ အခါသမယရောက်လျှင် နီမောင်တို့လို မြင်းလှည်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့ အဆင်ပြေကြလေသည်။

နီမောင်ကတော့ အချိန်ရသည်နှင့် မြင်းလှည်း ထွက်ဆွဲလိုက်၊ အိမ်မှာရောက်နေသော ငွေစေတီအတွက် ဝေယျာဝစ္စ လုပ်ပေးလိုက်၊ ကပ္ပိယကြီး ဦးဖန်ကောင်းတို့နှင့်အတူ ရှဥပါလကုန်းမြေ ရှင်းလင်းခြင်း အဆောက်အဦး အဟောင်းများကို ပြုပြင်မွမ်းမံခြင်း စသောအလုပ်များ လုပ်ပေးနေရသဖြင့် အချိန်အားရသည် မရှိပေ။

တစ်ကြိမ်သာ လူဆိုးဓားပြတို့ လာရောက်နှိပ်စက်ခြင်းကို ခံကြရပြီး နောက်ထပ်မလာဝံ့ကြတော့သဖြင့် စိတ်အေးလက်အေးရှိကာ ငွေစေတီကိုလည်း ထားမြဲအတိုင်း အိမ်မှာပင် ထားလေသည်။

ရှဥပါလခြံကြီးမှာလည်း လူအားသုံးပြီး ခြုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ဖယ်ရှားရာ ပြီးသလောက် ဖြစ်သွားလေသည်။

ခြံဝန်းထောင့်တစ်နေရာတွင်ရှိသော ကျောင်းဟောင်းကို လက်သမား၊ ပန်းရံသမားတို့ခေါ်ပြီး ပြုပြင်မွမ်းမံရာ နေထိုင်၍ရသောအဆင့်မျိုး ရောက်ရှိသဖြင့် သီလရှင်ဆရာကြီး





အဖွားလေး ဒေါ်ခေမာနှင့် သီလရှင်များက ထိုကျောင်းကြီးသို့ ရွှေ့ပြောင်းနေကြသည်။

ခြံဝန်းကြီး စတင်ရှင်းကတည်းက ဘယ်နေရာက ဘယ်လိုရောက်လာမှန်း မသိရသော ခွေးနက်ကြီးမှာလည်း သီလရှင်များ ပြောင်းလာသောအခါ ထိုကျောင်းမှာပင် သွားရောက်နေထိုင်ရလေသည်။ ထိုခွေးနက်ကြီးမှာ အသားဟင်း ငါးဟင်းများကို မစားသောကြောင့် သက်သက်လွတ်ထမင်းနှင့် အစားအသောက်တို့ကို ကျွေးမွေးကြရသည်။

တစ်နေ့တော့ နီမောင်တစ်ယောက်တည်း မဟာဗောဓိကျောင်းသို့ သွားလေသည်။ ငွေစေတီအတွက် လာရောက်လှူဒါန်းထားသော ငွေများကို ကပ္ပိယကြီးထံ သွားရောက်အပ် နှံခြင်းဖြစ်လေသည်။

သူရောက်သွားတော့ ဦးဖန်ကောင်းက ဖိုထိုးနေလေသည်။

နီမောင် ရောက်သွားတော့မှ လုပ်လက်စအလုပ်များကိုရပ်ကာ ထလာလေသည်။ နီမောင်က ယူလာသော ငွေများကို အမည်စာရင်းနှင့်တကွ၊ အပ်နှံလိုက်ပြီးမှ မေးသည်။

"ဘာတွေ ထိုးနေတာလဲ ကပ္ပိယကြီး"

"ငွေဖြစ်အောင် ထိုးနေတာလေ"

"ဘာအတွက် ထိုးတာလဲ"

"မင်းတို့က အလုပ်အကိုင် ရှိကြတော့ ငွေရှိမခက်ကြဘူး၊ ငါက ကျောင်းဝေယျာဝစ္စတွေ လုပ်နေတော့ တခြား



www.burmeseclassic.com

www.burmeseclassic.com



အလုပ် မရှိဘူး၊ ဒါကြောင့် ဝင်ငွေလည်း မရှိဘူး၊ အခု ဘုရား တည်တော့မယ်ဆိုတော့ ငါလည်း ကုသိုလ်ပါဝင်ချင်တာ၊ ဒါ ကြောင့် ငွေဖြစ်အောင် ဖိုးထိုးနေတာကွ”

ဦးဗန်ကောင်းက ကွမ်းသီးများကို ကွမ်းညှပ်ဖြင့်ညှပ် ရင်း ပြောပြလေသည်။

“ကပ္ပိယကြီးက ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်နေတာပဲ၊ ငွေမလှူလည်း ကုသိုလ်ရနေမှာပါ”

“ဒါပေမယ့် ကိုယ့်ချွေးနည်းစာတော့ ပါချင်သေးတာ ပေါ့ကွာ”

“ဒါထက် မေးရဦး ဖိုထိုးရင်ကော ငွေရပါ့မလား”

“ရတာပေါ့ကွ၊ ရတဲ့နည်းတွေ ရှိတာပေါ့”

“ကျွန်တော့်ကို ပြောပြပါလား”

“မင်းက အသက်အရွယ် ငယ်သေးတော့ နည်းတော့ ပြောပြပေးမယ်၊ တကယ်လုပ်တဲ့နည်းတော့ ပြလို့ မသင့်သေး ဘူး”

“နည်းနဲ့ နိဿယက အတူတူ မဟုတ်ဘူးလား”

“မတူဘူးကွ၊ နည်းဆိုတာ စာတွေ့နည်း၊ နိဿယက လက်တွေ့လုပ်ရတဲ့နည်းမို့ မတူဘူး၊ မင်း သဘောပေါက် အောင် ပြောရရင်တော့ စာထဲမှာက တစ်နဲ့တစ်ပေါင်းရင် နှစ်ဖြစ်တယ်၊ နှစ်ဖြစ်အောင် ဘယ်လိုပေါင်းရမယ်လို့ နည်း တွေရေးပြထားတယ်”

“ဟုတ်ကဲ့”





“လက်တွေ့လုပ်တဲ့အခါမှာတော့ ပုံသေနည်းအတိုင်း လုပ်လို့ မဖြစ်တာတွေရှိတယ်၊ စာထဲမှာ လုပ်လို့ရတာတွေကို အပြင်မှာ လုပ်လို့ မဖြစ်တာတွေလည်း ရှိကြတယ်၊ ဒါကြောင့် နည်းနဲ့ နိဿယ မတူဘူးလို့ ပြောတာ”

“ငွေဖြစ်နည်းရော ဒီလိုပဲလား”

“ဟုတ်တယ် ရှေးက ဆရာကြီးတွေ ပညာရှိတွေက အဂ္ဂိရတ်ပညာနဲ့ ရွှေဖြစ်တဲ့နည်းတွေ ငွေဖြစ်တဲ့နည်းတွေ ရေးထားခဲ့တာ အများကြီး ရှိတယ်၊ ဒါတွေကတော့ နည်း ပေါ့”

“ဟုတ်ကဲ့. .”

“အဲဒီနည်းတွေကိုကြည့်ပြီး လုပ်ကြတာတွေလည်း အ များကြီးရှိတယ်၊ ဖြစ်တဲ့သူကနည်းပြီး မဖြစ်တဲ့သူတွေက အများ ကြီးပေါ့၊ ဒါကြောင့် နည်းနဲ့ နိဿယကို မတူဘူးလို့ ပြောတာ ပေါ့”

ထိုသို့ပြောပြီး ဦးဗန်ကောင်းက ကွမ်းယာတစ်ယာ ယာပြီး ပါးစပ်တွင်း ထည့်လိုက်သည်။

“မင်း စိတ်ဝင်စားရင် ငွေဖြစ်တဲ့နည်းကို အရင်ပေး မယ်”

ဟု ပြောကာ ငွေဖြစ်နည်း မှတ်တမ်းတစ်ခုကို ပြောပြ လေသည်။ ထိုစာသားများမှာ. . .

“တစ်ပြားနှစ်ပြား ပဲလင်ပြားလေဟယ်. .
ပြားလော့စက္ကူ ဖလံဖြူလေဟယ်. .



www.burmeseclassic.com

www.burmeseclassic.com



မှရင်ကောက် နို့ရေသောက်လေဟယ်. .
ပလူပလဲ ဖိုးတောင့်တဲ့လေဟယ်. .
တောက်တီးတောက်တာ ပဲလဝါလေဟယ်. .
ပဒါ၊ ပုတီး၊ အောက်က ဆီးလေဟယ်. .
ညီးညီးပြောင်ပြောင် ပိုးရွှေတောင်လေဟယ်. .
ရွှေတောင်ခဝဲ လက်ဝဲပေါက်လေဟယ်
တူတင်၊ နင်တစ်ဖက်၊ ထွက်လေဟဲ့ ဂိတ်ဆုံး. .”
ဟူသော လက်ာနှစ်ပုဒ်ပင် ဖြစ်သည်။

“လက်ာတွေရဲ့ အဓိပ္ပါယ်ကရော ဘယ်လိုတဲ့လဲ”

“သာမန်ကြည့်ရင်တော့ ဒီသံပေါက်နှစ်ခုက ကလေးချော့တဲ့ တေးလိုလို ကစားဝိုင်းမှာ သုံးတာလိုလိုပေ့ါ၊ တကယ်တော့ နှစ်ပုဒ်စလုံးက ငွေဖြစ်အောင် လုပ်တဲ့နေတဲ့နည်းတွေကို ရေးမှတ်ထားတာပဲကွ”

“စိတ်ဝင်စားစရာပါပဲ”

“အဓိပ္ပါယ်တွေကို အတိုချုပ်ပြီး ပြောရရင် မှရင်ကောက် ပဋ္ဌငါးပါး၊ တောက်တဲ့လက်ဝါးပင် ပဋ္ဌငါးပါး၊ တောက်တာပုတ်ပင် ပဋ္ဌငါးပါး၊ ပဲလင်းဝါပင် ပဋ္ဌငါးပါး စတဲ့ ဆေးပင်လေးမျိုးစလုံးကို ဆတူညီမျှအောင် အမှုန့်ကြိတ်ရတယ်”

“ဟုတ်ကဲ့. .”

“ဆေးမှုန့်တွေရရင် နှစ်ဆ၊ ကော်ပြားကို နုပ်နုပ်သေးသေး စဉ်းထားတာက တစ်ဆရောပြီး အိုးထဲမှာ ထည့်ရ





တယ်၊ အဲဒီအပေါ်ကနေ လူရဲ့နို့ရည်လောင်းပြီး (၇)ရက်ကြာတဲ့အထိ အပုပ်ခံ စိမ်ထားရတယ်၊ (၇)ရက်ကြာတဲ့အခါ ဘော်သားတွေက ဆေးရည်၊ နို့ရေဝင်ပြီး မွမွလေး ဖြစ်နေလိမ့်မယ်”

“ဟုတ်ကဲ့”

“အဲဒီဘော်မှုန့်ကို ပြဒါးနဲ့အတူ အမျှထည့်ပြီး အထက်သေးပါးနဲ့ အထက်အောက်မှိုးပြီး အိုးကိုလုံအောင် လက်တစ်သုံးလောက် နုရအောင် အပေါ်က မံရတယ်၊ နောက်ပြီး နေပူပူမှာ အခြောက်ခံရတယ်”

“ဟုတ်ကဲ့. .”

“ခြောက်သွေ့သွားတဲ့အခါ လူသူမနီးတဲ့ တောအရပ်ကို ယူသွားပြီး ဖွဲတစ်တင်း၊ နှစ်တင်း၊ သုံးတင်းကုန်အောင် တော်ချလိုက်ရင် ဘော်နဲ့ပြဒါး သေပြီးတော့ ပြာဖြစ်တယ်၊ အဲဒီပြာကို တစ်ပဲသားလောက်ယူပြီး ကြေးနီတစ်ဆယ်သားနဲ့စပ်ရင် အစပ်လွတ် ငွေစင်ငွေသား စစ်စစ်ကိုရတယ်”

“ကပ္ပိယကြီး ပြောပြတော့လည်း သိပ်မခက်သလိုပါလား”

“မခက်ပေမယ့် လက်တွေ့လုပ်တဲ့အခါမှာတော့ အခက်အခဲတွေတော့ရှိတာပေ့ါ၊ ဒါကြောင့် နည်းရှိသော်ငြားလည်း လူတိုင်းလုပ်လို့ မဖြစ်ကြတာပေ့ါကွာ၊ မင်းကိုတော့ အခွင့်သင့်ရင် လက်တွေ့သင်ပြပေးပါ့မယ်”

“ဒါထက် ကပ္ပိယကြီးရော အခု ဖိုထိုးနေတာ ငွေဖြစ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ငါက ရွှေရော ငွေပါ လုပ်လို့ဖြစ်ပါတယ်"

"ဒါဖြင့် ဘာ့ကြောင့် ချမ်းသာအောင် မလုပ်တာလဲ"

"ဒီနည်းတွေက ချမ်းသာအောင် လုပ်လို့မှ မကောင်းတာ၊ ရှေးလူတွေ ထားခဲ့တာကလည်း ချမ်းသာဖို့မှ မဟုတ်တာ၊ ရိက္ခာထောက်အနေနဲ့ပဲ လုပ်ဖို့ထားခဲ့ကြတာဆိုတော့ ကိုယ့်မှာ အကြောင်းကိစ္စရှိလို့ သုံးချင်ရင်သာ လုပ်ကြတယ်၊ ချမ်းသာအောင်တော့ ဘယ်ပုဂ္ဂိုလ်ကမှ မလုပ်ခဲ့ကြပါဘူး"

ဦးဇန်ကောင်းက ပြောပြတော့မှ နီမောင်လည်း သဘောပေါက်သွားသောကြောင့် ဆက်မမေးတော့ပေ။

ထို့နောက် ဦးဇန်ကောင်းကို နှုတ်ဆက်ပြီး ပြန်လာရာ လမ်းတစ်နေရာရောက်တော့ မြနှင်းဖြူနှင့် တွေ့ရလေသည်။

"နင် ဘယ်ကပြန်လာတာလဲ"

"မဟာဗောဓိကျောင်းက ပြန်လာတာပါ၊ နင်ရော ပြန်တော့မလို့လား"

"ပထမတော့ အိမ်ပြန်ဖို့ပဲ နင်နဲ့တွေ့တော့ စိတ်ကူးတစ်မျိုးပေါ်လာတယ်"

"ဘယ်လိုစိတ်ကူးလဲ"

"နင့်အိမ်လိုက်ပြီး ငွေစေတီကိုဖူးဖို့ စိတ်ကူးပေါ်လာလို့ပါ"

"ကောင်းတာပေါ့၊ တစ်ခါတည်း လိုက်ခဲ့မလား"

"အင်း . . လိုက်ခဲ့မယ်၊ အပြန်နောက်ကျရင်တော့ နင်လိုက်ပို့ပေးရမယ်နော်"





နီမောင်က ခေါင်းညိတ်ပြလိုက်သဖြင့် မြနှင်းဖြူလည်း လိုက်လာလေသည်။ သူတို့နှစ်ယောက် အတူတွဲလာတာမြင်တော့ အသိမိတ်ဆွေများက တစ်မျိုးထင်ကြသဖြင့် ပြုံးစေ့စေ့နှင့် ကြည့်သွားကြလေသည်။

အိမ်သို့ရောက်သောအခါ အိမ်သူအိမ်သားများကလည်း မြနှင်းဖြူအကြောင်း သိတန်သလောက် သိထားကြသဖြင့် လိုလိုလားလားပင် ဆီးကြိုနှုတ်ဆက်ကြသည်။

နီမောင်က မြနှင်းဖြူကို ငွေစေတီရှိသော ဘုရားစင်ရှေ့သို့ ပို့ပေးလိုက်လေသည်။

မြဝင်းသူက ငွေစေတီလေးကို ရှိသေစွာ ရှိခိုးကန်တော့ပြီး ပြန်ထလိုက်သော အခါမှာတော့ သူမမျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေလေသည်။

ထိုအခြေအနေကို မနီးမဝေးမှာ ရှိနေသော နီမောင်က ပထမတော့ သတိမပြုမိပေ။ နောက်မှ ပုဝါဖြင့် တို့သုပ်နေသည်ကိုတွေ့သဖြင့် တိုးတိုးမေးလိုက်လေသည်။

"မြနှင်းဖြူ ဘာဖြစ်လို့လည်းဟင် . ."

"ဘာမှမဖြစ်ပါဘူး၊ ဘုရားကန်တော့နေရင်း စိတ်ထဲက အလိုလို ဝမ်းနည်းလာသလို ဖြစ်လာပြီး မျက်ရည်တွေက ဘယ်လိုကျလာမှန်းတောင် မသိတော့ပါဘူး"

ဟု မြနှင်းဖြူက ရှက်ကိုးရှက်ကန်းအမူအယာမျိုးဖြင့် မျက်ရည်သုပ်ရင်း ပြန်ပြောသည်။

နီမောင်ကတော့ သဘောပေါက်သဖြင့် ဘာမှထပ်



www.burmeseclassic.com

www.burmeseclassic.com



မပြောပဲ နေလေသည်။

အဘယ်ကြောင့်ဆိုသော် ငွေစေတီကို လာရောက်ဖူးကြသူ အတော်များများမှာ ဘုရားကို တွေ့သည်နှင့် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုကြွေးကြသည်ကို မကြာခဏ တွေ့ခဲ့ရသောကြောင့်ပင် ဖြစ်ပေသည်။

ညနေပိုင်း အချိန်ရောက်တော့ နီမောင်က မြင်းလှည်းနှင့် မြနှင်းဖြူကို လိုက်ပို့ပေးလေသည်။ ကျောက်ဖားရွာနှင့် မိုးမခရွာမှာ မဝေးလှသောကြောင့် နီမောင်က မြင်းလှည်းကို ဖြေးဖြေးမှန်မှန်သာ မောင်းသွားလေသည်။

"နင် အပြန်နောက်ကျလို့ အိမ်ကတော့ စိတ်ပူနေကြတော့မှာပဲ"

"မပူပါဘူး၊ ပန်းရောင်းသွားရင်း ကြာတဲ့အခါ ကြာတတ်တာပါပဲ"

"နောက်ပြီး နင့်ကို မကြာခဏ လိုက်ပို့ပေးနေတာ တွေ့တော့ တစ်မျိုးထင်ကြတော့မှာပဲ"

ထိုစကားကြောင့် နောက်မှာထိုင်နေသော မြနှင်းဖြူက မသိမသာ ပြုံးလိုက်သည်။

"နင်က စိတ်ပူနေလို့လား"

"မပူပါဘူး၊ ထင်တော့လည်း ကောင်းတာပေါ့"

မြနှင်းဖြူက ဘာမှ ထပ်မပြောတော့သဖြင့် စကားသံ တိတ်သွားလေသည်။ မြင်းခွာသံနှင့် လှည်းဘီးသံသာ အဆက်မပြတ် ပေါ်ထွက်နေသည်။





"ငါပြောတာကို စိတ်ဆိုးသွားသလား"

အတန်ကြာတော့မှ

"ဟင့်အင်း"

ဟု ပြန်ပြောသည်။

"ငါတို့နှစ်ယောက်က ရှေးဘဝက ရေစက်ပါလာပုံရတယ်၊ ကောင်းမှုကိစ္စတွေမှာလည်း အတူတူတွဲပြီး လုပ်ရတယ်၊ နောက်ပြီး နင့်ကို စတွေ့ကတည်းက အရင်ဘဝက ရင်းရင်းနှီးနှီးသိခဲ့သလိုပဲ နင်ရော ဘယ်လိုထင်သလဲ"

"မသိသေးပါဘူး"

"သိအောင် မစဉ်းစားချင်ဘူးလား"

"စဉ်းစားစေချင်ရင် ပွင့်ပွင့်လင်းလင်း ပြောမှပေါ့"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ နင့်ကို တွေ့စကတည်းက စိတ်ဝင်စားနေတာ၊ မေတ္တာရှိနေခဲ့တာ"

နီမောင်က ဖွင့်ပြောလိုက်တော့ မြနှင်းဖြူက ဘာမှ ပြန်မပြောတော့ပေ။

"နင်မကြိုက်ရင် ငါ မပြောတော့ပါဘူး၊ စိတ်မဆိုးပါနဲ့"

မြင်းလှည်းမောင်းနေရင်း နောက်ကို လှည့်မကြည့်ဝံ့သဖြင့် တောင်းပန်လိုက်သည်။

ထိုသို့ တောင်းပန်ပြီး အတော်ကြာသည်အထိ ဘာမှ ပြန်မပြောသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ မျှော်လင့်ထားသလို မြနှင်းဖြူ မျက်နှာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တင်းမာခက်ထန်သော အမူအယာမျိုး မတွေ့ရပဲ အပြုံးရိပ်များဖြင့် သူ့ကိုပြန်ကြည့်နေသည်။

"ဟင်. . နင်. . ငါ့ကို စိတ်မဆိုးဘူး ဟုတ်လား"

မြနှင်းဖြူက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

သူ သဘောပေါက်သွားပေပြီ။

"မျက်ဝန်းမှာ အပြုံး နှလုံးသားမှာ အဖြေ" ဆိုသော စကားအတိုင်း သူလိုချင်သော အဖြေတစ်ခုကို သူမမျက်ဝန်းမှာ ရှာဖွေတွေ့လိုက်ရသဖြင့် ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့သွားပေတော့သည်။







## အခန်း (၁၄)

## ပုဂံသို့ ခရီးထွက်ကြရခြင်း

တစ်နေ့သ၌ နီမောင်နေအိမ်သို့ ကပ္ပိယကြီး ဦးဗန်ကောင်း ရောက်လာလေသည်။ မလာစဖူး အလာထူးသောကြောင့် နီမောင်မှာ အံ့ဩသွားလေသည်။

"ကပ္ပိယကြီး ဘာကိစ္စရှိလို့လဲ"

"မင်းကို ဆရာတော်ကြီးက အခေါ်ခိုင်းလိုက်တယ်"

"ဘာကိစ္စရှိလို့လည်းဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တွေ့ချင်တဲ့ဧည့်သည်တွေ ကျောင်းမှာရောက်နေကြတယ်၊ မင်းလာရင် ငွေစေတီလေးကိုပါ တစ်ပါတည်းယူခဲ့ဖို့ ဆရာတော်ကြီးက မှာလိုက်တယ်"

နီမောင့် စိတ်ထဲမှာတော့ ဆရာတော်ကြီးက ငွေစေတီကိုဖူးချင်၍ ခေါ်ခိုင်းသည် ထင်သဖြင့် သန့်ပြန့်သော အဝတ်ဖြူစဖြင့် ငွေစေတီကိုထုပ်ကာ ကပ္ပိယကြီးနှင့်အတူ ကျောင်းသို့လိုက်သွားလေသည်။

ကျောင်းရောက်တော့ ဆရာတော်ကြီးနှင့် မနီးမဝေးမှာ ထိုင်နေကြသော လူသုံးယောက်ကို တွေ့ရသည်။

ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီး နှစ်ယောက်တို့ဖြစ်ကြသည်။ ထိုသုံးယောက်ကိုမြင်တော့ နီမောင်စိတ်ထဲတွင် အံ့ဩသွားလေသည်။

သျှောင်တစ်စောင်း ထုံးထားသော ယောကျ်ားမှာ သူ့ကို ငွေစေတီ ပေးထားခဲ့သူနှင့် များစွာတူလှပြီး အမျိုးသမီးနှစ်ယောက်မှာ မြနှင်းဖြူနှင့် အရွယ်ရော ရုပ်ရည်ချင်းပါ တူလှပေသည်။ လောကတွင် လူတူမရှား နာမည်တူမရှား ရှိသော်လည်း တိုက်တိုက်ဆိုင်ဆိုင် သုံးယောက်စလုံး ဆင်တူနေသည်ကတော့ အံ့ဩစရာ ဖြစ်သည်။

ကျောင်းပေါ်ရောက်တော့ ဆရာတော်ကြီးကို ကန်တော့ပြီး ယူလာသော အထုပ်ကလေးကို ဆရာတော်ကြီးလက်သို့ အပ်ပေးလိုက်သည်။ ဆရာတော်ကြီးက အထုပ်ကိုဖြေပြီး ငွေစေတီကို ရှေ့မှာချထားသော ကလပ်တစ်ခုပေါ်သို့





တင်ကာ လက်အုပ်ချီ၍ ကန်တော့သည်။ ပြီးမှ နေရာမှထကာ ကျောင်းခန်းထဲသို့ ဝင်သွားလေသည်။

အရှေ့ဘက်မှာတော့ နီမောင်တို့နှစ်ယောက်နှင့် ဧည့်သည်သုံးယောက်သာ ကျန်ခဲ့ကြသည်။

ထိုအခါ ရောက်တော့မှ ဧည့်သည်အမျိုးသားကြီးက နီမောင်ကို ပြုံးပြကာ နှုတ်ဆက်လေသည်။

"မှတ်မိတယ်မဟုတ်လား"

"ကျွန်တော့်ကို ငွေစေတီပေးသွားတဲ့ ဦးထွန်းအောင်များလား"

သူက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ မင်းကို ငွေစေတီပေးသွားတဲ့ ဦးထွန်းအောင်ပါပဲ၊ သူတို့က ငါ့ရဲ့ နှမနှစ်ယောက်ပါပဲ၊ မြကလျာနဲ့ မြနန္ဒာတို့ ခေါ်ကြပါတယ်"

ထိုစကားကြားတော့ ထပ်မံအံ့ဩရပြန်သည်။

"ဒီနာမည်တွေကို ကြားဖူးနေသလိုပဲ"

"ဘယ်မှာ ကြားဖူးတာလဲ"

"ဆွမ်းဦးပုညရှင် သိုက်စောင့်တွေရဲ့ နာမည်တွေနဲ့ တူနေသလားလို့"

"တူနေတာ မဟုတ်ပါဘူး၊ ငါတို့က ဆွမ်းဦးပုညရှင် သိုက်ကို စောင့်ရှောက်ပေးနေရတဲ့ သူတွေပါပဲ"

"ဒီလိုဆိုရင် နောက်ထပ်ညီမတစ်ယောက် ကျန်သေးတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မကျန်ပါဘူး၊ သူက မင်းနဲ့အတူ ရှိနေတာပဲ"

ထိုစကားကြားတော့မှ . . မြဝင်းသူကိုပြောမှန်း သဘောပေါက်သွားလေတော့သည်။

ဇာတ်စကားနှင့် ပြောရလျှင်တော့ တဖြည်းဖြည်းနှင့် ဇာတ်ရည်လည်လာသော အခြေအနေမျိုး ဖြစ်လာပေပြီ။

"ကျွန်တော့်ကို ဘာကြောင့်ခေါ်တာလဲ"

"မင်းတို့ ရဋ္ဌပါလကုန်းထိပ်မှာ စေတီတစ်ဆူ တည်ကြဖို့ စီမံနေကြတယ် မဟုတ်လား"

"မှန်ပါတယ် အလှူငွေ ရတာတွေကိုတောင် ကျောင်းမှာလာအပ်ထားပါတယ်"

ဦးထွန်းအောင်က ခေါင်းညိတ်ပြလေသည်။

"ငွေစေတီကို မင်းဆီကို လာပေးထားတာ တခြားကြောင့် မဟုတ်ပါဘူး၊ ပဋ္ဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ လူတွေ ကုသိုလ်ပါဝင်လို့ရအောင် လာပို့ပေးတာပါ၊ တကယ်တော့ စေတီတည်တဲ့အခါ ကုန်ကျမယ့် ငွေတွေကို ငါတို့ကပဲ လှူဒါန်း ပေးမှာပါ"

"ဒါဖြင့် ကျွန်တော်တို့ ဘုရားစတည်ဖို့ ပြင်ရတော့မလား"

"မရသေးဘူး၊ မပြည့်စုံသေးဘူး၊ ငွေစေတီအပြင် ရွှေစေတီတစ်ဆူပါရမှ ပြည့်စုံမှာ"

"ရွှေစေတီက ဘယ်မှာရှိသလဲ"

"ပုဂံမှာရှိတယ်၊ ပုဂံမှာ ဓမ္မရာဇိက ဘုရားကို တွေ့





အောင်ရှာပါ၊ အဲဒီဘုရားမှာ ကျန်တဲ့ရွှေစေတီ ရှိပါတယ်"

"ရှာဖို့ကရော လွယ်ပါ့မလား"

"ကြိုးစားရှာရင် တွေ့နိုင်ပါတယ်"

"ဦးကြီးတို့ အကူအညီ မပေးနိုင်ဘူးလား"

"ငါတို့ရဲ့ နယ်နိမိတ်က စစ်ကိုင်းတောင်ရိုးမှာပဲ ရှိပါတယ်၊ ပုဂံကို လိုက်လို့မရဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ပုဂံရောက်တော့လည်း ဟိုမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေက မင်းတို့ကို အကူအညီပေးကြမှာပါ"

"ကျွန်တော် သွားပါ့မယ်"

"ဒါပေမယ့် မင်းတစ်ယောက်တည်းတော့ မသွားနဲ့၊ အဖော်နှစ်ယောက် ခေါ်သွားရမယ်"

"ဘယ်သူ့တွေကို ခေါ်သွားရမလဲ"

"ကပ္ပိယကြီးကိုပါ ခေါ်သွားပါ၊ နောက်တစ်ယောက်က ငါတို့ညီမလေး မြနှင်းဖြူကိုပါ ခေါ်သွားရမယ်၊ မြနှင်းဖြူက တခြားမဟုတ်ပါဘူး၊ ငါတို့ ညီမလေး မြသန္တာပါပဲ"

ထိုအခါမှပင် သဘောပေါက်သွားတော့သည်။

"သူကကိုပါ ခေါ်သွားမှ အစစအရာရာ အဆင်ပြေလိမ့်မယ်"

"သူကကို ခေါ်သွားလို့ အဆင်ပြေပါ့မလား၊ သူကရော ကျွန်တော်တို့နဲ့ လိုက်ပါ့မလား"

"သူတို့ မိသားစုတွေကို အကျိုးအကြောင်း ပြောပြထားပြီးပါပြီ၊ သူတို့ကလည်း ဒီကိစ္စတွေကို သဘောပေါက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မင်းသွားခေါ်ရင် သူလိုက်လာပါလိမ့်မယ်"

ဟု ပြောပြကာ သုံးယောက်စလုံး နေရာမှ ထလိုက်ကြသည်။

"ငါတို့ ပြန်တော့မယ်၊ မင်း ငွေစေတီကို ပြန်ယူသွားပါ၊ ပုဂံမှာ ရောက်နေတဲ့ ရွှေစေတီက ငွေစေတီနဲ့ တစ်ပုံစံတည်း ရှိတာကိုပါသိဖို့ ဒီငွေစေတီကိုပါ ပုဂံကို ယူသွားပါ"

ထိုသို့ ပြောဆိုမှာကြားပြီး သုံးယောက်သား ကျောင်းအောက်သို့ ပြန်ဆင်းသွားကြလေတော့သည်။

နီမောင်က ကလပ်ပေါ် တင်ရေးထားသော ငွေစေတီကို အဝတ်စဖြင့် ပြန်ထုပ်လိုက်ရင်း မေးသည်။

"ဘယ်လိုလည်း ကပ္ပိယကြီးရော လိုက်ခဲ့မှာလား"

"လိုက်ရမှာပေါ့ကွာ၊ တာဝန်ကျေမှတော့ မလိုက်ပဲနေလို့ ရမတဲ့လား"

"ဒါထက် မြနှင်းဖြူကရော လိုက်ပါ့မလား"

"သူတို့ ပြောထားပြီးရင်တော့ လိုက်ရမှာပေါ့၊ မင်းသွားခေါ်ကြည့်လေ"

ဟု ပြောသဖြင့် ထွေထွေထူးထူး ထပ်မမေးတော့ပဲ အိမ်သို့ပြန်လာခဲ့သည်။

ညနေပိုင်းရောက်တော့ မြနှင်းဖြူနေသော မိုးမခရွာဘက်သို့ တစ်ယောက်တည်း သွားလေသည်။ တစ်ခေါက်နှစ်ခေါက် ရောက်ဖူးပြီး ဖြစ်သောကြောင့် အခက်အခဲမရှိ သွားနိုင်လေသည်။





ထိုအိမ်ရောက်တော့ မြနှင်းဖြူနှင့် မတွေ့ရသေးခင်မှာ ဖခင်ဖြစ်သူ ဦးဘကျော်နှင့် အရင်တွေ့ရလေသည်။

သူကလည်း နီမောင်ကို သိနေလေသည်။

"နီမောင် မဟုတ်လား၊ လာ. . ထိုင်ဦး သမီးက ခဏနေရင် လာလိမ့်မယ်"

ဟု ပြောသဖြင့် အိမ်ရှေ့တစ်နေရာတွင် ဝင်ထိုင်လေသည်။

"မင်းတို့ ပုဂံသွားကြတော့မလား"

"ဟုတ်တယ်၊ ဦးလေး အဲ. . အဲဒါ"

"သမီးကလည်း ပြောပြထားပါတယ်၊ သူလည်း လိုက်ရမယ် ထင်တယ်"

"ဟုတ်. . ဟုတ်ပါတယ်"

"ခေါ်သွားပေါ့ကွာ၊ ကောင်းတာလုပ်ဖို့ သွားကြတာပဲ၊ ဘာစိတ်မချစရာရှိမလဲ"

ဦးဘကျော်ထံမှ ထိုစကား ကြားသောအခါ နီမောင်စိတ်ထဲမှာ အံ့ဩသွားလေသည်။

"မင်း အံ့ဩသွားတယ်ထင်တယ်၊ သာမန်ဆိုရင်တော့ သမီးပျိုတစ်ယောက်ကို သူစိမ်းယောကျ်ားတွေနဲ့ ညအိပ်ညဉ့်နေ ဘယ်ထည့်သင့်ပါ့မလဲ"

"ဟုတ်ပါတယ်"

"ဒါပေမယ့် မင်းတို့ လုပ်နေကြတဲ့ ကိစ္စတွေက သာမန်တွေမှ မဟုတ်တာ၊ ကောင်းမှုကုသိုလ်အတွက် လုပ်ပေး

www.burmeseclassic.com



နေကြတာဆိုတော့ စိတ်မချစရာ မရှိပါဘူး၊ နောက်ပြီး ပွင့်ပွင့်လင်းလင်းပြောရရင် မင်းနဲ့ငါ့သမီး အကြောင်းကိုလည်း သိသင့်သလောက် သိပြီးသားပါ"

ထိုစကားကြောင့် မျက်နှာပူသလို ဖြစ်သွားသောကြောင့် ခေါင်းငုံ့ထားလိုက်သည်။

အတန်ကြာတော့ ရေမိုးချိုး သနပ်ခါးလိမ်းပြီးသဖြင့် မြနှင်းဖြူ ထွက်လာလေသည်။ သူမက နီမောင်ကိုမြင်တော့ ပြုံးပြလေသည်။ ဦးဘကျော်ကတော့ မြနှင်းဖြူ ထွက်လာသည်နှင့် နေရာမှ ထသွားလေသည်။

"နင် ရောက်နေတာ ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး၊ ဦးလေနဲ့ စကားပြောနေတာ"

"အဖေက ဘာတွေပြောသလဲ"

မြနှင်းဖြူက ပြုံးစေ့စေ့ အမူအယာဖြင့် မေးသည်။

"သူက ငါတို့အကြောင်းတွေကို သိနေသလိုပဲ"

"သိမှာပေါ့၊ ငါ ပြောပြထားတာကိုး"

"ဟင်. . ဘာတွေပြောထားတာလဲ၊ နင်က ငါ့ကို အဖြေမပေးရသေးဘူးလေ"

"ဒီအခြေအနေ ရောက်နေတာတောင် အဖြေပေးစရာ လိုသေးလို့လား"

"ဒါဖြင့် နင် ငါ့မေတ္တာကို လက်ခံပေးပြီပေါ့နော်"

"အဖေနဲ့ အဖွားကိုတောင် တိုင်ပင်ထားပြီးပြီ"





"သူတို့က ဘာတွေပြောသလဲဟင်"

"ငါ သဘောကျလို့ ရွေးချယ်ရင် သူတို့ကလည်း လက်ခံပေးမယ်လို့ ပြောကြပါတယ်"

"ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ အခုမှ စိတ်အေးရပေတော့တယ်၊ ငါ အခုလာတာ တခြားမဟုတ်ဘူး"

နီမောင်က မဟာဗောဓိကျောင်းတွင် ဦးထွန်းအောင်တို့ မောင်နှမသုံးယောက်နှင့် တွေ့ခဲ့ရပုံနှင့် သူတို့ပြောသော စကားများကို ပြန်ပြောပြလိုက်သည်။

"ငါနဲ့ ကပ္ပိယကြီးနဲ့ ပုဂံသွားရမယ်၊ အဲဒါ နင့်ပါခေါ်သွားဖို့ မှာလိုက်တယ်"

"ငါ သိပြီးပါပြီ၊ အစ်ကိုတော် အစ်မတော်တို့က ဒီမှာလည်း အကျိုးအကြောင်း လာအသိပေးထားပြီးပါပြီ"

"ဒါဖြင့် နင် လိုက်ခဲ့မှာပေါ့နော်"

မြနှင်းဖြူက ခေါင်းညိတ်ပြလိုက်သည်။

ပြီးမှမေးသည်။

"နင်က မခေါ်ချင်လို့လား"

"မခေါ်ချင်ပဲ နေပါ့မလား မြနှင်းဖြူရယ်၊ နင်ပါလာတော့ ပျော်စရာပိုကောင်းတာပေါ့. .၊ ငါက တစ်သက်လုံးတောင် ခေါ်ထားချင်တာ"

နီမောင့်စကားကြောင့် မြနှင်းဖြူက မျက်စောင်းတစ်ချက် ထိုးသည်။ သို့သော် ကျေနပ်သော အပြုံးများကတော့ မျက်နှာပေါ်မှာ ပေါ်လွင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာတော့ စီစဉ်စရာရှိသည်များ စီစဉ်ကြပြီးနောက် သုံးယောက်သား ပုဂံသို့ ခရီးထွက်ခဲ့ကြလေသည်။

နီမောင်အနေနှင့် ပုဂံသို့ ခရီးထွက်ရသဖြင့် စိတ်ထဲမှာ ပျော်နေလေသည်။ နေရာဒေသ အသစ်တစ်ခုသို့ သွားရခြင်းထက် သူနှင့်အတူ မြနှင်းဖြူပါ အတူပါလာသောကြောင့် ပိုပြီးပျော်ရွှင်မိသည်။

ပုဂံသည် ပူပြင်းသော နွေရာသီ အချိန်ထက် အပူရှိန်မများသော ဆောင်းရာသီနှင့် မိုးရာသီတို့တွင် ပိုပြီးသွားလာ၍ ကောင်းလှလေသည်။

ယခုဝါတွင်းကာလ မိုးရာသီ ဖြစ်သောကြောင့် ရာသီဥတုက သာယာမှုတကာ သွားလာ၍ ကောင်းလှသည်။

ပုဂံသည် ချင်းတွင်းမြစ်နှင့် ဧရာဝတီ မြစ်ဆုံမှ အကြေအရပ်(အောက်အရပ်)မိုင်(၂၀)ခန့်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိလေသည်။

ရှေးစကားစဉ်အရ ခရစ်(၁၀၈)ခုနှစ်တွင် ရွာပေါင်း(၁၉)ရွာကို စုစည်းပြီး ယုန်လွတ်ကျွန်းအရပ်၌ သမုဒ္ဒရာဇ်မင်းကြီးသည် အရိမဒ္ဒနပူရပြည်ကို စတင်တည်ထောင်ခဲ့ကြောင်း အဆိုရှိသည်။

တစ်ဖန် ယင်းမင်းဆက် ခုနစ်ဆက်မြောက် သေလည်ကြောင်မင်းလက်ထက် ခရစ်(၃၄၄-၃၈၇) ခုနှစ်တွင် ယုန်လွတ်ကျွန်း အရပ်မှသည် သီရိပစ္စယာ ကျောက်စကားအရပ်သို့ မြို့တော်ကို ရွှေ့ပြောင်းစိုးစံသည်။





ယင်းမင်းဆက် (၁၂)ဆက်မြောက် သိုက်တိုင်မင်းလက်ထက် ခရစ် (၅၁၆-၅၂၃)ခုနှစ်တွင် ကမ္ဗဝတီခေါ် ယခုအခေါ် ဖွားစောအရပ်၌ မြို့တော်ကို ရွှေ့ပြောင်းကာ ထီးနန်းစိုက်ခဲ့ကြပြန်သည်။

အဆိုပါ မြို့သုံးမြို့တို့တွင် သစ်တပ်မြို့ရိုးသာ တည်လေ့ရှိပြီး ကျုံးမြို့ရိုးများ မရှိခဲ့ကြပေ။

ယင်းမင်းဆက် (၃၄)ဆက်မြောက် ပျဉ်ပြားမင်းလက်ထက် ခရစ်(၈၄၉)ခုနှစ်တွင် ယခုလက်ရှိ ကျုံးမြို့ရိုးနှင့်ရှိသော ပုဂံမြို့ကို စတင်တည်ထောင်ခဲ့သည်ဟု မဟာရာဇဝင်တော်ကြီးနှင့် မှန်နန်းရာဇဝင်တို့တွင် ရေးသားဖော်ပြထားပေသည်။

ပုဂံ၏ ထူးခြားချက်မှာ စေတီပုထိုးပေါင်း မြောက်မြားစွာရှိခြင်းပင်ဖြစ်၏။

အနော်ရထာမင်းကြီးလက်ထက်၌ တည်ခဲ့သော ဘုရင်တောင်(တူရွင်းတောင်)စေတီ ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီနှင့် တန့်ကြည်တောင် စေတီတော်တို့မှာ ယခုမျက်မှောက်ကာလရောက်သည်အထိ စွယ်တော်လေးဆူအဖြစ် လူသိများလှပေသည်။

မြန်မာတို့၏ ဗိသုကာလက်ရာတို့ကို ကမ္ဘာကပင် အသိအမှတ်ပြုကြရသော ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် အာနန္ဒာ လိုဏ်ဂူတော်ဘုရားမှာ ပုဂံ၌ ထင်ရှားကျော်ကြားလှသည့် ဘုရားတစ်ဆူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဲဟာရံ၊ သဗ္ဗညု စသော စေတီပုထိုးတို့မှာလည်း ထု ထည်ကြီးမားလှသော စေတီပုထိုးများ ဖြစ်ကြသည်။

ပုဂံပြည်တွင် ခရစ်(၁၀၇)ခုမှ (၁၃၆၉)ခုနှစ်တိုင်အောင် နှစ်ပေါင်း (၁၂၆၀)ကျော်ကျော် အချိန်ကာလအတွင်း မင်းပေါင်း (၅၅)ဆက်တိုင်အောင် အစဉ်အဆက် အုပ်စိုးစံခဲ့ကြသည်။

ပုဂံ၌ စိုးစံခဲ့သော မင်းအဆက်ဆက်တို့က ပုဂံမြို့ဝန်းကျင်တစ်ဝိုက်တွင် ဘုရား၊ ပုထိုးစေတီပေါင်း မြောက်များစွာ တည်ထားကိုးကွယ်ခဲ့ကြရာ လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းဟူ၍ ပုဂံဘုရားအရေအတွက်ကို လက်ာအမှတ်အသားတို့ဖြင့် ရေးထိုးမှတ်တမ်းတင်ခဲ့ကြလေသည်။

ကိန်းဂဏန်းဖြင့် ရေတွက်သော် (၄၄၄၆၇၃၃)ဆူရှိပေသည်။

နှစ်ပေါင်း (၁၂၀၀)ကျော်အတွင်း ဘုရားစေတီပုထိုးပေါင်း လေးသန်းကျော် တည်ထားခဲ့သောနေရာမှာ ပုဂံမြို့တစ်နေရာပင် ရှိပေလိမ့်မည်။

နီမောင် မြနှင်းဖြူ ဦးဗန်ကောင်းတို့လည်း စစ်ကိုင်းမှ ပုဂံရောက်အောင် ခရီးအဆင့်ဆင့် ကျော်ဖြတ်ခဲ့ကြရပေသည်။ ထိုနေရာရောက်တော့ မြနှင်းဖြူကပင် ဦးဆောင်လမ်းပြပြီး သွားလေသည်။

"မြနှင်းဖြူ အရင်က ပုဂံ ရောက်ဖူးသလား"

"တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖူးပါတယ်၊ ဘာ





ဖြစ်လို့ မေးတာလည်းဟင်"

"ဘာမှတော့ မဖြစ်ပါဘူး၊ နေရာတွေကို အတော်သိနေလို့ မေးကြည့်တာပါ"

မြနှင်းဖြူကတော့ ဘာမှ ပြန်မပြောတော့ပဲ ပြုံးရုံသာ ပြုံးနေလေသည်။

"အရင်ကတော့ မကြာခဏ ရောက်ဖူးတယ်ထင်တာပဲ"

"ဘယ်တုန်းကလဲ"

"အရင်ဘဝကလေ"

ထိုသို့ ပြန်ပြောသဖြင့် နီမောင်လည်း သဘောပေါက်သွားသဖြင့် ဆက်မမေးတော့ပေ။

သုံးယောက်သား ပုဂံညောင်ဦးဘက်ရောက်တော့ ခရီး တစ်ထောက်နားပြီး နောက်တစ်နေ့ နံနက်စောစောအချိန် ရောက်တော့မှ မြင်းလှည်းတစ်စီး ငှားရမ်းကာ မြင်းကပါရောက်အောင် ခရီးဆက်ကြပြန်လေသည်။

ရှေးအခါက ယခုကာလ မြင်တွေ့နေရသော ကတ္တရာလမ်းချော်များမရှိသေးပဲ မြေနီလမ်းများသာ ရှိသေးသောကြောင့် ထိုလမ်းများ သွားကြရသည်။

မြင်းလှည်းမောင်းသွားစဉ် နောက်မှ အနီရောင် ဖုံထုကြီးများက လိုက်လာရာ သုံးယောက်စလုံး အနီရောင်များဖြင့် လူရုပ်ပင် မပေါ်တော့ပေ။

မြင်းကပါရောက်တော့ ခရီးက မဆုံးသေးပေ။



www.burmeseclassic.com


www.burmeseclassic.com



သူဌေးကန်ရွာသို့ ဆက်သွားကြရသည်။ သူဌေးကန်ရွာ ရောက်ပြီးတော့မှ မေးမြန်းစုံစမ်းပြီး တမ္ပဝတီသို့ ခရီးဆက်ခဲ့ရာ ထိုရွာရောက်တော့မှ သွားလိုသောနေရာက အဆုံးသတ်သွားပေတော့သည်။








# အ.သူ.ခ အမြေနှင့် ရွှေစေတီ

တမ္ပဝတီရွာသည် သူတို့သုံးယောက်စလုံး မရောက်ဖူးသော နေရာပင်ဖြစ်သည်။ ထိုရွာရောက်တော့ တည်းခိုရန်နေရာမရှိသောကြောင့် ဘုန်းကြီးကျောင်း ရှိရာသို့ပင် မေးမြန်းပြီး သွားကြရလေသည်။

"ဒိုကိုမလာခင် မဟာဗောဓိဆရာကြီးက မှာလိုက်တယ်၊ တမ္ပဝတီမှာ သစ်မထီးကျောင်းရှိတယ်၊ အဲဒီကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းထိုင်နေတဲ့ ဘုန်းကြီးက စစ်ကိုင်းမှာလာပြီး စာသင်ဖူးတယ်၊ အဲဒီကျောင်းသွားရင် အကူအညီ ရလိမ့်မယ်လို့ မှာလိုက်တယ်"

"ကောင်းတာပေါ့"

ဟု ပြောဆိုကာ ခရီးဆက်ကြလေသည်။

သစ်မထိးကျောင်းမှာ ဖွားစောရွာနှင့် မနီးမဝေး၌ ရှိလေသည်။ ထိုကျောင်းသို့ ရောက်သောအခါ ကျောင်းထိုင်ဆရာတော်က ဦးဗန်ကောင်း အကျိုးအကြောင်း လျှောက်ထားသောအခါ သူတို့အတွက် နေရာထိုင်ခင်း စီစဉ်ပေးလေသည်။

"ဓမ္မရာဇိကဘုရားက. . ဘယ်နေရာမှာရှိပါသလဲ ဘုရား"

"ဒီကျောင်းကသွားရင် မဝေးလှပါဘူး၊ အနောက်မြောက် ယွန်းယွန်းလောက်မှာရှိတယ်၊ ညနေပိုင်းလောက်မှ သွားကြပေါ့"

ဟု ဘုန်းကြီးက ပြောသဖြင့် နေ့လည်ဘက် ကျောင်းမှာပဲနားကြပြီး ညနေစောင်းအချိန်ရောက်တော့မှ ဘုရားရှိသောနေရာဘက်သို့ သွားကြလေသည်။

ထနောင်းပင်၊ မန်ကျည်းပင်များကြားမှာရှိသော လူသွားလမ်းကလေးများမှ သွားကြရသည်။

အတန်ကြာသွားကြသောအခါ ကုန်းမြင့်တစ်နေရာမှာ တည်ထားသော ဘုရားရှိရာသို့ ရောက်သွားကြသည်။





စေတီတော်၏ ပုံသဏ္ဍာန်မှာ ညောင်ဦး၌ရှိသော အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ရွှေစည်းခုံစေတီတော်ကြီးနှင့် တူလှပေသည်။

"ဒါ ရှေးဟောင်းစေတီတစ်ဆူပဲ"

ကပ္ပိယကြီး ဦးဗန်ကောင်းက မှတ်ချက်ချရင်း သုံးယောက်သား ရင်ပြင်တော်ပေါ်သို့ တက်လာကြသည်။ ရင်ပြင်တော်ပေါ်ရောက်ပြီး တစ်ပတ်ပြည့်အောင် ပတ်ကြည့်သောအခါ တနင်္ဂနွေထောင့်ရောက်တော့ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ပုတီးစိပ်နေသော အဖိုးအိုတစ်ဦးကို တွေ့ကြရသည်။

သူတို့ မနီးမဝေးရောက်တော့ အဖိုးအိုပုတီးစိပ်ခြင်းပြီးသွားဟန်ဖြင့် ဘုရားကန်တော့ပြီးနောက် နေရာမှထလာသည်။ နီမောင်တို့ သုံးယောက်ကလည်း အနားရောက်လာကြပြီဖြစ်သောကြောင့် အဖိုးအိုက ပြုံးကာ နှုတ်ဆက်လေသည်။

"ရပ်ဝေးကနေ ဘုရားဖူးလာကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ် အဘိုး"

"ဘယ်အရပ်ဒေသက လာကြတာလဲ"

"စစ်ကိုင်းက လာကြတာပါ"

"ပုဂံနဲ့ စစ်ကိုင်းက ဝေးတာမှတ်လို့ ဒီကနေ ဟိုသွားပြီး ဘုရားဖူး၊ ဟိုကနေ ဒီကိုလာပြီး ဘုရားဖူးလုပ်နေကြတာပဲ"

"မှန်ပါတယ်အဘိုး၊ ဒါထက် ဘယ်ရွာမှာ နေကြပါလဲ"

"အဘိုးက ဖွားစောရွာကပါ၊ ဘုရားကိုတော့ ပုတီး

www.burmeseclassic.com



စိပ်ရင်း နေ့တိုင်းလိုလို ရောက်ပါတယ်၊ အသက်ကြီးလာတော့ ဒီအလုပ်ပဲ ရှိတာပဲကိုး"

"အဘိုးက ဒီရွာမှာ နေတာဆိုတော့ ဘုရားရဲ့ သမိုင်းကြောင်းလေးများ မသိဘူးလား"

"သိသင့်သလောက်တော့ သိပါတယ်ကွယ်၊ ငါ့မြေးတို့က စိတ်ဝင်စားလို့လား"

"ဟုတ်ပါတယ် အဘိုး"

"ဒီလိုဖြင့်တော့ သိသလောက် ပြောပြပေးပါ့မယ် ထိုင်ကြ"

ဟု ပြောသဖြင့် ထိုနေရာမှာပင် ဝင်ထိုင်လိုက်ကြသည်။ ထိုအခါ အဘိုးအိုက ကွမ်းတမြုံ့မြုံ့ ဝါးရင်းနှင့် စေတီတော်၏ သမိုင်းကြောင်းကို အတိုချုပ်ကာ ပြောပြသည်။

ဓမ္မရာဇိက စေတီတော်၏ ကောင်းမှုကုသိုလ်ရှင်မှာ နရပတိစည်သူမင်းကြီးဖြစ်ပြီး သက္ကရာဇ်(၁၁၆၉)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ 'ထိုခေတ်အချိန်အခါကပင် ငွေစင်ငွေသား (၄၄၀၂၇)(လေးသောင်းလေးထောင်နှစ်ဆယ်ခုနှစ်ကျပ်သား) ကုန်ကျခဲ့သည်။

စေတီတော်ကြီးကို ရွှေစည်းခုံ စေတီတော်ကြီး ပုံသဏ္ဌာန်အတိုင်း တည်ထားခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ကျော်ခန့် အချိန်ကြာမြင့်မှ ပြီးစီးအောင်မြင်ခဲ့သည်။

သိန်းယိုလ်မင်း ပေးပို့လှူဒါန်းသော သရီရဓါတ်တော် အဆုံသုံးဆယ်ကို ငွေကြုတ်ဖြင့်ထည့်ကာ ကျောက်ဖျာထက်





၌တင်ကာ ဌာပနာ ထည့်ထားခဲ့လေသည်။

စေတီတော်၏ ပုံသဏ္ဌာန်မှာ ငါးမျက်နှာ အညီအမျှနှင့် ပစ္စယံသုံးဆင့် တင်ထားလေသည်။ ရှစ်ထောင့် ကြွေစဉ့်ပုံသဏ္ဌာန်မျိုးဖြစ်ကာ ငါးမျက်နှာ၌ အုတ်ဂူငါးလုံး ရှိလေသည်။

ဂူတစ်လုံးစီတွင် ကြွေဘုရားတစ်ဆူစီရှိသောကြောင့် ငါးနေရာတွင် ကြွေဘုရားရုပ်ပွားတော် ငါးဆူရှိကြသည်။

အရှေ့ဘက် အာရုံခံ မုခ်အတွင်းတွင် ပုဂံခေတ် ကျောက်စာများနှင့် အင်းဝခေတ် နံရံမှင်ရေးစာများ ရှိသည်။

"ဘုရားနဲ့ပတ်သက်ပြီး ထူးခြားမှုတွေရှိရင်လည်း ပြောပြပေးပါဦး အဘိုး"

နီမောင်က ပြောလိုက်သည်။

"ထူးခြားတာတွေကတော့ အများကြီးရှိတာပေါ့ကွယ်၊ လပြည့်လကွယ်လို အခါကြီးရက်ကြီးတွေမှာ ဘုရားက ရောင်ခြည်တော်လွှတ်တာ ဖူးတွေ့ရတယ်"

"ဟုတ်ကဲ့"

"နောက်ပြီး ဘုရားပေါ်မှာ သွားလာနေတဲ့ လူရိပ်တွေလည်း တွေ့ရတယ်၊ နောက်ပြီး နဂါးလိုလိုနဲ့တူတဲ့ မြွေတွေလည်း မကြာခဏ တွေ့ရတယ်"

"ဒါထက် လူရိပ်လူခြေ တွေ့ရတယ်ဆိုတော့ ပတ်ဝန်းကျင်ရွာတွေက ဘုရားလာဖူးတာများလား"

"ဒီလိုလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တွေ့ရတဲ့ လူတွေက ဒီခေတ်ဝတ်တဲ့ အဝတ်အစားမျိုးတွေနဲ့ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်က ဝတ်တဲ့ အဝတ်အစားတွေနဲ့ လာကြတာ"

"ဟုတ်ကဲ့. ."

"ဒီဘုရားကို စောင့်ရှောက်ပေးနေတာက ပုဂံခေတ်က ရှိခဲ့ဘူးတဲ့ မမ္မပါလ စစ်သူကြီးပါပဲ၊ ဒီပုဂ္ဂိုလ်ကြီးကိုလည်း မကြာခဏ ဆိုသလိုပဲ တွေ့ရတယ်၊ သူကကို ကြည့်ချင်ရင် ဟိုဘက်မှာ ရုပ်ထုရှိပါတယ်"

ဟုပြောပြီး ခေါ်သွားရာ နီမောင်တို့ သုံးယောက်လည်း နောက်မှ လိုက်သွားကြလေသည်။

အာရုံခံတန်ဆောင်းအနီးသို့ ရောက်သောအခါ ဘုရားဘက်သို့လှည့်ကာ ရှိခိုးကန်တော့နေသော စစ်သူကြီးတစ်ဦးရုပ်တုကို တွေ့ရသည်။ ထုလုပ်ထားပုံ၊ ဆေးရောင်ခြယ်ထားပုံမှာ လက်ရာမြောက်လှသောကြောင့် လူတစ်ယောက်ရပ်နေသည်နှင့်မခြား အသက်ဝင်လှပေသည်။

"ဒီဘုရားကို ရောက်ဖို့က မလွယ်လှဘူး၊ တကူးတက လာဖူးမှပဲ ရောက်နိုင်ကြတယ်၊ အများအားဖြင့်တော့ ဒီနေရာကိုလာတာ ဘဝဆက်၊ ပဋ္ဌာန်းဆက် ရှိကြတဲ့သူတွေ လာကြတာများတယ်၊ အခု ငါ့မြေးတို့လည်း စစ်ကိုင်းကတောင် တကူးတကရောက်ပြီး ဘုရားဖူးကြတာဆိုတော့. . ရောက်တုန်းရောက်ခိုက် ဘုရားလည်းဖူး၊ ဒီမှာရှိကြတဲ့ မြင်ရတဲ့ပုဂ္ဂိုလ်တွေ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှအတန်း ပေးဝေကြပေါ့ကွယ်"

"ဟုတ်ကဲ့ အဘိုး"





"ကဲ. . ကဲ. . အဘိုးလည်း ဘုရားပေါ်ပြန်တက်ပြီး ပုတီးစိပ်လိုက်ဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် ရင်ပြင်တော်ပေါ်သို့ ပြန်တက်သွားလေသည်။

အချိန်က နေဝင်ရီတရောအချိန်ရောက်နေပြီ။

မိုးရားသီတွင် တွေ့ရခဲ့သော ဆည်းဆာရောင်များတာ ပတ်ဝန်းကျင်၌ ပြန်နှံ့လျက် ရှိနေကြလေသည်။

သို့သော် ပတ်ဝန်းကျင်၌ရှိသော သစ်ပင်များ ထန်းတောကြီးများက ကာဆီးနေသောကြောင့် ဘုရားပတ်ဝန်းကျင်တဝိုက်ကိုတော့ အနည်းငယ်သာ ရောက်နေလေသည်။

သုံးယောက်သား ကျောင်းသို့ပြန်ကာနီးတွင် ဘုရားရင်ပြင်ပေါ်သို့ တစ်ခေါက်ပြန်တက်သွားသောအခါ ပုတီးစိပ်မည်ပြောကာ စောစောကမှတက်သွားသော အဘိုးကြီးကိုတော့ အရိပ်အယောင်မှပင် မတွေ့ကြရတော့ပေ။

"စောစောက ပုတီးစိပ်ဖို့ တက်သွားတဲ့ အဘိုးကြီး ဘယ်ရောက်သွားပြီလဲ"

"သူ့နေရာပြန်သွားလို့ ဖြစ်မှာပေါ့"

"ဒီနားမှာလည်း သွားတာလာတာ မတွေ့လိုက်ရပါလား"

"မင်း မမြင်ရလို့ ဖြစ်မှာပေါ့ကွာ၊ ဒါထက် စော[illegible]တာ အဘိုးကြီးကိုတွေ့တော့ ဘယ်လိုထူးခြားမှုမျိုး သတိပြုမိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်း စကားကြောင့် နီမောင်နှင့် မြနှင်းဖြူတို့ နှစ်ယောက်မှာ ပြန်ပြီးစဉ်းစားနေကြလေသည်။

သို့သော် အမှတ်တမဲ့သာ နေခဲ့ကြသဖြင့် ထွေထွေ ထူးထူးတော့ မစဉ်းစားမိကြပေ။

"ဘယ်လိုထူးခြားမှု ရှိသလဲဟင်"

မြနှင်းဖြူက မေးလိုက်သည်။

"မင်းတို့က အမှတ်တဲ့ နေကြလို့ပါ၊ မမ္ပဝါလ စစ်သူကြီးရုပ်ထုနဲ့ တထေရာတည်း တူနေတာကို ငါ သတိပြုမိလိုက်တယ်"

"ဒါဖြင့် ဒီအဘိုးကြီးက မမ္ပဝါလ စစ်သူကြီးများ ဖြစ်နေရော့သလား"

"မဟုတ်ဘူးလို့တော့ အတတ်မပြောနိုင်ဘူး၊ ဘဝဆက် ပဋ္ဌာန်းဆက်ရှိတဲ့သူတွေလာတော့ သူကိုယ်တိုင် ကြိုနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဦးဇန်ကောင်းစကားကြားသောအခါ နီမောင်စိတ်ထဲတွင် အတော်ပင် အားရှိသွားလေသည်။

"ဒါထက် ရွှေစေတီကို ဘယ်လိုရှာကြမလဲ"

"စိတ်မပူပါနဲ့ကွာ၊ ဒီနေရာတောင် ရောက်လာမှတော့ သူကဟာနဲ့သူ ဖြစ်လာမှာပေါ့၊ ဒီကိစ္စမျိုးတွေက ငါတို့ လုပ်ချင်တိုင်းလည်း လုပ်လို့မရဘူး၊ ရှာချင်တိုင်းလည်း မတွေ့နိုင်ဘူး"

"ဟုတ်ပါတယ်"





"သူတို့ ပေးရင်ရမယ်၊ သူတို့ မပေးရင်တော့ မရဘူးပေါ့၊ တစ်ရက်နှစ်ရက်တော့ စောင့်ကြည့်ရမှာပေါ့"

ဟု ပြောဆိုကာ တည်းခိုနေသော ကျောင်းရှိရာသို့ ပြန်လာခဲ့ကြတော့သည်။

သူတို့ ပြန်လာသော အချိန်မှာ မှောင်စပျိုးနေသော အချိန် ရောက်နေပြီဖြစ်ရာ မမ္ပရာဇိက စေတီတော် ရှိရာဘက်မှ ကြေးစည်ထုသံ၊ မောင်းတီးသံ၊ ခေါင်းလောင်းထိုးသံတို့ကို ကြားကြရလေသည်။

ညအချိန်ရောက်တော့ ခရီးပင်ပန်းလာသောကြောင့် အိပ်ပျော်နေသော မြနှင်းဖြူရှိရာသို့ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုတစ်ဦး ရောက်လာပြီး ခေါ်သွားသဖြင့် နောက်မှလိုက်သွားရလေသည်။

သူမကိုခေါ်သွားသော နေရာမှာ အခြားနေရာမဟုတ်ပေ။

မမ္ပရာဇိက စေတီတော်ရှိသော နေရာတစ်ဝိုက်ပင် ဖြစ်ပေသည်။ ထိုနေရာရောက်တော့ ပုဂံခေတ်စစ်သူကြီးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားသည့် လူကြီးတစ်ဦးနှင့် တွေ့ရသည်။

ညနေပိုင်းက ဘုရားတန်ဆောင်းအတွင်းမှာ တွေ့ခဲ့သော ရုပ်တုနှင့် တစ်ထေရာတည်းတူလှသော မမ္ပဝါလစစ်သူကြီးပင် ဖြစ်ဟန်ရှိပေသည်။

စစ်သူကြီးက သူမကိုမြင်တော့ ပြုံး၍ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှပင် မျက်နှာကို အသေအချာ ကြည့်မိရာ စစ်ကိုင်း၌ တွေ့ရသော ဦးထွန်းအောင်၊ မြကလျာ၊ မြနန္ဒာတို့ မောင်နှမသုံးယောက်မျက်နှာနှင့် ခပ်ဆင်ဆင်တူလှသည်ကို သတိပြုမိလေသည်။ ထိုအခါ သူ့ကိုခေါ်လာသော အဘိုးကြီးက ပြောပြသည်။

"ဒါက ဒီဘုရားကို စောင့်ရှောက်ပေးနေရတဲ့ ဓမ္မပါလစစ်သူကြီးပဲ၊ ငါ့မြေးတို့နဲ့ မောင်နှမတွေ တော်ကြတယ်၊ စစ်ကိုင်းတောင်မှာရှိကြတဲ့ မောင်နှမတွေက ကုညရှင် စေတီတော်ကြီးကို နေ့စဉ်ဆွမ်းဦး ကပ်လှူကြရတဲ့ တာဝန်ယူ ကြရတယ်၊ ဒီမှာ ကျန်ခဲ့တဲ့ စစ်သူကြီးကတော့ ဒီဘုရားကို စောင့်ရှောက်ပေးနေရတယ်"

"ဟုတ်. . ဟုတ်ကဲ့"

"သူတို့တွေ ဒီတာဝန်တွေကို ဆောင်ရွက်ပေးနေကြရတာ နှစ်ပေါင်းရှစ်ရာကျော်ခဲ့ကြပြီ၊ ငါ့မြေးကလည်း ဆွမ်းဦးပုညရှင် သိုက်ထဲကပါပဲ၊ အခုတော့ လူ့ဘဝအတွက် တာဝန်ထမ်းဆောင်စရာရှိလို့ လူ့လောကကို ရောက်နေရတာပါ"

ထိုစကားကြားတော့ မြနှင်းဖြူ စိတ်ထဲမှာ ဝမ်းနည်းစိတ်များ ပေါ်လာမိလေသည်။

"ဘယ်. . ဘယ်လိုတာဝန်မျိုးလဲဟင်"

"ရဋ္ဌပါလ ကုန်းတော်ဆိုတာ ရှေးနှစ်ပေါင်းများစွာက သမီးတို့ ဆွေတော်မျိုးတော်တွေ ပိုင်ဆိုင်ခဲ့တဲ့ နေရာဟောင်းတစ်ခုပဲ၊ ကုန်းထိပ်ပေါ်မှာ ငါ့မြေးတို့ ဆွေဆက်မျိုးဆက်တွေ





တည်ထားခဲ့ကြတဲ့ စေတီတော်ကြီးတစ်ဆူ ရှိခဲ့တယ်၊ ဘွဲ့တော်တာ ဓမ္မရာဇိကစေတီလို့ပဲ ပေးထားခဲ့ကြတယ်"

"ဟုတ်ကဲ့"

"အခု နှစ်ပေါင်း ရှစ်ရာကျော်လောက် အချိန်ကြာခဲ့ပြီဆိုတော့ ပြိုကျပျက်စီးပြီး အုတ်ပုံဘဝ ရောက်နေပြီပေါ့ကွယ်"

"ဟုတ်ပါတယ် အဘိုး"

"စေတီတော်ကြီးကို မူလအတိုင်းတည်ဖို့ ငါ့မြေးတို့ မောင်နှမတွေမှာ တာဝန်ရှိကြတယ်၊ အခုလည်း ငါ့မြေး ဒီကို ရောက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ရွှေစေတီရှာဖို့ လာခဲ့ကြတာပါ၊ ရွှေစေတီရှိတဲ့နေရာကို ပြောပြပေးပါ အဘိုး"

ထိုသို့ ပြောသောအခါ အဘိုးအိုက ၎င်း၏ လက်ဝါးတစ်ဖက်ကို မြနှင်းဖြူရှေ့တွင် ထောင်ပြသဖြင့် ကြည့်လိုက်ရာ 'အ. သု. ခ' ဟူသော စာလုံးသုံးလုံး ပေါ်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရလေသည်။

"ဒီစာလုံးသုံးလုံးက ရွှေစေတီရှိတဲ့နေရာကို ညွှန်ပြတဲ့ သိုက်စာပဲ၊ သေသေချာချာ မှတ်သားထားပေါ့"

ဟုပြောဆိုမှာကြားကာ ရှေ့မှာရပ်နေသူနှစ်ယောက်စလုံးမှာ ဝေဝါးလျက် ပျောက်ကွယ်သွားခဲ့လေတော့သည်။

"အ. သု. ခ"

"အ. သု. ခ"

ထိုသို့ တတွတ်တွတ် ရွတ်ဆိုနေသံကို မနီမဝေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေကြသော ဦးဗန်ကောင်းနှင့် နီမောင်တို့ကြားသဖြင့် နှစ်ယောက်စလုံး ထသွားပြီး ကယောင်ကတမ်း ရွတ်ဆိုနေသော မြနှင်းဖြူကို နှိုးလိုက်ကြသည်။

"မြနှင်းဖြူ မြနှင်းဖြူ ဘာတွေ ယောင်နေတာလဲ"

ထိုအခါမှ မြနှင်းဖြူက ပြန်နိုးလာပြီး အိပ်မက်မက်ခဲ့သော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒါကြောင့် မေ့သွားမှာစိုးလို့ ရွတ်နေတာပါ"

"ဘယ်လိုစာလဲ"

"စကားလုံး သုံးလုံးပဲ၊ အ. သု. ခ တဲ့"

ဦးဗန်ကောင်းက ထိုစာလုံးသုံးလုံးကို မေ့ပျောက်မသွားစေရန် ရေးမှတ်ထားလိုက်လေသည်။

အနားမှာရှိနေသော နီမောင်ကလည်း စိတ်ဝင်စားသဖြင့် ဝင်မေးလိုက်သည်။

"အ. သု. ခ ဆိုတဲ့အဓိပ္ပါယ်က ဘယ်လိုဖြစ်မလဲ ကပ္ပိယကြီး"

"မင်းလည်း ပါဠိစာပေနဲ့ ဝေးလှတာမှမဟုတ်တာ စဉ်းစားကြည့်ပါလား"

နီမောင်က သိသောပါဠိစကားများကို စဉ်းစားပြီး အဓိပ္ပါယ် ပြန်လိုက်သည်။

"အ. ဆိုတာကတော့ မကောင်းတဲ့နေရာမှာ သုံးလေ့ရှိတယ်၊ မင်္ဂလာကို ရှေ့က အ'တပ်လိုက်လို့ အမင်္ဂလာဖြစ်သွားရင် မကောင်းတော့ဘူး"





"ဆက်ပါဦး"

"သုခကတော့ ချမ်းသာခြင်းပဲ၊ အသုခဆိုတဲ့ အဓိပ္ပါယ်ပေါင်းရင် မကောင်းတဲ့ ချမ်းသာခြင်းလို့များ အဓိပ္ပါယ်ထွက်မလား မသိဘူး"

ထိုစကားကြောင့် ဦးဗန်ကောင်းက တစ်ချက်ပြုံးလိုက်သည်။

"သုကို သုဘလို့ ယူရင်ကောင်းတယ်၊ အထည့်လိုက်လို့ အသုဘဖြစ်သွားရင်တော့ မကောင်းဘူးပေါ့၊ ဒီလိုပဲ သုခဆိုတာ ချမ်းသာခြင်းပဲ၊ အထည့်လို့ အသုခဖြစ်ရင်တော့ ချမ်းသာခြင်း ဖြစ်နိုင်တာပေါ့၊ ဒါပေမယ့် မြနှင်းဖြူကို ရေးပြသွားတာက သုံးလုံးပေါင်းပြီး ရေးပြသွားတာမှ မဟုတ်တာ"

"အ. သု. ခ ဆိုပြီး တစ်လုံးခွဲခြားပြီး ရေးပြသွားတာ"

ဟု မြနှင်းဖြူက ဝင်ပြောလိုက်သည်။

ဦးဗန်ကောင်းက ခေါင်းညိတ်ပြပြီး ရှင်းပြလေသည်။

"စာလုံးတွေ အက္ခရာတွေရဲ့သဘောက တစ်လုံးတည်းမှာ အဓိပ္ပါယ်တစ်မျိုး ရှိသလို နှစ်လုံးသုံးလုံး တွဲလိုက်တော့မှ အဓိပ္ပါယ်တစ်မျိုး ပြောင်းသွားတာတွေလည်း အများကြီးရှိတယ်၊ တစ်လုံးတည်းမှာရှိတဲ့ အက္ခရာတွေက ပါဠိနဲ့ သက်ဆိုင်တာတွေ များတယ်"

"ဟုတ်ကဲ့"

"ဒီ စာလုံးသုံးလုံးက တစ်လုံးချင်းစီ အဓိပ္ပါယ်ကောက်ပြီးမှ ပေါင်းစပ်ယူရမယ့် သဘောရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုနေစဉ်မှာ အရုဏ်တက်ချိန်ရောက်လာပြီဖြစ်သောကြောင့် ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ပေါ်ထွက်လာသဖြင့် ဦးဇန်ကောင်းက နားစွင့်လိုက်သည်။

"အင်း . . လျှို့ဝှက်စာရဲ့အဖြေ' ရှာနေတဲ့အချိန်မှာ အရှေ့ဘက်အရပ်က သဒ္ဒါရုံဆိုတဲ့ ကောင်းသောအသံကို ကြားရတယ်၊ တနင်္ဂနွေနေ့ရဲ့ သုတဆိုတဲ့အချိန်မှာ ကောင်းသောအသံကို ကြားရခြင်းဟာ မင်္ဂလာရှိတယ်၊ အလုပ်ကိစ္စပြီးမြောက်အောင်မြင်နိုင်မယ်လို့ အယူတော်မင်္ဂလာနည်းအရ ပြောလို့ရတယ်"

"မှန်ပါတယ်"

ဦးဇန်ကောင်းထံမှ အယူတော်မင်္ဂလာ နည်းပညာများကို သင်ကြားနေသော နီမောင်ကပါ ထောက်ခံပြောဆိုလိုက်လေသည်။

"ကိုင်း . . ဒီတော့ နေ့တစ်နေ့ရဲ့ ကောင်းမြတ်တဲ့အချိန်အခါမှာ ငါတို့လိုချင်တဲ့ အဖြေရှာကြည့်ရအောင်"

ဟုပြောပြီး ဦးဇန်ကောင်းက 'အ. သု. ခ'ဆိုသော စာလုံးသုံးလုံးကို ကျောက်သင်ပုန်းပေါ်တွင် တစ်လုံးစီ နေရာခွဲကာ ရေးချလိုက်သည်။

"အ အက္ခရာရဲ့ အဓိပ္ပါယ်က ပါဠိလို အမ္ဗရုက္ခမူလို့ အဓိပ္ပါယ် ကောက်ယူနိုင်တော့ မြန်မာလိုပြန်ရင် သရက်ပင်လို့ အဓိပ္ပါယ်တစ်ခုရတယ်"





"အကို တခြားအဓိပ္ပါယ် **ကောက်ယူရင်ကော ရနိုင်**သေးတယ် မဟုတ်လား"

နီမောင်က မေးလိုက်သည်။

"ရနိုင်တာပေါ့၊ တခြားအဓိပ္ပါယ်တွေလည်း အများကြီး ကောက်ယူလို့ရသေးတယ်၊ ဒါပေမယ့် ဒီအချိန်အခါက တနင်္ဂနွေအခါဆိုတော့ ဂြိုဟ်သင်္ချာ(၆)ရတဲ့ အဓိပ္ပါယ်ကိုပဲ ကောက်သင့်တယ်၊ သက(၆)ရတယ်၊ ရက်က(၄)ရတယ်၊ ပင်က(၅)ရတယ်၊ အားလုံးပေါင်းတော့ (၁၅)ရတယ်၊ (၁၅)ကို ထပ်ပေါင်းရင် (၁)နဲ့ (၅)ဆိုတော့ (၆)ပဲ ရမှာပေါ့၊ ဒါကြောင့် 'သရက်ပင်'ကို ကောက်ယူတာပဲ"

ဟု ရှင်းပြသည်။

"သဘောပေါက်ပါပြီ"

"သုဆိုတာ ပါဠိလို 'သုဝဏ္ဏကုမ္ဘ'လို့ အဓိပ္ပါယ်ကောက်လို့ရတယ်၊ မြန်မာပြန်ရင် ရွှေအိုး၊ ရွှေရုပ်လို့ အဓိပ္ပါယ်ရတယ်"

"ဟုတ်ကဲ့"

"ခ အက္ခရာက ခဏတိ'လို့ ပြန်ရင်ရတယ်၊ အဓိပ္ပါယ်ကတော့ 'တူးဖော်ခြင်း'လို့ အဓိပ္ပါယ်ရတယ်၊ ဒီတော့ . . . အ. သု. ခ ဆိုတဲ့ စာလုံးသုံးလုံးကို အဓိပ္ပါယ်ပြန်လိုက်ရင် သရက်ပင်နားမှာ ရွှေအိုးရွှေရုပ်ကို တူးပါဆိုတဲ့ အဓိပ္ပါယ်ရလေတော့ ငါတို့လိုချင်တဲ့ ရွှေစေတီဟာ သရက်ပင်တစ်ပင်နားမှာ တူးဖော်ရင် တွေ့နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာစရာစကားမျိုး ပြောသည်။

"ဒါထက် သရက်ပင်တွေ အများကြီး တွေ့နေရင်ကော ဘယ်လိုရှာမလဲ"

"မဗ္ဗရာဇိကဘုရားနဲ့ သက်ဆိုင်တဲ့ ပစ္စည်း ဖြစ်နေလေတော့ ဘုရားနဲ့ အနီးဆုံးမှာရှိတဲ့ သရက်ပင်ရှိတဲ့နေရာမှာ အရင်ဆုံး ရှာရမှာပေါ့"

"ဒါဖြင့် အခု သွားရှာကြမလား"

နီမောင်က စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

"စိတ်မလောပါနဲ့၊ အခု သွားတူးလို့ မရသေးဘူး။ အချိန်လိုသေးတယ်၊ ဒီကနေ့က တနင်္ဂနွေဖြစ်တော့ သူရှူ အခါဖြစ်တဲ့ မနက်(၆)နာရီကနေ (၇)နာရီခွဲအတွင်းမှာ ရှာမှ ရမယ်၊ တို့ရှာရမယ့်နေရာက ဘုရားရဲ့အရှေ့ဘက် ဒါမှမဟုတ် အနောက်မြောက်ထောင့်ဘက်မှာပဲ"

ထိုသို့ ပြောနေစဉ်မှာ မနက်လင်းစ အချိန်သို့ ရောက်လာလေသည်။ ကျောင်းမှာရှိသော တိုင်ကပ်နာရီကြီးကို ကြည့်တော့ နံနက်ငါးနာရီကျော်စ ဖြစ်နေချေပြီ။

ထိုအချိန်တွင် ကပ္ပိယတစ်ယောက်က လာခေါ်ပြီး အရုဏ်ဆွမ်း ဘုန်းပေးရာမှ ပိုလျှံသော ထမင်းဟင်း အစားအသောက်တို့ကို စားသောက်ကြရသဖြင့် အတော်ပင် ဝမ်းပြည့်သွားကြလေသည်။

စားသောက်ပြီးနောက် ဘုန်းတော်ကြီးကို အကျိုးအ





ကြောင်း လျှောက်ထားကာ မဗ္ဗရာဇိက စေတီတော်ရှိရာသို့ သွားကြလေသည်။ ကျောင်းမှ ဓားတစ်လက်နှင့် တူရွင်းတစ်ချောင်းပါ တစ်ပါတည်း ယူသွားကြသည်။

နံနက်စောစောအချိန်တွင် မိုးနှင်းများ ကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှုံဝါးနေဆဲပင် ရှိသေးသည်။

ဦးဇန်ကောင်းကတော့ ထိုသို့လျှောက်သွားရင်းနှင့် မေတ္တသုတ် ပရိတ်တော်နှင့် မေတ္တာပို့သခြင်းများကို ပြုလုပ်သွားလေသည်။

မဗ္ဗရာဇိက စေတီရောက်တော့ လူသူရှင်းလင်းနေလေသည်။ သို့ကြောင့် ဦးဇန်ကောင်း ပြောထားသလို အရှေ့ထောင်နှင့် အနောက်မြောက်ထောင့်တို့တွင် သရက်ပင်ရှိမရှိ အရင်လိုက်ကြည့်ကြသည်။

သရက်ပင်မတွေ့ရပဲ ထနောင်းပင်နှင့် မန်ကျည်းပင် အချို့ကို တွေ့ရသည်။ အတော်ဝေးသော နေရာမှာတော့ ထန်းပင်အချို့ ရှိကြသည်။

မူလရှာသောနေရာတို့တွင် သရက်ပင်မတွေ့ရသဖြင့် အခြားနေရာများပါ လိုက်လံရှာဖွေကြသည်။

စေတီတော်ပရဝုဏ်အတွင်းမှာတော့ သရက်ပင်နှင့် တူသောသစ်ပင် မတွေ့ရပေ။

"ဒီနေရာမှာတော့ သရက်ပင် မတွေ့ဘူး"

တစ်မနက်လုံး စေတီတော် ပရိဝုဏ်အတွင်းမှာ နေရာမလပ် လိုက်လံရှာဖွေကြသော်လည်း တစ်ပင်တစ်လေ



www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့ရသောကြောင့် တနလ်ာထောင့်မှာရှိသော သစ်ငုတ်ကြီး နားတွင်ထိုင်ပြီး နားကြလေသည်။

နီမောင်က ကိုင်ထားသော ဓားနှင့် တူရွင်းကို သစ်ငုတ်ကြီးတွင် ထောင်ထားရာ တူရွင်းက လဲကျသွားသဖြင့် ပြန်ကောက်ယူ၍ ထောင်ထားလိုက်သည်။

ထိုသို့ထောင်သော်လည်း တူရွင်းကတစ်ကြိမ် မက လဲကျနေသဖြင့် သစ်မြစ်များရှိသောနေရာသို့ အားဖြင့် စိုက်ချလိုက်ရာ အမြစ်ကိုထိသဖြင့် သစ်စေးနံ့များ ထွက်လာသည်။

"ဟင် သရက်စေးနံ့ပါလား"

ကြည့်လိုက်တော့ တူရွင်းနှင့် ထိသဖြင့် သစ်မြစ်မှ သစ်စေးများ ထွက်နေသည်ကို တွေ့ရလေသည်။

ဦးဗန်ကောင်းက သစ်စေးများကို လက်ဖြင့်တို့ယူပြီး နမ်းကြည့်လိုက်သည်။

"တစ်မနက်လုံး သရက်ပင် လိုက်ရှာလိုက်ရတာ မောနေတာပဲ. .၊ တွေ့မယ့်တွေ့တော့ ထိုင်နေတဲ့အောက် ရောက်နေပါရောလား"

"ဘယ်မှာလဲဟင်"

"ဒီမှာလေ၊ ဒါ သရက်ပင်ကြီးပေါ့။ အပင်က မရှိတော့ပေမယ့် အမြစ်တွေက ကျန်နေသေးတာကိုး၊ ဒီသစ်စေးနံ့တို့ ယူနမ်းကြည့်ကြည့်ပါလား"

ဟု ပြောသဖြင့် နီမောင်နှင့် မြနှင်းဖြူတို့က အဖြူ





ရောင်သစ်စေးများကို ယူ၍ နမ်းကြည့်ရာ သရက်စေးနံ့များ ရကြလေသည်။

"ဒါကြောင့် ရှေးက ထားခဲ့တဲ့ ပညာရပ်တွေက ဘယ်တော့မှ မမှားနိုင်ပါဘူးလို့ ထင်နေတာ၊ နောက်ပြီး ဘဝဆက် ပဋ္ဌာန်းဆက်ရှိတဲ့ လူတွေကလည်း မဟုတ်တာကိုတော့ လမ်းညွှန်မပေးဘူးလို့ စိတ်ထဲက ထင်မိပါတယ်၊ အခုတော့ မှန်နေပြီပေါ့"

ဟု ကျေနပ်စွာ ရေရွတ်လိုက်လေသည်။

ထို့နောက် တူရွင်းကို ပြန်ကောက်ယူပြီး ဖင်ခြေဆွေးနေပြီဖြစ်သော သရက်ပင်ကြီး ခြေရင်းကို လိုက်လံတူးဖော်ကာ ရှာဖွေကြသည်။ ထိုနေရာမှာရှိသော မြေနီများက ပွသဖြင့် တူးရတာ မခဲယဉ်းလှပေ။

အတန်ကြာတော့ မာကျောသော အရာတစ်ခုကို တူရွင်းဖြင့် ထိုးမိသဖြင့် ဂရုတစိုက် တူးဖော်ကြည့်ရာ စဥ့်သားဖြင့် ပြုလုပ်ထားသော ညောင်ရေအိုး တစ်လုံးကို တွေ့ရသဖြင့် ဖော်ယူလိုက်သည်။

အပေါ်ရောက်လာပြီး ပိတ်ထားသော စဥ့်ဖုံးကို ဖယ်လိုက်သောအခါ အတွင်း၌ ရွှေရောင်များ ဝင်းလက်နေသော ရွှေစေတီကို ဖူးတွေ့ရလေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com






# ဝါဠုကာပုလွေနှင့် ရန်သတ္တရှစ်တေးသံ

ရွှေစေတီနှင့် ငွေစေတီမှာ ရွှေရောင်နှင့်ငွေရောင် ကွာခြားသည်မှလွဲပြီး အရွယ်တူ ဆိုဒ်တူ မုံသဏ္ဍာန်ချင်းက လည်း အတူတူပင်ဖြစ်သည်။

နီမောင်တို့ ရွှေစေတီရလာပြီး စစ်ကိုင်းသို့ပြန်ရောက် သောအခါ ဦးဇန်ကောင်းက ပြောသည်။

"နီမောင် ရွှေစေတီနဲ့ ငွေစေတီလည်း ပြည့်စုံသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ စုဆောင်းထားတဲ့ ရွှေငွေတွေလည်း အတော်ကလေး များနေပြီ၊ ဒီတော့ သက်ဆိုင်သူတွေကို အသိပေးပြီးတော့ ဘုရားတည်ဖို့ လုပ်ငန်းစဖို့ အချိန်တော်ပြီထင်တယ်"

"ကပ္ပိယကြီး ကောင်းမယ်ထင်သလိုသာ စီစဉ်ပါ၊ ဒါထက် သက်ဆိုင်တဲ့ သူတွေဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"ဘုရားနဲ့ သက်ဆိုင်တဲ့သူတွေ အားလုံးပေါ့ကွာ၊ ဆွမ်းဦးပုညရှင်သိုက်က မောင်နှမသုံးယောက်ကိုတော့ အမိကထားပြီး အသိပေးရမှာပေါ့၊ ဒီဘုရားရဲ့ဒါယိကာတွေက သူတို့တတွေပဲ"

နီမောင်ကတော့ ခေါင်းညိတ်ပြရုံသာ ပြုလေသည်။

"ဘုရားတည်တော့မယ်ဆိုတော့ အနှောက်အယှက်တွေ အန္တရာယ်က စိတ်ချရအောင် ရွှေစေတီကို ကျောင်းမှာပဲထားမယ်၊ မင်းဆီမှာရှိတဲ့ ငွေစေတီကိုလည်း ဒီမှာပဲ တစ်ပါတည်း လာပို့ထားပေတော့"

ဟု ပြောသဖြင့် နီမောင်လည်း ၎င်းအိမ်မှာရှိသော ငွေစေတီကို ရွှေ့ပြောင်းထားလေသည်။

ရွှေစေတီနှင့် ငွေစေတီကို မဟာဗောဓိကျောင်း ဘုရားခန်းမှာ ထားကြပြီး နီမောင်နှင့် ဦးဖန်ကောင်းတို့က အလှည့်ကျ စောင့်ပေးကြရလေသည်။

နေ့ဘက်အချိန်များမှာတော့ သူတို့ စောင့်ပေးစရာ မလိုလှပေ။ ငွေစေတီကို ဖူးဘူးသူများက ကျောင်းတွင် ရွှေစေတီပါ ရောက်နေပြီး သတင်းကြားကြသဖြင့် ရပ်ဝေးရပ်နီးမှ





တကူးတက လာရောက်ဖူးကြသဖြင့် ဧည့်ပရိသတ် ပြတ်လှသည်မရှိပေ။

တစ်နေ့သ၌ နီမောင်တစ်ယောက်တည်း ကျောင်းပေါ်မှာရှိနေစဉ် ဧည့်သည်တစ်စု ရောက်လာကြသည်။ စုစုပေါင်း ငါးယောက်ဖြစ်သည်။

ရှေ့မှခေါင်းဆောင်လာသော လူကြီးကိုမြင်တော့ နီမောင်က ကောင်းစွာမှတ်မိလေသည်။

ငွေစေတီကို သူ့အိမ်မှာထားစဉ်က တစ်ကြိမ်ရောက်လာပြီး ဘုရားဖူးကြသူများပင် ဖြစ်၏။

"ကျုပ်တို့ကို မှတ်မိရဲ့လား မောင်ရင်လေး"

"မှတ်မိပါတယ်၊ ကျွန်တော့်အိမ်ကို တစ်ခေါက်ရောက်လာပြီး ဘုရားဖူးကြသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အခုလည်းကျောင်းမှာ ရွှေစေတီလေးပါ ထပ်ရောက်နေတယ် သတင်းကြားလို့ တကူးတက လာပြီး ဘုရားဖူးကြတာပါ"

"ဟုတ်ကဲ့ . . ဟိုဘုရားခန်းမှာ ပင့်ထားပါတယ်၊ ရှေ့ဘက်နားအထိဝင်ပြီး ကြည်ညိုနိုင်ကြပါတယ်"

နီမောင်က ခွင့်ပေးသဖြင့် ဘုရားဖူးများက ဘုရားစင်နား ရောက်သည်အထိ တိုးသွားကြပြီး ဘုရားဖူးကြသည်။ ၎င်းတို့ ဘုရားကန်တော့နေကြစဉ် ကျက်သရေခန်းထဲမှာ ရှိနေသော ဆရာတော်ကြီး ထွက်လာပြီး မနီးမဝေးမှာ စင်္ကြံ လျှောက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ထွက်လာသည်ကို မြင်တော့မှ လူငါးယောက်လည်း ကပျာကယာ ဘုရားကန်တော့ပြီး ကျောင်းပေါ်မှ ပြန်ဆင်းသွားကြတော့သည်။ ၎င်းတို့ ဆင်းသွားတော့မှ ဆရာတော်ကြီးလည်း အခန်းတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ညဘက်အချိန်ရောက်တော့ နီဇမောင်နှင့် ဦးဗန်ကောင်းတို့ ကျောင်းပေါ်မှာရှိနေစဉ် ညဥ့်နက်ပိုင်း အချိန်ရောက်တော့ ဦးထွန်းအောင် မြကလျာနှင့် မြနန္ဒာတို့ မောင်နှမသုံးယောက် ရောက်လာကြသည်။

နီဇမောင်တို့ကို မြင်သောအခါ မိတ်ရင်းဆွေရင်းများကဲ့သို့ ပြုံးပြပြီး မနီးမဝေးမှာ ဝင်ထိုင်ကြလေသည်။

"ဓမ္မရာဇိကဘုရားကို ရောက်ခဲ့ပြီးပါပြီ၊ ဓမ္မပါလစစ်သူကြီးနဲ့လည်း တွေ့ခဲ့ရပါတယ်၊ အလိုရှိတဲ့ ရွှေစေတီလည်း ရခဲ့ပြီးပါပြီ"

ဦးဗန်ကောင်းက ပြောပြပြီး ရွှေစေတီရှိသော နေရာသို့ လက်ညှိုးထိုးပြသဖြင့် မောင်နှမသုံးယောက်တို့က ထိုနေရာမှာပင်ထိုင်ကာ ကန်တော့ကြသည်။

ပြီးမှ ဦးထွန်းအောင်က ပြောသည်။

"ရွှေစေတီနဲ့ ငွေစေတီ စုံပြီဆိုရင်တော့ ရဋ္ဌပါလ ကုန်းထိပ်မှာ စေတီတည်လို့ ရပါပြီ၊ မိတ်ဆွေကြီးကို တစ်ခါတည်း မှာခဲ့ပါရစေ၊ ဘုရားတည်ရင် ဓမ္မရာဇိက ဘုရားပုံသဏ္ဌာန်အတိုင်း တည်ပေးပါ"





ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ"

"မိတ်ဆွေကြီးတို့ စုဆောင်းထားတဲ့ ငွေနဲ့ အရင်တည်ပါ၊ လိုတဲ့ငွေ လိုတဲ့ငွေမှန်သမျှ ကျုပ်တို့ ပေးပါ့မယ်"

"ဘုရားတည်တဲ့အခါ လိုအပ်တာနဲ့ အမှားအယွင်းရှိရင်လည်း သတိပေးပါ"

"ကောင်းပါပြီ၊ သတိပေးပါ့မယ်၊ ဒါထက် မိတ်ဆွေကြီးတို့ကို တစ်ခါတည်း သတိပေးခဲ့ပါရစေ"

"ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ရွှေစေတီနဲ့ ငွေစေတီကို ဌာပနာထည့်လို့ မပြီးမချင်း အနှောက်အယှက် အပျက်အစီးတွေ ရှိနေပါတယ်"

"ကျုပ်တို့လည်း ရိပ်မိတန်သလောက်တော့ ရိပ်မိပါတယ်"

"ဒီတော့ အနှောက်အယှက်တွေ အန္တရာယ်တွေနဲ့ တွေ့ရင် အကာအကွယ်ရစေမယ့် ပစ္စည်းပေးထားခဲ့ပါ့မယ်"

ဟု ပြောပြီး ဦးထွန်းအောင်က ဆေးနက်လုံး(၉)လုံးနှင့် ဝါးဖြင့်ပြုလုပ်ထားသော ပလွေတစ်ချောင်းကို ရှေ့သို့ ချပေးလေသည်။

"ဒီဆေးလုံး ကိုးလုံးက ဂမုန်းနက်နဲ့ စီရင်ထားတဲ့ ဆေးလုံးတွေပါ၊ အဆိပ်ရှိတဲ့ သတ္တဝါတွေနဲ့ မကောင်းဆိုးဝါးတွေကို နိုင်ပါတယ်"



www.burmeseclassic.com

"ဒီ ဝါးပလွေကရော"

"ဒါက ဝါ့ချကပလွေလို့ ခေါ်ပါတယ်၊ အကြောင်းရှိလို့ မှုတ်ရင် ရန်သတ္တုရှသံစဉ်ထွက်ပြီး အန္တရာယ်တွေကို ဖယ်ရှား ပေးနိုင်ပါတယ်"

"ကောင်းပါပြီ"

ဟုပြောကာ ဦးဗန်ကောင်းက ဆေးနက်လုံးကိုးလုံး နှင့် ဝါးပလွေကို ကောက်ယူလိုက်လေသည်။

ထို့နောက် ဦးထွန်းအောင်တို့ မောင်နှမသုံးယောက် လည်း ကျောင်းပေါ်မှ ပြန်ဆင်းသွားလေတော့သည်။

နောက်ရက်များမှာတော့ မဟာဗောဓိကျောင်းဆရာ တော်ကြီးအား လျှောက်ထားပြီး ဘုရားတည်ရန် အစီအစဉ် များကို စတင်ဆောင်ရွက်ကြလေတော့သည်။

ဆရာတော်ကြီးကတော့ ဘုရားတည်သော ကိစ္စ များကို ဝါတွင်းကာလ ဝါတော်စဉ် ဘုရားပွဲများ ပြီးသောအ ခါ ဝါကျွတ်ကာလရောက်မှ စတင်ဆောင်ရွက်ရန် အမိန့်ရှိ လေသည်။

ဝါကျွတ်ကာလ ရောက်ရန်လည်း မဝေးလှတော့သ ဖြင့် ကြားကာလတွင် အခြားကိစ္စများကို ကြိုတင်ဆောင်ရွက် ကြလေသည်။ ထိုအချိန်ကာလတွင် နီမောင်မှာ မြင်းလှည်း မထွက်တော့ပဲ ကျောင်းမှာပင်နေကာ ဘုရားတည်ရန်ကိစ္စကို သာ ဆောင်ရွက်လေသည်။

မြနှင်းဖြူကတော့ နေ့လည်ဘက်တွင် လာရောက်ပြီး





ကူညီလုပ်ကိုင်ပေးလေသည်။

"နင်က အိမ်ထောင်မပြန်တော့ဘူးဆိုတော့ ကျောင်း မှာပဲ နေတော့မှာလား"

တစ်နေ့တော့ မြနှင်းဖြူကမေးသည်။

"ဘုရားကိစ္စပြီးမှပဲ ပြန်တော့မယ်၊ ရွှေစေတီနဲ့ ငွေ စေတီကို လိုချင်တဲ့သူတွေ ရှိနေတယ်၊ ဒါကြောင့် ငါ ပြန်လို့ မဖြစ်ဘူး"

"မသိပါဘူး၊ ကိစ္စပြီးရင်တောင် ဘုန်းကြီးဝတ်ပြီး တခါတည်း ကျောင်းမှာ နေတော့မလားလို့ မေးကြည့်တာပါ"

ဟု စကားနာထိုးသည်။ နီမောင်ကလည်း ဘာကြောင့် ပြောသည်ကို သဘောပေါက်သဖြင့် ပြုံးနေလေသည်။

"ငါလည်း နင့်ကိုလာပြီး တွေ့ချင်ပါတယ်၊ မြနှင်းဖြူ ရယ်၊ လူကသာ ကျောင်းမှာရောက်နေရပေမယ့် စိတ်က တော့ နင့်ကို အမြဲသတိရနေတာပါ"

ထိုစကားကြားတော့မှ ကျေနပ်သော အပြုံးရိပ်က လေးများ ပေါ်လာလေသည်။

"နင့်သဘောကို သိပါတယ်၊ ငါက တမင်ပြောတာပါ"

"အခုတလော ငါ့စိတ်ထဲမှာ ဝမ်းသာစရာ နှစ်ခုရှိနေ တယ် မြနှင်းဖြူရဲ့"

"ဘာတွေလဲ"

"တစ်ခုက ဘုရားတည်ရတဲ့ ကိစ္စလေ၊ ငါတို့ဘာစ် သက်မှာ ဘယ်လိုမှ မမျှော်လင့်နိုင်တဲ့ ကိစ္စတစ်ခုကို လုပ်ခွင့်ရ

www.burmeseclassic.com



တော့မှာမို့လေ"

"နောက်တစ်ခုကရော"

"မကြာခင် ဝါကျွတ်တော့မယ်လေ၊ ဝါကျွတ်ရင် လူကြီးတွေကို ခွင့်တောင်းပြီး နင်နဲ့ လက်ထပ်ရတော့မယ်"

"ဘယ်သူက လပ်ထပ်မယ် ပြောသေးလို့လဲ"

မြနှင်းဖြူစကားကြောင့် နီမောင်က ဘယ်လိုစကားဆက်ရမှန်း မသိတော့သဖြင့် တွေသွားလေသည်။

"အခု ရွာထဲက လူတွေက ငါ့ကို တစ်မျိုး ထင်နေကြတယ်"

မြနှင်းဖြူက ဆက်ပြောသည်။

"ဘယ်လိုထင်နေတာလဲ"

"ပုဂံကို နင်နဲ့ နှစ်ညသုံးညကြာအောင် လိုက်သွားတော့ သူတို့က ခိုးရာလိုက်သွားပြီ ထင်နေကြတာ၊ အခု အိမ်ပြန်ရောက်နေတော့ အမျိုးမျိုး ထင်ကြေးပေးပြီး ပြောဆိုနေကြတယ်"

"ဒါကလည်း ကိုယ်မဟုတ်ရင် ပြီးတာပါပဲ မြနှင်းဖြူရယ်"

"အဲဒါကတော့ ငါ ရှင်းလို့ မရဘူး၊ နင်ရှင်းမှပဲ ရတော့မယ်"

"ဘယ်လိုရှင်းရမှာလဲဟင်"

"စောစောက နင်ပြောတဲ့နည်းနဲ့ပဲ ဖြေရှင်းမှ ဖြစ်တော့မှာပေါ့"



BURMESE CLASSIC



ထိုစကားကြားတော့မှ နီမောင်မှာ သတိပြင်းချုနိုင်ပြီး များစွာ ဝမ်းသာသွားလေတော့သည်။

"စိတ်ချ စိတ်ချ၊ ငါကလည်း အဲဒီကိစ္စကို အမြန်ဆုံးဖြေရှင်းပေးချင်နေတာ၊ ဝါကျွတ်လို့ ဘုရားတည်တဲ့ကိစ္စပြီးရင် ဖြေရှင်းပေးပါ့မယ်"

ဟု ရယ်ရယ်မောမောဖြင့် ပြောလိုက်ရာ မြနှင်းဖြူကလည်း ပြုံးနေလေသည်။ နီမောင်အတွက်ကတော့ ပျော်ရွှင်စရာ အကောင်းဆုံးအချိန်ကို ရောက်နေသည်ဟု ဆိုရပေမည်။ သို့သော် သူ၏ပျော်ရွှင်မှုက ကြာကြာမခံခဲ့ပေ၊

တစ်နေ့တော့ နေ့လည်ပိုင်း အချိန်တွင် ကျောင်းသားတစ်ယောက်က စာတစ်စောင် လာပေးသဖြင့် ဖွင့်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

*"မြနှင်းဖြူ ငါတို့လက်ထဲ ရောက်နေပြီ၊ သူ့အသက်ကို မသေစေချင်ရင် ဒီည ရွှေစေတီနဲ့ ငွေစေတီကို ယူလာပြီး အနောက်ဘက်က ကျောင်းပျက်ကြီးမှာ လာရွေးပါ၊ ဒီည ရောက်မလာရင်တော့ သူ့အလောင်းကိုသာ ပြန်တွေ့ရတော့မယ်မှတ်ပါ. .*

*သတ္တမုခ"*

ဟု ရေးထားလေသည်။

ထိုစာရတော့ နီမောင်က ဦးဗန်ကောင်းကို ပြလိုက်သည်။

"သတ္တမုခဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူယူထားတဲ့ နာမည်က အဆိပ်ပြင်းတဲ့ နဂါးနာမည်တစ်ခုဆိုပေမယ့် လူကတော့ နဂါးဟုတ်ပုံမရဘူး။ ဒါတို့ အကြောင်းတွေ သိနေတဲ့သူတွေ ဖြစ်မှာပေါ့ကွာ၊ ငါ့အထင်ပြောရရင်တော့ တစ်ခါက ငွေစေတီလိုချင်လို့ မင်းတို့အိမ်ကို ဓားပြဝင်တိုက်တဲ့လူတွေများ ဖြစ်နေမလားပဲ"

ဟု ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ မသွားရင်တော့ မြနှင်းဖြူ အသတ်ခံရမှာပဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ၊ သွားကြရမှာပေါ့"

"သွားရင် ရွှေစေတီနဲ့ ငွေစေတီကိုပါ ယူသွားမှာလား"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"မဖြစ်ဘူးထင်တယ်၊ ရွှေစေတီနဲ့ ငွေစေတီ မရှိရင် ဘုရားတည်လို့ ရမှာမဟုတ်တော့ဘူး၊ စီစဉ်ထားတာတွေ ပျက်စီးလိမ့်မယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ ဒါတွေသိလို့ သက်ဆိုင်သူတွေက ကြိုတင်သတိပေးထားခဲ့ကြတာပဲ သွားကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ သူတို့နှစ်ယောက်အပြင် အားကိုးရသော စောထီးနှင့် ငမဲအောင်ကိုပါခေါ်ပြီး လေးယောက် သွားကြလေသည်။

မသွားခင် ဦးဇန်ကောင်းက သူတို့သုံးယောက်ကို ဦး





ချွန်းအောင် ပေးထားခဲ့သော ဆေးနက်လုံးများကို တစ်လုံးစီ ပေးထားသည်။

သူတို့သွားတော့ ရွှေစေတီနှင့် ငွေစေတီကို အဝတ်ဖြူဖြင့် ထုတ်ယူသွားကြသည်။ စာထဲမှာပါသော အနောက်ဘက်မှာရှိသည့် ကျောင်းပျက်ကြီးမှာ မဟာဗောဓိချောင်နှင့် မဝေးလှပေ။ ထိုနေရာမှာ သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသည်သာမကပဲ တောင်ကုန်းတောင်ပို့များ ပေါလှသည်။

ထို့အတူ မြွေဆိုးများပေါလှသောကြောင့် နေ့အခါဝင် မသွားမလာဝံ့သော နေရာမျိုး ဖြစ်သည်။

သစ်ပင်များ အုပ်ဆိုင်းနေသော နေရာမှာတော့ ရှေးဟောင်းကျောင်းပျက်ကြီး ရှိသည်။

ထိုကျောင်းပျက်ကြီးပေါ်မှာ ဓားလှံလက်နက်များပါသည့် လူငါးယောက် ရှိကြသည့်အပြင် ကြိုးဖြင့် တုပ်နှောင်ထားသော မြနှင်းဖြူလည်း ရှိနေသည်။

ပန်းရောင်ပြန်လာသော မြနှင်းဖြူကို ဖမ်းမိပြီး ထိုနေရာသို့ ခေါ်လာကြခြင်း ဖြစ်၏။

ငါးယောက်စလုံး မျက်နှာပေါ်မှာ အဝတ်နက်များ စည်းထားသောကြောင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်ပေ။

"ဆရာကြီးကို အားကိုးပြီးသာ လိုက်လုပ်နေရတယ်။ စိတ်ထဲကတော့ ခပ်လန့်လန့်ပဲ"

"မင်းက ဘာကိုလန့်နေတာလဲ"

"တစ်ခါ သူတို့အိမ်သွားပြီး ဓားပြတိုက်တုန်းက ဖိုးသူ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးနဲ့တွေ့ပြီး ပြေးခဲ့ရတာ အခုထိမမေ့သေးဘူး၊ ဖိုးသူ တော်ကြီးရဲ့ ကြေးစည်သံကို အခုထိ နားထဲမှာ ကြားနေတုန်း ပဲ"

ဟု အချင်းချင်း ပြောဆိုနေကြစဉ် ကျောင်းပျက်ကြီးရှိ ရာသို့ လူသုံးယောက် ရောက်လာကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ဖြစ် သည်။ ဦးဇန်ကောင်းကတော့ မပါလာပေ။

"ငါတို့ ရောက်လာပြီဟေ့"

ကျောင်းအောက်ရောက်တော့ အသံပြုလိုက်သည်။

"ငါတို့မှာတာ ပါလာသလား"

"ပါလာတယ်"

"ပါလာရင် ကျောင်းပေါ်တက်လာခဲ့၊ ရုတ်ရုတ်သဲသဲ လုပ်ရင် ကောင်မလေးကို သတ်ပစ်မယ်"

ဟု ပြောသဖြင့် သုံးယောက်သား လှေခါးမှ ကျောင်း ပေါ်တက်သွားကြလေသည်။ လှေခါးများမှာ နှစ်ကာလ ကြာ မြင့်ပြီ ဖြစ်သောကြောင့် တလှုပ်လှုပ်ဖြစ်ကာ အသံမျိုးစုံ ထွက် နေလေတော့သည်။

ကျောင်းပေါ်မှာ မီးရောင်မရှိပေ။

သို့သော် အပြင်ဘက်မှ ဝင်နေသော အလင်းရောင် အချို့ကြောင့် ဝိုးတဝါး မြင်တွေ့ရသည်။

ကျောင်းပေါ်မှာတော့ အမှောင်ရိပ်ထဲမှာ ရပ်နေကြ သည့် လူငါးယောက်ကို တွေ့ရသည်။ မားလှံလက်နက်များ





ကိုယ်စီကိုင်ထားကြသည်။

မနီးမဝေးမှာတော့ ကြိုးနှင့်တုပ်ကာ ထိုင်ခိုင်းထား သော မြနှင်းဖြူက ရှိနေသည်။

"ငါတို့လိုချင်တဲ့ ရွှေစေတီနဲ့ ငွေစေတီ ပါလာပြီလား"

"ပါလာတယ်"

"ပါလာရင် ဟိုရှေ့က ခုံပေါ်မှာတင်ပြီး အဝတ်ဖြေပြ"

ဟု ပြောသဖြင့် နီမောင်က ယူလာသော အထုပ်ကို ခုံပေါ်တင်ကာ အဝတ်စကို ဖြေသည်။

ထိုသို့ဖြေနေစဉ် ထူးခြားသော အသံတစ်သံ ပေါ် ထွက်လာလေသည်။

"ရှီ. . ရှီ. . ရှီ"

ပုလွေသံပင်ဖြစ်သည်။ ထိုအသံကြောင့်. . လူငါး ယောက်မှာ လန့်သွားကြဟန်ရှိသည်။

"ကျောင်းအောက်က ဘာသံလဲ သွားကြည့်စမ်း"

ဟု ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးသဖြင့် တစ် ယောက်က ပြတင်းပေါက်မှ ငုံ့ကြည့်သည်။

"လူကြီးတစ်ယောက် ပုလွေမှုတ်နေတာ ဆရာကြီး"

ထိုသို့ ပြောနေစဉ်မှာ ပုလွေသံကလည်း အဆက်မ ပြတ် ထွက်ပေါ်နေလေသည်။ ခေါင်းဆောင်ဖြစ်သူကိုယ်တိုင် သွားကြည့်တော့ အေးအေးဆေးဆေး ပုလွေမှုတ်နေသော ဦးဇန်ကောင်းကို တွေ့ရလေသည်။

"မဟာဗောဓိကျောင်းက ကပ္ပိယကြီးပါသား၊ အချိန်



www.burmeseclassic.com

www.burmeseclassic.com



မတော် ပုလွေမှုတ်နေတယ်၊ မြွေထွက်လာပြီး သေတော့မှာပဲ”

ဟု ရေရွတ်ပြောဆိုလိုက်လေသည်။

သူ နိမိတ်ဖတ်သည့်အတိုင်းပင် မကြာခင် နေရာအနှံ့မှ မြွေများ ထွက်လာကြလေတော့သည်။

အကောင်အရွယ်အစား အမျိုးမျိုးသော မြွေတို့သည် သစ်ချုံများ၊ တွင်းပေါက်များထဲမှ ထွက်လာကြသည်။

သစ်ပင်များပေါ်မှ ဆင်းလာကာ ကျောင်းပျက်ကြီး ရှိရာသို့ ဦးတည်လာကြလေသည်။ ကျောင်းပျက်ကြီး၏ နံရံကြို နံရံကြား ချောင်းကြိုချောင်းကြားမှ ထွက်လာကာ လူများ ရှိသောနေရာသို့ လာကြသည်။

“ဆရာကြီး ဟိုမှာ မြွေတွေလာနေပြီ အများကြီးပဲ”

ထိုစကားကြားသဖြင့် ကြည့်လိုက်တော့ ကျောင်းပေါ်တွင် အနှံ့အပြားမြွေများ ရောက်နေကြလေပြီ။

လူဆိုးများက အနားရောက်လာသော မြွေများကို ဓားဖြင့် လှံဖြင့် ထိုးခုတ်ဖယ်ရှားနေကြရသည်။

နီမောင်ကတော့ ရွှေစေတီနှင့် ငွေစေတီကို စားပွဲပေါ် တင်ထားခဲ့ပြီး မြနှင်းဖြူရှိရာသို့ သွားကာ ကြိုးဖြေပေးလိုက်သည်။

“ရော့ ဒီဆေးနက်လုံး ဆောင်ထား”

ဟု ပြောကာ ဆေးနက်လုံးတစ်လုံး ပေးထားလိုက်လေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ထံမှာ





လည်း ဆေးနက်လုံးတစ်လုံးစီ ရှိနေသည်။ ဂမုန်းနက်ဆေး ဆောင်ထားသောသူများရှိရာကိုတော့ မြွေများကမလာကြပေ။ အနားရောက်လာလျှင်တောင် ကွင်းရှောင်သွားကြသည်။ ကျောင်းအောက်မှာထိုင်ပြီး မှုတ်နေသော ပုလွေသံကလည်း မရပ်သေးပေ။

နေရာအနှံ့မှ ထွက်လာသော မြွေများကလည်း ကျောင်းပေါ်မှာ ပိုမိုများပြားလာသည်။ ဓားလှံတို့ဖြင့် ထိုးခုတ်ထားသောကြောင့် အပိုင်းပိုင်းပြတ်နေသော မြွေအပိုင်းအပြတ်တို့ကလည်း နေရာအနှံ့အပြား၌ ပြန့်ကျဲနေကြသည်။

ခေါင်းဆောင်လုပ်သူက ရွှေစေတီနှင့် ငွေစေတီ နှစ်ဆူကိုယူပြီး ကျောင်းပေါ်မှ ဆင်းပြေးရန် ကြံစည်ပြီး စားပွဲခုံရှိရာသို့ သွားရန်ကြိုးစားသည်။

သို့သော် မြွေများရှိနေသောကြောင့် အခွင့်မသာပေ။

ထိုအခိုက်မှာပင် ကျောင်းပျက်ကြီး၏ အခန်းတစ်ခန်းတွင် ပိတ်ထားသော တံခါးတစ်ချပ်မှာ ဂုန်းခနဲ ပွင့်ထွက်သွားလေတော့သည်။

ကြည့်လိုက်တော့ ထန်းပင်လုံးလောက် အရွယ်ပမာဏကြီးသော မြွေကြီးတစ်ကောင် ထွက်လာလေသည်။

ထိုမြွေကြီး ထွက်လာသောကြောင့် ကျောင်းကြီးမှာ သိမ့်သိမ့်တုန်နေပြီး ကြမ်းပြင်များမှာ အသံမြည်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးရောက်လာတော့ လူဆိုးများမှာ ကြောက်လန့်တကြားနှင့် ထွက်ပြေးရန် ကြိုးစားကြသည်။

ထိုသို့ပြေးတော့ အခြားမြွေများဖြင့်တွေ့ပြီး အကိုက်ခံရသဖြင့် ကျောင်းအောက်ကိုပင် မရောက်ကြပဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားကြသည်။

ခေါင်းဆောင်လုပ်သူကိုလည်း နောက်မှရောက်လာသော မြွေကြီးက ကိုက်ချီကာ အရှင်လတ်လတ် မြိုချနေလေတော့သည်။

ကျောင်းပေါ်တွင် လူဆိုးများ သေဆုံးသွားသောအခါ ကျောင်းအောက်မှ ပုလွေသံလည်း ရပ်တံ့သွားလေတော့သည်။ ပုလွေသံ ရပ်သွားသည်နှင့် မြွေများလည်း မူလနေရာများသို့ ပြန်သွားကြလေသည်။


ဝါဠုကပုလွေဖြင့်သာမှုတ်၍ရသော ရန်သတ္တုရုတေးသံကတော့ ပြီးဆုံးသွားလေပြီ။

ကျောင်းပေါ်မှာတော့ သေဆုံးနေသော လူဆိုးများနှင့် မြွေအပိုင်းအပြတ်များသာ ကျန်ခဲ့တော့သည်။

ထို့နောက်မှာတော့ နီမောင်တို့လည်း ရွှေစေတီနှင့် ငွေစေတီကို ပြန်ပင့်ယူကာ ကျောင်းပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။








# ရွှေစေတီ ငွေစေတီ

စစ်ကိုင်းတောင်ရိုးပေါ်တွင် ဝါတော်စဉ် ဘုရားပွဲတော်များ ပြီးဆုံးသွားသော ဝါကျွတ်အချိန်ကာလ ရောက်သောအခါမှာတော့ ရဋ္ဌပါလကုန်းပေါ်တွင် စေတီတစ်ဆူ တည်ရန် ပြင်ဆင်ကြလေသည်။

ထိုအခါမှာတော့ ကျောက်ဖားရွာ မိုးမရွာတို့သာမက အခြားအနီးပတ်ဝန်းကျင်ရွာများက ရွာသူကြီးများ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများ လာရောက်ကြပြီး ဝိုင်းဝန်းအကူအညီပေးကြရလေသည်။

ထိုမြေကွက်ကြီးအား ဝယ်ယူပေးသော ဂျပန်အမျိုးသမီး ချယ်ရီလည်း မြန်မာပြည်သို့ တစ်ခေါက်ပြန်လာကာ လိုအပ်သောကိစ္စများကို ကူညီဆောင်ရွက်ပေးလေသည်။

စေတီတော်အတွက် ပန္နက်ချသော ကိစ္စများကိုတော့ မဟာဗောဓိဆရာတော်ကြီးက မြှုလုပ်ရသည်များကို ပြောပြပြီး ကပ္ပိယကြီး ဦးဗန်ကောင်းကပင် တာဝန်ယူဆောင်ရွက်လေသည်။

ပန္နက်ချသောအခါမှာတော့ ဆရာတော်ကြီးများက လာရောက်ချပေးကြသည်။

ပန္နက်ကြိုးများ ဆွဲသောအခါမှာတော့ ရွာလူကြီးများက ပြုလုပ်ဆောင်ရွက်ကြသည်။ ပန္နက်ပုံသဏ္ဌာန်ကတော့ ရွှေစည်းခုံပုံသဏ္ဌာန် (ဓမ္မရာဇိကစေတီတော်ပုံသဏ္ဌာန်အတိုင်း)အတိုင်း ပန္နက်ကြိုးများ ဆွဲထားစဉ်မှာ သီလရှင်ကြီးဒေါ်ခေမာကျောင်းတွင်နေသော ခွေးနက်ကြီးက လာရောက်ပြီး ကိုက်ဖြတ်သွားသောကြောင့် နောက်တစ်ကြိမ် ပြန်ဆွဲကြရလေသည်။

သို့ဖြင့် နောက်တစ်ကြိမ် ပြန်ဆွဲကြရပြန်သည်။

လူများက နေ့ဘက် ပန္နက်ကြိုးဆွဲပြီး သွားပါက ညအချိန်ရောက်သည်နှင့် ခွေးနက်ကြီးက လာရောက်ကိုက်ဖြတ်သွားသောကြောင့် ပျက်ကြရပြန်လေသည်။





ဤသို့ဖြင့် တော်တော်နှင့်အလုပ်မစနိုင်ပဲ ရှိနေရာ ဦးဗန်ကောင်းက မဟာဗောဓိကျောင်း ဆရာတော်ကြီးကို လျှောက်ထားသောအခါ ဆရာတော်ကြီးကိုယ်တိုင် ကြွလာပြီး ကြည့်သောအခါမှ မှားယွင်းနေသည်ကို တွေ့ကြရလေသည်။

သို့ကြောင့် ကျွမ်းကျင်သူတို့ကိုခေါ်ကာ ပန္နက်ကြိုးများ ပြန်တိုင်းသောအခါ ရိုက်ထားသော ပန္နက်မှာ မှားယွင်းနေကြောင်း တွေ့ရသောကြောင့် အသစ်တစ်ဖန် ပြန်ရိုက်တော့မှ မှန်သွားလေသည်။

ထိုအခါ ခွေးနက်ကြီးလည်း ပန္နက်ကြိုးများကို လာရောက်မကိုက်တော့ပေ။

(ထိုခွေးနက်ကြီး ဘုရားတည်သောအခါ ထိုအနီးမှာပင် လာရောက်နေထိုင်ပြီး အခြားမသွားတော့ပေ။ လူတို့ကျွေးသော အသားငါးမပါသော ထမင်းဟင်းများကိုသာ စားသောက်လေသည်။ အခြားခွေးများနှင့် ရောရောနှောနှောမနေသလို လူများအနီး၌လည်းမနေပဲ သစ်ပင်ကြီး တစ်ပင်အောက်၌သာ တစ်ကောင်တည်း နေလေ့ရှိသည်။

ဘုရားပြီးသောအခါမှာပင်. . သေဆုံးသွားသောကြောင့် သင့်တော်သောနေရာ၌ မြေမြှုပ်လိုက်ကြသည်။)

ပန္နက်ကိစ္စများပြီး၍ မြေတူးသော ကြေးသေတ္တာတစ်လုံး တွေ့သောကြောင့် ဌာပနာထည့်ထားသောပစ္စည်းများထင်သဖြင့် မဟာဗောဓိကျောင်း ဆရာတော်ကြီးကို သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်အပ်နှံကြရာ ဖွင့်ကြည့်သောအခါ ရှေးနှစ်ပေါင်းများစွာက ဆရာတော်ကြီးတစ်ပါး စီရင်ရေးသားထားခဲ့သော အစီအရင်ကျမ်းများကို တွေ့ရသည်။

စုစုပေါင်း သုံးကျမ်းဖြစ်ပြီး ကြေးပုရပိုက်များပေါ်တွင် ရေးသားထားခဲ့သဖြင့် နှစ်ပေါင်းများစွာ ကြာသည့်တိုင် မပျက်မစီးပဲ တည်ရှိနေခြင်း ဖြစ်သည်။

မဟာဗောဓိကျောင်း ဆရာတော်ကြီးက ဝိပဿနာတရားကို အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်သဖြင့် အစီအရင်ကျမ်းသုံးကျမ်းအား ကပ္ပိယကြီး ဦးဗန်ကောင်းအား ပေးလိုက်သဖြင့် များစွာဝမ်းမြောက်သွားလေသည်။

စေတီတော်တည်သောအခါ ပစ္စယံကို သုံးဆင့်တင်သည်။ အထက်ပိုင်း ပစ္စယံပေါ်မှာ ရှစ်ထောင့်၊ ရှစ်ထောင့်အထက်ကို ကြေးပိုင်း ကြေးခွေ၊ ကြေးပိုင်းအခွေအထက်မှ ခေါင်းလောင်းနှုတ်ခမ်း၊ အထက်တွင် ဖောင်းရစ်၊ ကြာမှောက်၊ ကြာမှောက်မှာရွှဲ၊ ရွှဲအထက်တွင် ကြာလံ၊ အထက်တွင် ချရားသီး၊ (ငှက်ပျောဖူး)ကြေးစလောင်း၊ ထီးတော်၊ တံခွန်တိုင်၊ စိန်ဖူးတော် စသည်တို့ကို ဓမ္မရာဇိက စေတီတော်နှင့် တစ်ပုံစံတည်း ဖြစ်အောင် တည်ကြသည်။

ဘုရားတည်ပြီးတော့ ရွှေစေတီ၊ ငွေစေတီ နှစ်ဆူအမြင် မြေတူးမြေရှင်းစဉ်ကရသော ရွှေ၊ ငွေ ကျောက်မျက်ရတနာတို့ကိုပါ ဌာပနာထည့်ကြလေသည်။

စေတီတော်ပြီးတော့ 'ဓမ္မရာဇိက စေတီတော်'ဟုပင်





မှူလဘွဲ့တော်ကို ပြန်ပေးကြသည်။

စေတီတော်၏ အလှူရှင်စာရင်းကို ကျောက်ပြားချပ်ပေါ်၌ ရေးထိုးသောအခါ. . .

"စစ်ကိုင်းတောင် တောင်ပိုင် ဘိုးဘိုးကြီးနှင့်တကွ၊ ဓမ္မပါလ စစ်သူကြီး၊ ဆွမ်းဦးပုညရှင် သိုက်နန်းမှ ဦးထွန်းအောင်၊ မြကလျာ၊ မြနန္ဒာ၊ မြသန္တာတို့မောင်နှမတစ်စုနှင့် ဘဝဆက်ရှိသူ ဆွေတော်မျိုးတော်များ ကောင်းမှုတော်. . ."

ဟု ရေးထိုးစိုက်ထူကြသည်။

ထီးတော်တင်ပွဲတွင် ဂျပန်သူ ချယ်ရီပါ ရောက်ရှိလာသည်။

သူမ မပြန်မီ ထိုမြို့ကြီးအတွင်းမှာ သီလရှင်များအတွက် ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ကာ လှူဒါန်းသွားခဲ့သည်။

ဘုရားတည်ပြီးသောအခါ ဘုရားအလှူရှင်များတပြောသဖြင့် ဘုရားအနီးတွင် လှည်းယာဉ်တစ်စင်းပါ မြှုပ်လုပ်ပေးထားရလေသည်။

နောင်တွင် ပုဂံနှင့် စစ်ကိုင်းကို ထိုလှည်းယာဉ်ဖြင့် ကူးသန်းသွားလာကြသည်ဟု သိကြရလေသည်။

ညအချိန် (လပြည့်လကွယ်ညများ)တွင် လှည်းသံမြည်ကြားသဖြင့် ထကြည့်သောအခါ ပုဂံဘက်သို့သွားသော လှည်းယာဉ်တစ်စင်းကို မြင်တွေ့ရသူများ ရှိကြသည်။

နေက်ထပ် လအနည်းငယ် ကြာသောအခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် မြနှင်းဖြူတို့လည်း လက်ထပ်လိုက်ကြသည်။

လက်ထပ်ပြီးနောက် နှစ်ယောက်စလုံး မြင်းလှည်းမောင်းခြင်း၊ ပန်းရောင်းခြင်းများ မလုပ်ကြတော့ပဲ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ပြီး စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်ကြရာ များစွာအဆင်ပြေ တိုးတက်ကြလေသည်။

ယခုရေးသားသော ဇာတ်လမ်းမှာ ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ပါသည်။ စစ်ကိုင်းဘက်ရောက်စဉ်က ရရှိခဲ့သော ဇာတ်လမ်းဖြစ်သော်လည်း အမည်နာမများနှင့် အချို့အကြောင်းအရာတို့ကို ပြောင်းလဲဖြည့်စွက်ကာ ရေးသားခဲ့ခြင်းဖြစ်ကြောင်းလည်း အစီရင်ခံ တင်ပြရပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရွှေစေတီ၊ ငွေစေတီ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာပေါတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ (၂၃)ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လည်(၂)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com